

# တစ်မနက်ဥပုသ်သီတင်းစောင့်သူ၏

# ကောင်းကျိုးချမ်းသာများ

မဟာသဒ္ဓမ္မဇောတိကာဓဇ

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

ဒုတိယအကြိမ်

# တစ်မနက်ဥပုသ်သီတင်း
# စောင့်သူ၏
# ကောင်းကျိုးချမ်းသာများ


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ

(ဓမ္မာစရိယ ဘီ-အေ)



ဖြန့်ချိရေး ➢

ဆွေသဟာ
စာပေ

အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်

ဖုန်း-၆၉၀၃၂၄

စာမူခွင့်ပြုချက်အမှတ် * ၄၅၅/ ၂၀၀၄ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် * ၅၂၀/ ၂၀၀၄ (၉)

ဒုတိယအကြိမ် * ၂၀၀၄-ခုနှစ် အောက်တိုဘာလ

အုပ်ရေ * ၁၀၀၀

အဖုံးဒီဇိုင်း * Conqueror အောင်လွင်

ကွန်ပျူတာစာစီ * "ဆွေသဟာ" ကွန်ပျူတာ (ဖုန်း-၆၉၀၃၂၄)

**ထုတ်ဝေသူ**

ဦးခင်မောင်ဦး (ယာယီ-၆၇၃)

၄၇၃ (က) နီလာ(၆)လမ်း၊ (ဂ)ရပ်ကွက်

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

**အဖုံးနှင့်အတွင်းစာပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း (မြဲ-၀၆၃၆၄)

အင်ကြင်းမြိုင် ပုံနှိပ်တိုက်

အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**တန်ဖိုး - ၃၀၀ိ/-**

# အမှာစာ

• • • • • • • • •

စာရေးသူသည် ပညာရေးတက္ကသိုလ် မော်ကွန်းထိန်း ဦးစောကြိုင်၏ မေတ္တာရပ်ခံချက်အရ ပညာရေးတက္ကသိုလ်၌ ပရိတ်ရွတ်ဖတ်နည်းသင်တန်းသို့သွားရောက်ပို့ချပေးရပါသည်၊ ပရိတ်သင်တန်းပို့ချရင်း စာရေးသူသည် ရသလောက် သော အချိန်ကလေးတွင် ဘာသာရေးဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ဗုဒ္ဓ ဘာသာယဉ်ကျေးမှုလာ မြန်မာ့ဓလေ့ထုံးစံများကို ဟောပြော ပို့ချပေးခဲ့ပါသည်။

သို့သော်စာရေးသူသည် နယ်စပ်ဒေသဗုဒ္ဓဘာသာ လူသာသနာပြုသင်တန်းများသို့ သွားရောက်သင်တန်းပို့ချပေး နေရသဖြင့် ပညာရေးတက္ကသိုလ်တွင် သတ်မှတ်သောအချိန်

ပြည့်သင်တန်း ပို့ချမပေးခဲ့ရပါ။သို့အတွက် စာရေးသူသည် ပညာ့ရေးတက္ကသိုလ်၌ ဟောပြောပို့ချချက်များနှင့် ဆွေးနွေးချက်များကို အပြည့်အစုံမပို့ချခဲ့ရ၊ မဆွေးနွေးခဲ့ရပါ။

ထိုအထဲတွင် စာရေးသူထံသို့ ပညာရေးတက္ကသိုလ်မှ ဆရာတစ်ဦးနှင့်ဆရာမနှစ်ဦးတို့ တစ်နေ့မမျှော်လင့်ဘဲရောက်လာပြီး ပရိတ်သင်တန်းသို့စာရေးသူလာရောက်သင်တန်းမပို့ချရသည့်အကြောင်းကိုမေးကြသည်။

"ကျွန်မတို့က ဆရာကြီးကိုမျှော်တာက အကြောင်းရှိလို့ပါဆရာ၊ ကျွန်မတို့က ဆရာကြီးထံကို မေးခွန်းနှစ်ခုသုံးခုလောက် တင်ပြချင်လို့ပါ၊ အဲဒီပြဿနာအဖြေကို ဆရာကြီးထံမှ ရနိုင်လိမ့်မယ်လို့ မျှော်လင့်လို့ပါ"
ဟု ပြောပါသည်။

သူတို့ တင်ပြလာသော ပြဿနာမေးခွန်းများမှာ-

- သာမန်ရက်သီလဆောက်တည်တာနှင့်ဥပုသ်ရက်သီလဆောက်တည်သောအကျိုးကျေးဇူးကွာခြားမှုရှိ-မရှိ။
- ဥပုသ်နေ့မှသာ ဥပုသ်စောင့်ကောင်းသလား။
- ရှစ်ပါးသီလနှင့်ဆယ်ပါးသီလမှာ နစ္စဂီတနှင့်မာလဂန္ဓ၊

ဝိလေပနသိက္ခာပုဒ်နှုစ်ခုတွဲခြင်း၊ခွဲခြင်းဟာ ဘယ်လိုထူးပါသလဲ။

- ဆယ်ပါးသီလ လူတွေစောင့်ကောင်းပါသလား။
- ဥစ္စာသယန၊ မဟာသယနမြင့်မြတ်သောနေရာဆိုတာ ဘယ်လိုနေရာမျိုးလဲ။
- ရွှေငွေဝတ်ပြီး ဆယ်ပါးသီလယူကောင်းပါသလား။
- ဥပုသ်သီလတွင် တစ်ပါးပျက်က အကုန်ပျက်ပါသလား။

စသော မေးခွန်းများနှင့်ပတ်သက်၍ စာရေးသူလည်း အကုန်လုံးသေချာစွာမသိပေ၊မလေ့လာရသေး၍ သိသမျှ၊ တတ် သမျှသာဖြေဆိုလိုက်ရပါသည်၊လေ့လာပြီးမှ ဆရာ၊ ဆရာမ တို့ကို နောက်ထပ်ပရိတ်သင်တန်းပြန်ဖွင့်တော့ အဖြေ ပေးပါမည် ဟု အဖြေပေးခဲ့ရသည်။

ဆရာ၊ ဆရာမတို့ပြန်သွားပြီးနောက် စာရေးသူထံတွင် သီလနှင့်ပတ်သက်၍လည်းကောင်း၊ ဥပုသ်သီလနှင့်ပတ်သက် ၍လည်းကောင်း၊ ပြဿနာကြီးသည် ဦးနှောက်ထဲတွင် အရိပ် သဖွယ်စွဲကပ်ပါလာပါသည်။သို့အတွက် စာရေးသူသည်ထို

ပြဿနာ၏အဖြေကို အချိန်ရသရွေ့ လေ့လာရပါသည်၊ မှတ်သားရပါသည်။

စာရေးသူလေ့လာမှတ်သားပြီးသော်လည်း ပညာရေးတက္ကသိုလ်၏ ပရိတ်သင်တန်းကမဖွင့်ဖြစ်ပါတော့၊ စာရေးသူလည်းအဖြေပေးခွင့်မရတော့၊ လာရောက်မေးကြသော ဆရာ၊ ဆရာမတို့လည်း ပညာရေးတက္ကသိုလ်သင်တန်းပြီး၍ ပြန်သွားကြမည်ဖြစ်သည်။

စာရေးသူစိတ်ထဲတွင် ထိုဆရာနှင့်ဆရာမတို့ကို အထူးကျေးဇူးတင်မိသည်၊သူတို့မေးသောမေးခွန်းပြဿနာ များသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့တွေ့ကြုံနေရသော ပြဿနာဖြစ်သည်၊ထိုပြဿနာနှင့်ပတ်သက်၍ မည်သူမျှ ရဟန်းသံဃာ၊ ဆရာတော်များကိုမလျှောက်ဝံ့ကြ၊မိရိုးဖလာဗုဒ္ဓဘာသာအရ သီလယူဆိုယူလိုက်ကြသည်၊ ဥပုသ်စောင့်ဆိုစောင့်လိုက်ကြသည်၊ ဥပုသ်သီလနှင့်ပတ်သက်၍ မဆွေးနွေးမမေးကြ၊ခေတ်ပညာ တတ်တို့က ဝေဖန်ဆွေးနွေးလိုကြသည်၊ ဓမ္မန္တရာယ်ဖြစ်မှာစိုး၍ မမေးဝံ့ကြ၊ ကာလာမသုတ်တွင်ဘုရားရှင်က မရှင်းတာကို မေးသင့်တာမေး၊စိစစ်သင့်တာကို စိစစ်ပြီး

မှယုံကြည်ရမည်ဟု ဟောပြောထားလမ်းညွှန်ထားခဲ့သော်လည်း ပုဂ္ဂိုလ်အတော်တော်များသည် ထိုသို့မေးရာမှာ ဆွေးနွေးရမှာကို ဝန်လေးနေတတ်ကြပါသည်။

ယခု ဆရာနှင့်ဆရာမတို့သည် လူပုဂ္ဂိုလ်ဆရာတစ်ဦးဖြစ်၍သာ လာရောက်ဆွေးနွေးကြဟန်တူပါသည်၊ သူတို့လာရောက်ဆွေးနွေး၍ စာရေးသူကကျေးဇူးတင်ရပါသည်၊ သူတို့လာရောက်ဆွေးနွေး၍သာ စာရေးသူသည် ဥပုသ်သီလပြဿနာကို လေ့လာမိသည်၊ စာဖတ်မိသည်။

ဤသို့လေ့လာမိ၊ ဖတ်မိသဖြင့် မိမိကိုယ်တိုင်လည်းသိရ၊ သူတစ်ပါးအတွက်လည်း သိစေလိုသော မေတ္တာ၊ စေတနာအရ ရေးသားပြုစုသော ဤ"တစ်မနက်ဥပုသ်သီတင်းစောင့်သူ၏ကောင်းကျိုးချမ်းသာများ" ဟူသောဓမ္မဒေသနာစာအုပ်တစ်အုပ်လည်းရသဖြင့် လာရောက်ဆွေးနွေးကြသော ပညာရေးတက္ကသိုလ်မှ ဆရာ၊ဆရာမတို့ကို အထူးကျေးဇူးတင်မိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ပညာရေးတက္ကသိုလ် ပရိတ်သင်တန်းဖွင့်လှစ်သူ ပညာရေးတက္ကသိုလ်မှ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီအေ)

မော်ကွန်းထိန်းဆရာ ဦးစောကြိုင်နှင့် ဆရာ၊ဆရာမများ၊ ပရိတ်သင်တန်းသူ ဆရာ၊ဆရာမများ၊ ဤစာအုပ်ဖြစ်မြောက်မှု၏အဓိကလာရောက်ဆွေးနွေးကြသော ဆရာနှင့်ဆရာမများ၊ ကွန်ပျူတာစာစီပေးသော မခင်သူဇာနှင့် စာကြမ်းမူကို စိတ်ရှည်လက်ရှည်ကူးယူပေးသော မစန္ဒာမြင့်တို့အား အထူးကျေးဇူးတင်ရှိပါသည်။


ဦးကိုကိုမြိုင် — မဟာသဒ္ဓမ္မဇောတိကဓဇ
အမှတ်(၅၅)၊ စ/ရပ်ကွက် — တက္ကသိုလ်သျှင်သီရိ
သုနန္ဒာ(၃)လမ်း — (ဓမ္မာစရိယ ဘီ-အေ)
မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၆၉၀၃၂၄

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | ---------------------------- |

## အခန်း(၁)

| | | |
|---|---|---|
| ၂။ | ဥပုသ်ဟူသည် | |
| | - ဥပုသ်စောင့်ပုံ | ၁ |
| | - ဥပုသ်စောင့်ပုံအစီအစဉ် | ၂ |
| | - ဥပုသ်အမျိုးမျိုး | ၄ |
| | - သီလဥပုသ် | ၈ |
| | - ပါဋိဟာရိယ ဥပုသ် | ၁၄ |
| | - အကျိုးကြီးမားသောဥပုသ် | ၁၆ |

## အခန်း(၂)

| | | |
|---|---|---|
| ၃။ | ဥပုသ်သီလများ | |
| | - ရှစ်ပါးသီလ | ၂၉ |
| | - ဗြဟ္မစရိယပဉ္စကသီလ | ၄၁ |
| | (ကောမာရ ဗြဟ္မစရိယသီလ) | |

- အာဇီဝဋ္ဌမကသီလ ၉၄
- ဥပုသ်သီလညစ်နွမ်းခြင်း ၁၀၅
- သီလ၏အဆင့်ဆင့်လောကုတ္တရာ ၁၁၁
အကျိုးများ
- ဥပုသ်စောင့်ထိန်းသူမိန်းမတို့၏ ၁၁၂
ဆုတောင်း

## အခန်း(၃)

၄။ သီလနှင့်ပတ်သက်၍မှတ်သားဖွယ်ရာ
ဘုရားဟောသုတ်များ
- သီလပျက်စီးသူ၏အပြစ်နှင့် ၁၁၅
သီလရှိသူအကျိုး
- ငရဲကျရေးနှင့် နတ်ပြည်ရောက်ရေး ၁၂၁
- ကိုယ်ချင်းစာတရားတော် ၁၂၉

## အခန်း(၄)

၅။ ဥပုသ်သီလ၏ကောင်းကျိုးချမ်းသာ
ခံစားရသူများ

- ဥပုသ်စောင့်ခြင်း၏အကျိုးများ ၁၄၀
- ဥပုသ်တစ်ကြိမ်စောင့်သူ၏ ၁၅၁
ကောင်းကျိုးချမ်းသာ
- ဥပုသ်သီလဆောက်တည်သူလေးဦး ၁၅၅
- ဥပုသ်စောင့်သီတင်းသည်များ ၁၆၂
- ငွေတစ်ထောင်နှင့်စောင့်သော ၁၆၈
တစ်ရက်ဥပုသ်၏ကောင်းကျိုးချမ်းသာ
- နေ့ဝက်ဥပုသ်သီလ၏ကောင်းကျိုး ၁၇၃
ချမ်းသာခံစားရသော ဥဒယကုမာရမင်းသား
- အသက်စွန့်၍ဥပုသ်ဆောက်တည် ၁၇၅
သောနဂါးမင်း
- အနာထပိဏ်သားကာလသူဌေးသား၏ ၁၈၀
တစ်ရက်တာဥပုသ်အကျိုး

# အခန်း(၁)

# ဥပုသ်ဟူသည်

## ဥပုသ်စောင့်ပုံ

ဥပုသ်ဟူသောစကားသည် ဥပေါသထဟူသော ပါဠိစကားကို မြန်မာမှုပြုထားခြင်းဖြစ်ပါသည်၊ ဥပ=အကျင့်ကောင်းနှင့်ပြည့်စုံ၍ ဝသထ=နေထိုင်ခြင်း ဟူ၍ အဓိပ္ပာယ်ရပါသည်။

အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောဥပုသ်သီလကို ခံယူဆောက်တည်၍ ဘုရားဂုဏ်တော်စသော ဂုဏ်တော်များကိုပွားလျက် အကုသိုလ်စိတ်များမဖြစ်စေဘဲ စိတ်စင်ကြယ်အောင် စောင့်စည်းနေထိုင်မှုကို ဥပုသ်စောင့်သည်ဟု ခေါ်သည်။

## ဥပုသ်စောင့်ပုံအစီအစဉ်

(၁) နက်ဖြန်ဥပုသ်စောင့်မည်ဟု ကြံစည်သောပုဂ္ဂိုလ်သည် ဥပုသ်စောင့်ခိုက်၌ အိမ်မှုကိစ္စများကို ဆောင်ရွက်ရန် မသင့်လျော်သောကြောင့် အဖိတ်နေ့ကပင် အိမ်မှုကိစ္စများကို ပြီးစီးအောင်စီမံဆောင်ရွက်ထားရမည်။

(၂) ချက်ပြုတ်ကျွေးမွေးမည့်သူ အဆင်သင့်ရှိလျှင် နက်ဖြန်စားသောက်မှုအတွက် ပြောပြစီမံထားရမည်၊ ချက်ပြုတ်ကျွေးမွေးမည့်သူမရှိလျှင်နက်ဖြန် ကိစ္စနည်းအောင် စားဖွယ်သောက်ဖွယ်များကိုပြီးစီးအောင် စီစဉ်ထားရမည်။

(၃) ဥပုသ်နေ့နံနက် အာရုဏ်တက်ချိန်ကပင် ကိုယ်လက်များကိုသန့်စင်ကာ စင်ကြယ်အောင်ပြု၍ စိတ်ကြည်လင်ရုံမျှ သန့်ရှင်းသောအဝတ်ကို ဝတ်ရမည်။

(၄) ပန်းပန်မှု၊ နံ့သာလိမ်းမှုတို့ဖြင့် အထူးတလည်ပြင်ဆင်မှုကို မပြုရပေ၊ ထို့နောက် ခပ်စောစောကပင် သီလဆောက်တည်ရမည်၊သီလဆောက်တည်ပြီးလျှင် ကျွေးမွေးလှူဒါန်းဖွယ်ရှိပါက ထိုကိစ္စကိုပြုလုပ်၍ မရှိပါက မိမိအတွက်သင့်တင့်ရုံသာစီမံ၍ စားသောက်ရမည်။

(၅) ကျွေးမွေးစားသောက်ပြီးလျှင် ကိုယ်လက်မစင်ကြယ်က ရေချိုး၍ ထို့နောက်မိမိတစ်ကိုယ်တည်း နေသင့်သူဖြစ်လျှင် တစ်ကိုယ်တည်းနေ၍ အဖော်နှင့်နေသင့်သူဖြစ်က သဘောတူအဖော်နှင့်အတူတကွ သင့်လျော်သော၊ ဆိတ်ငြိမ်သောအရပ်၌ ဘုရားဂုဏ်တော်ကို အာရုံပြု၍နေရမည်။

(၆) ကြာရှည်စွာ ဆင်ခြင်၍မနေနိုင်လျှင်တရားစာ ကိုလည်း ကြည့်ရှုရွတ်ဖတ်နေရမည်၊နည်းလမ်းကျကျ ဟောပြောမည့်ပုဂ္ဂိုလ်ရှိလျှင် တရားနာရမည်၊အချင်းချင်းလည်း တရားစကားဆွေးနွေးမေးမြန်းစုံစမ်းရမည်။

(၇) ညအချိန်ရောက်သောအခါ မိမိ၏သီလကိုပြန်၍ ဆင်ခြင်ပြီးလျှင် အရိယာသူတော်ကောင်း ရဟန္တာ အပေါင်းတို့နှင့် ယနေ့အတွက်တူမျှပုံကို အောက်မေ့ရမည်။

(၈) နံနက်အရုဏ်တက်ချိန် မိမိရည်မှန်းထားသော အချိန်စေ့သောအခါ အလိုအလျောက် ရှစ်ပါးသီလမရှိတော့ဘဲ ငါးပါးသီလသာကျန်တော့သည်၊ ဥပုသ်ထွက်ပြီးဖြစ်တော့မည်။

## ဥပုသ်အမျိုးမျိုး

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသောအခါ ဝိသာခါအား ဥပုသ် (၃)မျိုးကို ဟောတော်မူ၏၊ ယင်းဥပုသ် (၃)မျိုးမှာ-

- ဂေါပါလဥပုသ်
- နိဂဏ္ဌဥပုသ်
- အရိယာဥပုသ်

ဟူ၍ (၃) မျိုးဖြစ်သည်။

## ဥပုသ်စောင့်ခြင်းအကျိုး

ကျနစွာစောင့်သုံးအပ်သော ဥပုသ်၏အကျိုးမှာ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို အစိုးရသောစည်းစိမ် (စကြဝတေးမင်းစည်းစိမ်)ထက် ကြီးကျယ်မြင့်မြတ်သည်၊ ဇမ္ဗူဒိပ်ကျွန်းကို အစိုးရခြင်းမှာ လူ့စည်းစိမ်သာဖြစ်၍ နတ်စည်းစိမ်နှင့်နှိုင်းစာလျှင် အောက်ကျနောက်ကျဖြစ်သည်။ထိုစည်းစိမ်များသည် တစ်ဘဝသာဖြစ်သည်။စောင့်ထိန်းအပ်သောဥပုသ်အကျိုးကား လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ် အကြိမ်ကြိမ်ခံစားရသည်။

ဥပုသ်စောင့်ရာ၌ သိက္ခာပုဒ်ရှစ်ပါးကို မလွန်ကျူးရုံမျှ

ဖြင့် အကျိုးများသင့်သလောက်မများသေး၊ မိမိစိတ်ကို စင်ကြယ်အောင်ထား၍ အားထုတ်နိုင်မှသာလျှင် ပို၍အကျိုးများသည်၊ ဥပမာ-တန်ဆာဆင်လိုသော အမျိုးသမီးသည် ဆံပင်ကို စင်ကြယ်အောင်ခေါင်းလျှော်ရ၏၊ခေါင်းမလျှော်ဘဲ ဖြီးလိမ်းပြင်ဆင်လျှင် အနံ့မကောင်း၊ ထို့အတူ သီလတန်ဆာ ပြင်ဆင်ထားသူသည် မိမိစိတ်ကို လောဘ၊ ဒေါသ၊မာန် မာန၊ ဣဿာ၊ မစ္ဆရိယ စသောကိလေသာအညစ်အကြေးတို့ မှ စင်ကြယ်အောင်ပြု၍ စောင့်နိုင်မှသာ ရသင့်သမျှအကျိုးကို အပြည့်အစုံရနိုင်သည်။

## ဂေါပါလန္တားကျောင်းသားဥပုသ်

နွားကျောင်းသားတို့ကြံစည်ခြင်းကဲ့သို့ အစားအသောက်နှင့်လောကီရေးရာကိုသာကြံစည်၍ စောင့်သုံးသောဥပုသ်ကို နွားကျောင်းသားဥပုသ်ဟု ခေါ်ပါသည်။ ဥပုသ်ကို မကျိုးမပေါက် မပြောက်မကျားအောင် ကျနသေချာစွာမစောင့်သုံးဘဲ "ယနေ့ မည်သည့်နေရာ၌နွားများမြက်စား၍ မည်သည့်နေရာ၌နွားများ ရေသောက်လိမ့်မည်"ဟု နွားကျောင်းသားများကြံစည်သကဲ့သို့ ယနေ့မည်သည့် စားဖွယ်သောက်ဖွယ်ကိုစား၍ နက်ဖြန် မည်သည့်စားဖွယ်သောက်

ဖွယ်ကိုစားမည်"ဟု အစားအသောက်နှင့်လောကီရေးရာကိုသာ ကြံစည်နေသောဥပုသ်သည်၏သီလကို ဂေါပါလဥပုသ် နွားကျောင်းသားဥပုသ်ဟုခေါ်သည်။ယင်းနွားကျောင်းသား ဥပုသ်သည်လည်း လုံးဝအကျိုးမရှိသည်မဟုတ်၊ ထိုက်သင့်သလောက်အကျိုးရှိသည်၊သို့ရာတွင် ကြီးမြတ်သောအကျိုးမရှိ။

## နိဂဏ္ဌတက္ကတွန်းဥပုသ်

တိတ္ထိတက္ကတွန်းတို့ အဆုံးအမအတိုင်းစောင့်သုံးကြသော ဥပုသ်ဖြစ်သည်၊ယင်းဥပုသ်မှာ "ယူဇနာတစ်ရာပြင်ပ၌ တည်သော သတ္တဝါတို့ကို မသတ်အံ့" ဟု ဆောက်တည်သောသီလမျိုးဖြစ်သည်။

## အရိယာဥပုသ်

အရိယာသူတော်ကောင်းတို့ ကျင့်သုံးအပ်သော မြတ်သောဥပုသ်ကိုဆိုလိုသည်၊ယင်းအရိယာဥပုသ်သည်-

(၁) ဗြဟ္မုပေါသထ =ဘုရားဂုဏ်ကို အာရုံပြုနေခြင်း (ဗြဟ္မဥပုသ်)

(၂) ဓမ္မုပေါသထ =တရားဂုဏ်ကို အာရုံပြုနေခြင်း (ဓမ္မဥပုသ်)

(၃) သံဃာနုဿတိ =သံဃာဂုဏ်ကို အာရုံပြုနေခြင်း
(သံဃာ့ဥပုသ်)
(၄) သီလာနုဿတိ =သီလကိုဆင်ခြင်နေခြင်း
(သီလဥပုသ်)
(၅) ဒေဝတာနုဿတိ =နတ်တို့ကိုသက်သေပြု၍နေခြင်း
(နတ်ဥပုသ်)
(၆) အဋ္ဌင်္ဂီကဥပုသ် =ရှစ်ပါးသီလထိန်းခြင်း
(အဋ္ဌင်္ဂီကဥပုသ်)

ဟူ၍ (၆) မျိုးရှိသည်။

## ဗြဟ္မဥပုသ်

ဘုရားရှင်သည် ဗြဟ္မမည်တော်မူ၏၊ရှစ်ပါးသီလကို ယူပြီးလျှင် ထိုဗြဟ္မာမည်သော ဘုရားရှင်၏ဂုဏ်ကို အာရုံပြု နေခြင်းကို "ဗြဟ္မဥပုသ်" ဟုခေါ်၏။

## ဓမ္မဥပုသ်

ဥပုသ်သီလခံယူဆောက်တည်ပြီးလျှင် တရားဂုဏ် တော်ကိုအာရုံပြု၍ လည်းကောင်း၊ တရားဂုဏ်အဖွင့်ကို ကြည့်ရှုရွတ်ဖတ်၍လည်းကောင်း၊နေခြင်းကို "ဓမ္မဥပုသ်"ဟု ခေါ်သည်။

## သံဃာ့ဥပုသ်

ဥပုသ်သီလခံယူဆောက်တည်ပြီးလျှင် သံဃာ့ဂုဏ်တော်ကိုအာရုံပြု၍ လည်းကောင်း၊ သံဃာ့ဂုဏ်အဖွင့်ကို ကြည့်ရှုရွတ်ဖတ်၍လည်းကောင်း၊နေခြင်းကို "သံဃာ့ဥပုသ်"ဟု ခေါ်သည်။

## သီလဥပုသ်

သီလယူပြီးလျှင် မိမိ၏သီလမကျိုး၊ မပေါက်၊ မပြောက်၊ မကျားသောဂုဏ်ကိုအာရုံပြု၍ ဝမ်းမြောက်ဝမ်းသာစွာနေထိုင်ခြင်းကို "သီလဥပုသ်" ဟုခေါ်ပါသည်။

## သီလကျိုးခြင်း

ရှစ်ပါးသောသိက္ခာပုဒ်တို့တွင် အစသိက္ခာပုဒ်သော်လည်းကောင်း၊ အဆုံးသိက္ခာပုဒ်သော်လည်းကောင်း၊ပျက်စီးလျှင် ဥပုသ်သီလကျိုးသည်မည်၏၊ထိုသို့မကျိုးအောင် စောင့်ထိန်းရမည်။

## မပေါက်

အဝတ်၌အလယ်ကပေါက်သကဲ့သို့ သိက္ခာပုဒ်(၈)ပါးတွင် အလယ်ကတစ်ပါးပါးပျက်လျှင် ပေါက်သည်ဟု ခေါ်၏။ ထိုသို့မပေါက်မပျက်ရအောင် စောင့်ထိန်းရမည်။

## ပြောက်

ရှစ်ပါးသောသိက္ခာပုဒ်တို့တွင် အစဉ်အတိုင်းတစ်ဆက်တည်းလည်းမဟုတ်ဘဲ အဒိန္နာဒါနာနှင့်မုသာဝါဒသော်လည်း၊ အဗြဟ္မစရိယနှင့်သုရာမေရယသော်လည်းကောင်း၊နွား၌ ဝါစေ့ပြောက်ကဲ့သို့ နှစ်ခုသုံးခုပြောက်ကြားပြောက်ကြား ပျက်သည်ကိုပြောက်သည်ဟုခေါ်သည်။ယင်းသို့မပျက်အောင်စောင့်ထိန်းရမည်။

## မကျား

ရှစ်ပါးသောသိက္ခာပုဒ်တို့တွင် သိက္ခာပုဒ်နှစ်ခုသုံးခုဆက်၍ ပါဏာတိပါတနှင့် အဒိန္နာဒါနလည်းကောင်း၊အဗြဟ္မစရိယနှင့်မုသာဝါဒလည်းကောင်း၊ဤသို့နှစ်ပါးသုံးပါးဆက်၍ပျက်သည်ကို နွားကျားကဲ့သို့အစင်းအကျားထင်သောဥပုသ်ဟုခေါ်ပါသည်။ထိုသို့ မကျားအောင်စောင့်ထိန်းရမည်။

## နတ်ဥပုသ်

သီလယူပြီးလျှင် နတ်တို့ကိုသက်သေထား၍မိမိသန္တာန်၌ရှိသော သဒ္ဓါသီလ၊ သုတ၊ စာဂ၊ပညာဟီရိ၊ ဩတ္တပ္ပဟူသောသူတော်ကောင်းတရားဂုဏ်ကျေးဇူးကို အောက်မေ့၍စောင့်ရှောက်အပ်သောဥပုသ်ကို "နတ်ဥပုသ်"ဟု ခေါ်သည်။

## နတ်တို့ကိုသက်သေအရာထားပုံ

နတ်ပြည်၊ ဗြဟ္မပြည်၌ရှိသော နတ်ဗြဟ္မာတို့သည် လူ့ပြည်နေစဉ်က သဒ္ဓါသီလစသောသူတော်ကောင်းတရားနှင့် ပြည့်စုံကြသောကြောင့် ဘဝသစ်ကူးသောအခါ နတ်ပြည် ဗြဟ္မာပြည်၌ဖြစ်၍ ချမ်းသာစွာနေရ၏၊ထိုသို့သော သူတော်ကောင်းဥစ္စာများသည် ငါ၌လည်းရှိ၏၊မြတ်စွာဘုရား၏တရားတော်နှင့်အညီ မိဘ၊ဆရာသမားများ၏ အဆုံးအမကြောင့် ဤသို့ သူတော်ကောင်းဖြစ်ရခြင်းသည် နောင်ရေးအတွက် စိတ်ချရ၍လူဖြစ်ကျိုးနပ်ပေစွဟု ဆင်ခြင်နေထိုင်မှုမျိုးဖြစ်၏။ ဤသို့ နတ်တို့ကိုသက်သေထား၍ မိမိ၏သူတော်ကောင်းဖြစ်ပုံကို အာရုံပြု၀မ်းမြောက်နေခြင်းသည် နတ်ဥပုသ်မည်၏။

## အဋ္ဌင်္ဂီကဥပုသ်

ယခုကာလစောင့်ကြရိုး ရှစ်ပါးသီလသည် အဋ္ဌင်္ဂီက ဥပုသ်မည်၏။ဤကဲ့သို့ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ် မိမိ၏သီလနှင့်သူတော်ကောင်းဥစ္စာခုနှစ်ပါးတို့ကို အောက်မေ့ ဆင်ခြင်လျက် ဥပုသ်စောင့်သုံးခြင်းကို အရိယာဥပုသ် ဟု ခေါ်သည်။

ဥပုသ်ရက်ကို ရေတွက်ရာ၌-

- ပကတိဥပုသ်
- ပဋိဇာဂရဥပုသ်
- ပါဋိဟာရိယဥပုသ်

ဟူ၍ သုံးမျိုးရှိပါသည်။

## ပကတိဥပုသ်

လောက၌လူတို့ပြုကျင့်လေ့ အရိုးအစဉ်သို့လိုက်၍ ပကတိအတိုင်း သတ်မှတ်ထားသော ဥပုသ်နေ့များသည် ပကတိဥပုသ်မည်၏။

## ပကတိဥပုသ်နေ့(၄)ရက်

(၁) လဆန်း(၈)ရက် ဥပုသ်နေ့
(၂) လဆန်း(၁၅)ရက် လပြည့်ဥပုသ်နေ့
(၃) လဆုတ်(၈)ရက် ဥပုသ်နေ့
(၄) လဆုတ်(၁၄)ရက်၊ သို့မဟုတ် (၁၅)ရက် လကွယ်ဥပုသ်နေ့

ဟူ၍ တစ်လလျှင် လေးသီတင်း၊လေးဥပုသ်ရှိကြ၏၊ မိမိကိုယ်တိုင် ဥပုသ်မစောင့်နိုင်သည့်တိုင်အောင် ထိုနေ့များကို ဥပုသ်နေ့ဟု အသိအမှတ်ပြုကြသည်။

- ပကတိဥပုသ်
- ပဋိဇာဂရဥပုသ်
- ပါဋိဟာရိယဥပုသ်

ဟူ၍ သုံးမျိုးရှိပါသည်။

## ပကတိဥပုသ်

လောကဌ်လူတို့ပြုကျင့်လေ့ အရိုးအစဥ်သို့လိုက်၍ ပကတိအတိုင်း သတ်မှတ်ထားသော ဥပုသ်နေ့များသည် ပကတိဥပုသ်မည်၏။

## ပကတိဥပုသ်နေ့(၄)ရက်

(၁) လဆန်း(၈)ရက် ဥပုသ်နေ့
(၂) လဆန်း(၁၅)ရက် လပြည့်ဥပုသ်နေ့
(၃) လဆုတ်(၈)ရက် ဥပုသ်နေ့
(၄) လဆုတ်(၁၄)ရက်၊ သို့မဟုတ် (၁၅)ရက် လကွယ်ဥပုသ်နေ့

ဟူ၍ တစ်လလျှင် လေးသီတင်း၊လေးဥပုသ်ရှိကြ၏၊ မိမိကိုယ်တိုင် ဥပုသ်မစောင့်နိုင်သည့်တိုင်အောင် ထိုနေ့များကို ဥပုသ်နေ့ဟု အသိအမှတ်ပြုကြသည်။

(၁) လဆန်း(၅)ရက် ပဉ္စမီဥပုသ်နေ့

(၂) လဆုတ်(၅)ရက် ပဉ္စမီဥပုသ်နေ့

ဤ(၂)ရက်ကိုထည့်၍ တစ်လလျှင် ပကတိဥပုသ်နေ့ (၈)ရက်ရှိကြောင်းဖွင့်ဆိုထားသည်။(အံ၊၄၊ ၂။ ၁၂၂။)

## ပဋိဇာဂရ (အကြိုအပိုဥပုသ်)

ဘုရားရှင်လက်ထက်မှာပင် လူတိုင်းမစောင့်သုံးကြဘဲ သတိတရားကြီးမား၍ ကုသိုလ်တရား၌ နိုးနိုးကြားကြားရှိသော သူများသာ စောင့်ထိန်းသောကြောင့် ပဋိဇာဂရဥပုသ် ဟုခေါ်ပါသည်။ (ပဋိဇာဂရ=နိုးကြားခြင်း)

ယင်းပဋိဇာဂရအကြိုဥပုသ်နေ့များမှာ ပကတိဥပုသ် (၈)ရက်ကိုပမာနထား၍ အကြိုဥပုသ်နှင့်အပိုဥပုသ်များကို ထည့်ပြီးတစ်လတွင် (ရက်စုံလ၌) ဥပုသ်ရက် ၂၀၊ ရက်မစုံလ၌ ပန္နရသီမရှိ၍ ဥပုသ်ရက် (၁၉)ရက်မျှ ရှိလေသည်။

## ဥပုသ်ရက်(၂၀)

(၁) ပကတိဥပုသ် (တွက်ပြပြီး) ၈-ရက်

(၂) ပဉ္စမီ(၅)ရက်နေ့ဥပုသ်အကြို
အပိုလဆန်းလဆုတ်(၄)ရက်နှင့်(၆)ရက် ၄-ရက်

(၃) အဋ္ဌမီ (၈-ရက်နေ့)ဥပုသ်အကြိုအပို

လဆန်းလဆုတ်(၇)ရက်နှင့်(၉)ရက် ၄-ရက်

(၄) စတုဒ္ဒသ(၁၄-ရက်)ဉပုသ်အကြို
လဆန်း လဆုတ်(၁၃)ရက် ၂-ရက်

(၅) ပန္နရသီ(၁၅-ရက်နေ့)ဉပုသ်အပို
လဆုတ်(၁)ရက်နှင့်လဆန်း(၁)ရက် ၂-ရက်

စုစုပေါင်း ၂၀-ရက်

(ရက်မစုံလ၌ ပန္နရသီဉပုသ်မရှိ၍ ၁၉-ဉပုသ်သာရှိသည်)

## ပါဋိဟာရိယဉပုသ် (နိဗဒ္ဓဉပုသ်)

ရခဲလှသော လူ့ဘဝကိုရကြပြီး ကြုံကြိုက်ခဲလှသည့် သာသနာတော်ကြီးနှင့်ကြုံကြိုက်ခိုက် သီလပါရမီဖြည့်သော အနေဖြင့် တစ်လတန်သည်၊(၁၅)ရက်တန်သည်၊(၅)လတန်သည် စသည်ဖြင့်ရက်ရှည်အမြဲစောင့်သုံးသောဉပုသ်ကို "ပါဋိဟာရိယဉပုသ်"ဟု ခေါ်ပါသည်။ယင်း ပါဋိဟာရိယဉပုသ်ကိုပင် နိဗဒ္ဓုပေါသထ=အမြဲမပြတ်တစ်ဆက်တည်းစောင့်သုံးလေ့ရှိသောဉပုသ်ဟု ခေါ်ပါသည်။ပါဋိဟာရိယဉပုသ်နေ့များကိုရေတွက်ပုံမှာ ကျမ်းဂန်များ၌ ကွဲပြားမှုရှိသည်။

အင်္ဂုတ္တရအဋ္ဌကထာ စတုမဟာရာဇသုတ်၌ ဝါတွင်းသုံးလ(သို့မဟုတ်) ဝါကျွတ်ပြီးနောက်တစ်လ (သီတင်းကျွတ်

လပြည့်ကျော်၁-ရက်မှတန်ဆောင်မုန်းလပြည့်ကျော်အထိ) သို့မဟုတ် ဝါကျွတ်ပြီးနောက်၁၅-ရက်(သီတင်းကျွတ်လပြည့် ကျော်၁-ရက်မှသီတင်းကျွတ်လကွယ်နေ့ထိ) ဟု သုံးမျိုးဖော်ပြ ထားသည်။

ဤဖော်ပြပါနေ့ရက်များ၌ ရက်ရှည်ဥပုသ်စောင့်သုံး ခြင်းကို ပါဋိဟာရိယဥပုသ်ဟု ခေါ်သည်။(အံ၊၄၊၂။ ၁၂၃)

သုတ္တနိပါတ်အဋ္ဌကထာဒုတိယတွဲ ဓမ္မိကာသုတ်၌ ဝါဆိုလဆန်း ၁-ရက်နေ့မှ တန်ဆောင်မုန်းလကွယ်နေ့အထိ ငါးလ(သို့မဟုတ်) ဝါဆိုလ၊ တန်ဆောင်မုန်းလ၊ကပေါင်းလ၊ ဤသုံးလတို့၌ ဥပုသ်ရက်ရှည်စောင့်သုံးခြင်းကို ပါဋိဟာရိယ ဥပုသ်ဟု ခေါ်သည်။(သုတ္တနိ၊၄၊၂။၁၀၈)

သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ သာနုသုတ်၌ အောက်ဖော်ပြပါနေ့ရက်များ၌စောင့်သုံးသောဥပုသ်ကို ပါဋိ ဟာရိယဥပုသ်ဟုခေါ်၏။

(က) အဋ္ဌမီဥပုသ်၏အကြိုဖြစ်သော လဆန်း၇-ရက် လဆုတ် ၇-ရက်နေ့များ၌ အဋ္ဌမီဥပုသ်၏ အပို့ဖြစ်သောလဆန်း၉-ရက်၊လဆုတ် ၉- ရက်ဥပုသ်နေ့များ

(ခ) စတုဒ္ဒသီဥပုသ်၏အကြိုဖြစ်သော လဆန်း

၁၃-ရက်၊လဆုတ် ၁၃-ရက်နေ့များ

(ဂ) ပန္နရသီဥပုသ်၏အပိုဖြစ်သောလဆုတ်၁-ရက်နှင့်လဆန်း ၁-ရက်နေ့များ

(ဃ) သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့မှ သီတင်းကျွတ်လကွယ်နေ့တိုင်အောင် ၁၅-ရက်

ဤကား ပါဋိဟာရိယဥပုသ်ကိုပင် ပက္ခဥပုသ်ဟု ခေါ်သေး၏။ (သံ၊ ၄၊၁။ ၂၈၁)

ယင်းသို့ အဋ္ဌကထာတို့၌ နည်းအမျိုးမျိုးဖြင့် ဖွင့်ပြထားခြင်းမှာ လောကလူသားတို့ကျင့်သုံးလေ့ရှိသည့် အရိုးအစဉ်သို့လိုက်၍လည်းကောင်း၊ကျင့်သုံးနိုင်လျှင် ကောင်းမြတ်၏ ဟု နှလုံးသွင်း၍လည်းကောင်း ဖွင့်ပြခြင်းဖြစ်သည်။ အဋ္ဌကထာချင်းမတူဟူ၍ မမှတ်ယူရ၊ ကြွင်းသောရက်တို့၌လည်း ဥပုသ်မစောင့်ရဟူ၍ မမှတ်ယူသင့်။

## အကျိုးကြီးမားသောဥပုသ်

(အင်္ဂုတ္တုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊ပဌမပဏ္ဏာသက၊ ဥပေါသထဝဂ်၊ သံခိတ္တုပေါသထသုတ် ဆဋ္ဌမှု-၇၉)

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရာမ် ဇေတဝန်ကျောင်းတော်၌

သီတင်းသုံးနေတော်မူပါ၏။ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ကို 'ရဟန်း' တို့ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့က 'အရှင်ဘုရား' ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ကျင့်သုံးအပ်သောဥပုသ်သည် အကျိုးရှိ၏။အာနိသင်ကြီး၏၊တန်ခိုးကြီး၏၊ကြီးသောပျံ့နှံ့ခြင်းရှိ၏၊ရဟန်းတို့ အဘယ်သို့ကျင့်သုံးအပ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောဥပုသ်သည် အကျိုးကြီးသနည်း၊အာနိသင်ကြီးသနည်း၊တန်ခိုးကြီးသနည်း၊ကြီးသောပျံ့နှံ့ခြင်းရှိသနည်း။ရဟန်းတို့ ဤသာသနတော်၌ အရိယာတပည့်သည် ဤသို့ဆင်ခြင်၏။

## (၁) သူ့အသက်မသတ်ခြင်း

ရဟန္တာတို့သည် အသက်ထက်ဆုံး အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တုတ်ကိုချထားပြီးဖြစ်ကုန်၏၊လက်နက်ကိုချထားခြင်းဖြစ်ကုန်၏၊ရှက်ခြင်းရှိကုန်၏၊သနားတတ်ကုန်၏၊ခပ်သိမ်းသောသတ္တဝါတို့၏အစီးအပွားကိုလိုလားလျက် နေကုန်၏၊ငါသည်လည်း ဤတစ်ညဉ့်နှင့်တစ်နေ့ပတ်လုံး အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှရှောင်ကြဉ်လျက် **တုတ်ကိုချထားလျက်** လက်နက်ကို

ချထားလျက် ရှက်ခြင်းရှိလျက်၊ သနားလျက် ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကိုလိုလားလျက်နေပါအံ့။ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့။ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏။ဤပဌမအင်္ဂါနှင့်ပြည့်စုံ၏။

## (၂) သူ့ဥစ္စာမခိုးခြင်း

ရဟန္တာတို့သည် အသက်ထက်ဆုံး မပေးသည်ကိုယူခြင်းကိုပယ်၍ မပေးသည်ကိုယူခြင်းမှရှောင်ကြဉ်ကုန်၏။ ပေးသည်ကိုသာယူကုန်၏၊ပေးသည်ကိုသာ အလိုရှိကုန်၏၊ မခိုးမဝှက်စင်ကြယ်သောကိုယ်ဖြင့်နေကုန်၏၊ ငါသည်လည်း ဤတစ်ညဉ့်နှင့်တစ်နေ့ပတ်လုံးမပေးသည်ကိုယူခြင်းကိုပယ်၍ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်လျက် ပေးသည်ကိုသာယူလေ့ရှိသည်ဖြစ်၍၊ပေးသည်ကိုသာအလိုရှိသည်ဖြစ်၍ မခိုးမဝှက်စင်ကြယ်သောကိုယ်ဖြင့်နေပါအံ့။ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့။ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏။ ဤဒုတိယအင်္ဂါနှင့်ပြည့်စုံ၏။

## (၃) မမြတ်သောအကျင့်ကိုမကျင့်ခြင်း

ရဟန္တာတို့သည် အသက်ထက်ဆုံး မမြတ်သော အကျင့်ကိုပယ်၍ မြတ်သောအကျင့်ကို ကျင့်ကုန်၏။(မမြတ်သောအကျင့်မှ)ဝေးစွာရှောင်ကြဉ်ကုန်၏၊ ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှရှောင်ကြဉ်ကုန်၏၊ငါသည်လည်း ဤတစ်ညဉ့် နှင့်တစ်နေ့ပတ်လုံး မမြတ်သောအကျင့်ကိုပယ်၍ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည်ဖြစ်၍ (မမြတ်သောအကျင့်မှ) ဝေးစွာရှောင်ကြဉ်လျက် ရွာသူတို့၏အလေ့ဖြစ်သော မေထုန်အကျင့်မှရှောင်ကြဉ်ပါအံ့။ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့။ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏။ ဤတတိယအင်္ဂါနှင့်ပြည့်စုံ၏။

## (၄) မမှန်မပြောခြင်း

ရဟန္တာတို့သည် အသက်ထက်ဆုံးမမှန်ပြောခြင်းကို ပယ်၍ မမှန်ပြောခြင်းမှရှောင်ကြဉ်ကုန်၏၊ အမှန်ကိုသာ ဆိုလေ့ရှိကုန်၏၊မှန်သောစကားခြင်း ဆက်စက်စေကုန်၏၊ တည်သောစကားရှိကုန်၏၊ယုံကြည်ထိုက်သော စကားရှိကုန် ၏၊လောကကို လှည့်စားတတ်သူမဟုတ်ကုန်၊ငါသည်လည်း

ဤတစ်ညဉ့်နှင့်တစ်နေ့ပတ်လုံး မမှန်ပြောခြင်းကိုပယ်၍ မမှန်ပြောခြင်းမှ ရှောင်ကြဉ်လျက် အမှန်ကိုသာဆိုလျက် မှန်သောစကားချင်း ဆက်စပ်စေလျက် တည်သောစကားရှိလျက် လောကကိုမလှည့်စားဘဲ(နေပါအံ့)။ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာ တို့ကို အတုလိုက်၍ပြုပါအံ့။ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည် လည်းဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏။ ဤစတုတ္ထအင်္ဂါနှင့် ပြည့်စုံ၏။

## (၅) သေအရက်မသောက်ခြင်း

ရဟန္တာတို့သည် အသက်ထက်ဆုံး ယစ်မူးမေ့လျော့ခြင်း၏အကြောင်းဖြစ်သောသေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ငါသည်လည်း ဤတစ်ညဉ့်နှင့်တစ်နေ့ပတ်လုံး ယစ်မူး မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေအရက်သောက်ခြင်း မှရှောင်ကြဉ်ပါအံ့။ ငါ့အားဥပုသ်ကျင့်သုံးခြင်းသည်လည်း ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့။ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏။ ဤပဉ္စမ အင်္ဂါနှင့်ပြည့်စုံ၏။

## (၆) နေ့လွဲညစာမစားခြင်း

ရဟန္တာတို့သည် အသက်ထက်ဆုံး တစ်ထပ်သာစား

ကုန်၏၊ ညစာစားခြင်းမှရှောင်ကြဉ်ကုန်၏၊နေလွဲသောအခါ စားခြင်းမှရှောင်ကြဉ်ကုန်၏၊ငါသည်လည်း ဤတစ်ညဉ့်နှင့် တစ်နေ့ပတ်လုံးတစ်ထပ်သာစားပါအံ့။ ညစာစားခြင်းမှရှောင် ကြဉ်ပါအံ့။ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတု လိုက်၍ပြုပါအံ့။ ငါ့အားဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေ လိမ့်မည်ဟု ဆင်ခြင်၏။ဤဆဋ္ဌမအင်္ဂါနှင့်ပြည့်စုံ၏။

## (၇) ကခြင်းစသည်မပြုခြင်း

ရဟန္တာတို့သည် အသက်ထက်ဆုံး ကခြင်း၊သီခြင်း၊ တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏)ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်း၊ပန်းပန်ခြင်း၊ နံ့သာမှုန်လိမ်းခြယ်ခြင်း၊နံ့သာပျောင်း လိမ်းခြင်းကိုပယ်၍ ကခြင်း၊သီခြင်း၊တီးမှုတ်ခြင်း(သူတော် ကောင်းတရား၏)ဆူးငြောင့်ဖြစ်သောပွဲကြည့်ခြင်း၊ပန်းပန်ခြင်း၊ နံ့သာမှုန်လိမ်းခြယ်ခြင်း၊နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ် ကုန်၏။ငါသည်လည်း ဤတစ်ညဉ့်နှင့်တစ်နေ့ပတ်လုံး ကခြင်း၊ သီခြင်း၊တီးမှုတ်ခြင်း၊(သူတော်ကောင်းတရား၏)ဆူးငြောင့်ဖြစ် သော ပွဲကြည့်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာမှုန်လိမ်းခြယ်ခြင်း၊ နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်ပါအံ့။ဤအကြောင်းအင်္ဂါ ဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့။ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏။

ဤသတ္တမအင်္ဂါနှင့်ပြည့်စုံ၏။

## (၈) မြင့်မြတ်သောနေရာ၌မနေခြင်း

ရဟန္တာတို့သည် အသက်ထက်ဆုံးမြင့်သောနေရာ၊ မြတ်သောနေရာ၌နေခြင်းကိုပယ်၍ မြင့်သောနေရာ၊မြတ်သောနေရာ၌နေခြင်းမှ ရှောင်ကြဉ်ကုန်၏။ နိမ့်သောနေရာ ညောင်စောင်း၌ဖြစ်စေ၊မြက်ခင်း၌ဖြစ်စေ၊ အိပ်ကုန်၏၊ ငါသည်လည်း ဤတစ်ညဉ့်နှင့်တစ်နေ့ပတ်လုံး မြင့်သောနေရာ၊ မြတ်သောနေရာ၌နေခြင်းကိုပယ်၍မြင့်သောနေရာ၊ မြတ်သောနေရာ၌နေခြင်းမှရှောင်ကြဉ်လျက် နိမ့်သောနေရာညောင်စောင်းငယ်၌ဖြစ်စေ၊ မြက်အခင်း၌ဖြစ်စေ အိပ်ပါအံ့။ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့။ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏။ဤအဋ္ဌမအင်္ဂါနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသို့ကျင့်သုံးအပ်သော အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသောဥပုသ်သည် အကျိုးကြီး၏၊အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသောပျံ့နှံ့ခြင်းရှိ၏။

♠ ♠ ♠ ♠ ♠ ♠ ♠

# အခန်း(၂)
# ဥပုသ်သီလများ

## ရှစ်ပါးသီလ

ရှစ်ပါးသီလသည် အမြဲတတ်နိုင်လျှင် အမြဲစောင့်ထိန်း သင့်ပြီး ရံခါတတ်နိုင်လျှင် ရံခါစောင့်ထိန်းရသော အနိစ္စသီလ ဖြစ်ပါသည်။လူသားတို့နှင့် အထူးသင့်လျော်သော သီလ ဖြစ်သည်။

ငါးပါးသီလနှင့်ခြောက်ပါးသီလကို ရှေးရှေးသူတော် ကောင်းတို့သည် နေ့ထူးနေ့မြတ်သတ်မှတ်ပိုင်းခြား၍ ကျင့်သုံး လေ့မရှိကြပါ။

ဤရှစ်ပါးသီလကိုမူ လဆန်း(၈)ရက်၊လဆုတ်(၈)ရက် လပြည့်လကွယ်နေ့များ၌ ဥပုသ်နေ့အဖြစ် သတ်မှတ်ပိုင်းခြား၍ ကျင့်သုံးလေ့ရှိကြပါသည်။

ဤရှစ်ပါးသီလကို သာမန်စောင့်ရှုစောင့်ရက်များတွင် သာမက အကြိုအပို့စောင့်သုံးသောအားဖြင့် အဖိတ်နေ့ ဥပုသ်ထွက်နေ့များတွင်ပါ စောင့်သုံးလေ့ရှိပါသည်။ဤရှစ်ပါးသီလကိုကျင့်သုံးဆောက်တည်ခြင်းသည်-

-ဘုန်းတန်ခိုးအရှိန်အဝါ စည်းစိမ်ဥစ္စာ တိုးတက်မြင့်မားစေနိုင်သည်။

-စကြဝတေးမင်း ဧကန်ဖြစ်မည့် စကြာမင်းလောင်းသည်ပင် ရှစ်ပါးသီလဆောက်တည်မှသာ စကြာရတနာဆိုက်ရောက်ပြီး စကြဝတေးမင်းအဖြစ်သို့ ရောက်ရှိနိုင်သည်။

-ဘဝသံသရာ၌ ကောင်းရာသုဂတိသို့ရောက်ရှိကာ လူ့နတ်စည်းစိမ်ချမ်းသာအမျိုးမျိုးကို အကြိမ်ကြိမ်ခံစားရပြီး မဂ်ဖိုလ်နိဗ္ဗာန်အထိ အဆင့်ဆင့်သော အကျိုးတရားများကို ရရှိနိုင်သည်။

-မျက်မှောက်ဘဝတွင် လူတော်လူကောင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုခံရပြီး အများချစ်ခင်

လေးစားမှု၊ ယုံကြည်မှုအားထားမှုကို ခံရသည်။
-ပစ္စုပ္ပန်ဘဝတွင် စည်းစိမ်ဥစ္စာတို့ တိုးတက်ကြီးပွား
နိုင်ပါသည်။

# ရှစ်ပါးသီလခံယူဆောက်တည်ပုံ

## သီလတောင်း

အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ ----------

တတိယမ္ပိ ----------

ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်သည် တိသရဏေန-သရဏဂုံသုံးပါးနှင့် သဟ-တကွ၊ အဋ္ဌင်္ဂသမန္နာဂတံ-အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော၊ ဥပေါသထသီလံ-ဥပုသ်သီလတည်းဟူသော၊ဓမ္မံ-သိက္ခာပုဒ်တရားတော်ကို၊ယာစာမိ-တောင်း ပန်ပါ၏၊ဘန္တေ-အရှင်ဘုရား၊မေ-တပည့်တော်အား၊ အနုဂ္ဂဟံ- ချီးမြှောက်ခြင်းကို၊ကတွာ-ပြု၍၊ သီလံ-သီလကို၊ ဒေထ-ပေးတော်မူပါဘုရား၊

**ဒုတိယမ္ပိ** နှစ်ကြိမ်မြောက်လည်း၊ဘန္တေ-အရှင်ဘုရား

ဆက်ဆိုပါ။

တတိယမ္ပိ နှစ်ကြိမ်မြောက်လည်း၊ဘန္တေ-အရှင်ဘုရား ဆက်ဆိုပါ။

အာမဘန္တေပါအရှင်ဘုရား။

**ဘုရားရှိခိုး**

နမောတဿ ဘဂဝတော အရဟတော သမ္မာ

သမ္ဗုဒ္ဓဿ (၃)ခေါက်ဆို။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

ဒုတိယမ္ပိ ----------

တတိယမ္ပိ ---------

အာမဘန္တေပါအရှင်ဘုရား။

**ရှစ်ပါးသီလဆောက်တည်ပုံ**

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာန ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၆။ ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၇။ နစ္စ၊ဂီတ၊ဝါဒိတ၊ဝိသူက၊ဒဿန၊မာလဂန္ဓ၊ဝိလေပန၊ ဓာရဏ၊မဏ္ဍန၊ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၈။ ဥစ္စာသယန၊မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၁။ ပါဏာတိပါတာ-သူတစ်ပါး၏အသက်ကိုသတ်ခြင်း မှ၊ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊သမာဒိယာမိ-ကောင်းစွာကျင့်သုံးခံယူဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ-အရှင်သည် ကိုယ်နှုတ်တို့ဖြင့်မပေးအပ်သော သူ့ဥစ္စာကိုခိုးယူခြင်းမှ၊ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို၊သမာဒိယာမိ-ကောင်းစွာကျင့်သုံးခံယူဆောက်တည်ပါ၏။

၃။ အဗြဟ္မစရိယ-မမြတ်သောမေထုန်အကျင့်မှ၊ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာ ပုဒ်ကို၊သမာဒိယာမိ-ကောင်းစွာကျင့်သုံးခံယူဆောက်တည်

ပါ၏။

၄။ မုသာဝါဒါ-မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို၊သမာဒိယာမိ- ကောင်းစွာကျင့်သုံး ခံယူဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ-မေ့လျော့ပေါ့ဆခြင်းအကြောင်းစသော မူးယစ်စေတတ်သော သေရည်သေရက်ကို သောက်သုံးခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို၊သမာဒိယာမိ-ကောင်းစွာကျင့်သုံး ခံယူဆောက်တည်ပါ၏။

၆။ ဝိကာလဘောဇနာ-နေ့လွဲညစာစားခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊သမာဒိယာမိ- ကောင်းစွာကျင့်သုံး ခံယူဆောက်တည်ပါ၏။

၇။ နစ္စ၊ဂီတ၊ဝါဒိတ၊ဝိသူကဒဿန၊မာလာဂန္ဓ၊ဝိလေပနဓာရဏ၊မဏ္ဍန၊ဝိဘူသနဋ္ဌာနာ-အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊သီဆိုခြင်း၊တီးမှုတ်ခြင်း၊ဘုရားအဆုံးအမတော်ဆန့်ကျင်ဘက် ကခြင်းပမာဖြစ်သောကြည့်ရှုနားထောင်ခြင်း၊ပန်းပန်ခြင်း၊နံ့သာပျောင်း၊နံ့သာရည်၊နံ့သာမှုန်

တို့ကို လိမ်းခြယ်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို၊သမာဒိယာမိ-ကောင်းစွာကျင့်သုံး ခံယူဆောက်တည်ပါ၏။

၈။ ဥစ္စာသယန မဟာသယနာ-မြင့်သောနေရာ၊မြတ်သောနေရာ၌အိပ်ခြင်း၊နေထိုင်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ- ကောင်းစွာကျင့်သုံး ခံယူဆောက်တည်ပါ၏။

## အဗြဟ္မစရိယ

မမြတ်သောမေထုန်အကျင့်ဟူရာ၌ မိန်းမ၊ယောကျ်ားနှစ်ဦးသားတို့၏ ပျော်ပါးပေါင်းသင်းမှု အချင်းချင်းကိစ္စကို မေထုန် ဟုဆိုသည်။

ကာမေသုမိစ္ဆာစာရာမှာ မိမိတို့ဇနီး၊ခင်ပွန်းအချင်းချင်း ပေါင်းသင်းခွင့်ရသေးသည်၊ဤအဗြဟ္မစရိယတည်ဆောက်သူတို့က ဇနီးခင်ပွန်းအချင်းချင်းသော်မှ ပေါင်းသင်းဆက်ဆံခွင့် မရတော့ပါ။

အိမ်ထောင်မရှိသော သူတော်စင်များသည် ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရအစား ဤအဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်ပါက သာ၍အကျိုးကြီးသည်။

## ဝိကာလဘောဇနာ

နေ့လွဲညစာစားခြင်းမှရှောင်ကြဉ်ခြင်း

"နေလွဲအခါ အစာစားခြင်းမှာ ရှောင်ကြဉ်ပါ၏"ဟူရာ၌နေ့လည်မွန်းတည့် ၁၂-နာရီအချိန်မှ နောက်ပိုင်းကို နေလွဲမွန်းလွဲဟုခေါ်၏။ထိုနေလွဲသည်မှစ၍ နောက်နေ့နံနက်အရုဏ်တက်သည့်တိုင်အောင် ထမင်း၊ဟင်းလျာ၊မုန့်ပဲသားရေစာ၊ သစ်သီးစသည့်စားသောက်ဖွယ်ရာဟူသမျှကို မစားရပါ။ယင်း အစားအစာများကိုစားလျှင် ဝိကာလဘောဇနာ သိက္ခာပုဒ်ပျက်သည်၊ဆာလောင်မွတ်သိပ်မှုဖြစ်ခဲ့သော် ဖျော်ရည်တစ်မျိုး မျိုးကိုသောက်ကောင်း၏၊ လေနာခြင်းစသောရောဂါတစ်မျိုးမျိုးခံစားနေရ၍ ထိုရောဂါသက်သာစေရန်အတွက်ရည်ရွယ်၍ ဆီးဖြူသီး၊ဖန်ခါးသီး၊ကြစုသီး၊စတုမဓု၊ ထန်းလျက်၊သကြားလုံး၊ ဂျင်းနှင့် ကြက်သွန်သုပ်တို့ကို ဆေးအဖြစ်သုံးဆောင်ခွင့်ရှိသည်၊ဤသိက္ခာပုဒ်တော်ကိုစောင့်ထိန်းရာတွင်သံပုရာသီးကိုညှစ်၍ ဖျော်ရည်ပြုရာ၌ အရည်အိတ်(အဖတ်များ)ကို စစ်ထုတ်ပြီးမှ ဖျော်ရည်ဖျော်စပ်ရမည်။ယင်းအရည်(အဖတ်)များပါနေပါက ဆရာတော်ကြီးများသောက်သုံးတော်မမူကြပေ။

လူများ အစာအာဟာရအဖြစ်စားသုံးကြသော ငါး၊

ဆန်၊ဂျုံ၊ပြောင်း၊အားလူး၊ကန်စွန်းဥတို့ဖြင့် ပြုလုပ်ထားသော ထမင်း၊မုန့်၊အကြော်အလှော်၊အပြုတ်၊အဖုတ်၊အကင်၊အသုတ်များ၊ဟင်းချိုရည်၊ဟင်းရွက်ပြုတ်ရည်၊လက်ဖက်ရည်၊ကော်ဖီ၊ နွားနို့၊ချောကလက်တို့ကို မွန်းလွဲပြီးနောက် သောက်သုံးခွင့် မရှိပေ။ဝိနယဂရုကဖြစ်သောပုဂ္ဂိုလ်များမှာ ရေနွေးကြမ်း (လက်ဖက်ခြောက်အဖန်ရည်)ကိုပင်မသောက်ကြပေ။သီလကို ဖြည့်ကျင့်ရာ၌ ရှောင်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။

## ညစာမစားခြင်းအကျိုး

ညစာမစားဘဲရှောင်ကြဉ်ခြင်းသည် အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလတွက် တစ်ပါးမျှသာဖြစ်သည်။ညစာမစားမှုတစ်ခု တည်းကို ဥပုသ်စောင့်သည်ဟု မဆိုနိုင်ပါ။ဤသိက္ခာပုဒ်၏ ရည်ရွယ်ချက်မှာ-

(၁)ကိစ္စနည်း၍ ဂရုအာရုံပြုဖို့ရန် အချိန်များစွာ ရစေခြင်း။

(၂)လောကီအာရုံကာမဂုဏ်၌ စိတ်မဝင်စားအောင် ထိန်းချုပ်ပြီးဖြစ်စေခြင်းတို့ ဖြစ်၏။

ညစာစားလျှင် ညစာစားဖို့အတွက် ချက်စရာ၊ပြုတ်စရာ၊ရှာရဖွေရ၊ ချက်ရပြုတ်ရ စသည်ဖြင့် အလွန်ကိစ္စများ၏။

ထိုအလုပ်များကို လုပ်ကိုင်နေရလျှင် ဘုရား၊တရားအာရုံပြုရန် အချိန်နည်းသွားမည်။ထို့ကြောင့် ညစာမစားခြင်းသည် အလွန်ကိစ္စနည်း၍ တရားအာရုံပြုဖို့ရန် အချိန်များစွာရစေခြင်းအကျိုး ရှိပါသည်။

ညစာစားမှုဖြင့် အင်အားပြည့်ဖြိုး၍ လောကီအာရုံ ကာမဂုဏ်ဘက်၌ စိတ်ညွတ်စေပါသည်။ထို့ကြောင့် မေထုန်မှုမှရှောင်ကြဉ်ခြင်း အဗြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းရာ၌ ညစာစားမှုကိုရှောင်ကြဉ်မှသာ သင့်လျော်မည်ဖြစ်သည်။

ကဿပဘုရားရှင်လက်ထက်တော်က ဂဝေသိဆရာကြီးနှင့်သီတင်းသည်ငါးရာတို့သည် ဗြဟ္မစရိယငါးပါးသီလနှင့်ဤဝိကာလဘောဇနသိက္ခာပုဒ်ကိုဆောက်တည်၍ ခြောက်ပါးသီလထိန်းသိမ်းကြောင်း ပဉ္စင်္ဂုတ္တရပါဠိတော်ဂဝေသီသုတ် (၁၈၉)၌ လာရှိသည်။

ဓမ္မိကဥပါသကာ၊ နန္ဒမာတာတို့လည်း ဗြဟ္မစရိယငါးပါးသီလ၌ ဝိကာလဘောဇနသိက္ခာပုဒ်တည်၍ ခြောက်ပါးသီလကိုအသက်ထက်ဆုံး ကျင့်သုံးကြကြောင်း လာရှိသည်။

(သုတ္တနိပါတ ၂. ၁၀၁။ ဓမ္မိကသုတ်)

## နစ္စ=ကခြင်း

ကခြင်းနှင့်ပတ်သက်၍ ကိုယ်တိုင်ကခုန်ခြင်းမပြု၊ သူတစ်ပါးအား အကခိုင်းခြင်းသည်လည်း မပြုရ၊အောက်ထစ်ဆုံးတိရစ္ဆာန်များကိုပင် အကမခိုင်းရ၊ယင်းအကပွဲများသို့သွားရောက်ကြည့်ရှုခြင်းလည်း မပြုရ၊ခရီးသွားနေစဉ် လမ်းခရီး၌ယင်းကပွဲများနှင့် မတော်တဆတိုက်ဆိုင်မိ၍ မကြည့်ချင်မြင်လျက်သားအဖြစ်မျိုးနှင့်ကြုံရ၍ ကြည့်မိမြင်မိလျှင် ဤသိက္ခာပုဒ်သီလမပျက်ချေ။သို့ရာတွင် ယင်းသို့ကြုံရသည်ကိုတမင်တကာအခွင့်အရေးယူပြီး ဆက်လက်ရပ်ကြည့်နေလျှင်မူလသီလပျက်တော့မည်။အလားတူပင်မိမိနေရာ မိမိရှေ့မှောက်ထံသို့လာရောက်ကနေသည်ကို ကြည့်မိမြင်မိပါကသီလ မပျက်ချေ။

## ဂီတ=သီဆိုခြင်း

ကိုယ်တိုင်သီဆိုခြင်း၊ သူတစ်ပါးကို သီဆိုစေခြင်းမပြုရ။စည်းကိုက်ဝါးကိုက် အသံကိုဆွဲငင်လျက် ပါဠိဂါထာများကိုရွတ်ဖတ်ခြင်း၊ ဓမ္မတေးကဗျာများကို ရွတ်ဆိုခြင်း မပြုရ။ဘုရားရှိခိုးရာ၌ပင် သီချင်းသံမပေါက်အောင် ဆွဲဆွဲငင်ငင်မဆိုရချေ။ကိုယ်တိုင်မဆိုရုံသာမက သူတစ်ပါးကိုလည်း သီဆို

ခိုင်းခြင်းမပြုရ။သူတစ်ပါးသီဆိုတာကိုလည်း သွားရောက်နားထောင်ခြင်းမပြုရ။နားထောင်လျှင် သီလပျက်၏။လမ်းကြုံ၍ကြားရခြင်း၊ မိမိနေရာ၌ နေ့စဉ် သူတစ်ပါးကလာရောက်သီဆို၍ကြားခြင်းတို့ကြောင့် သီလမပျက်ချေ။

## ဝါဒိတ=တီးမှုတ်ခြင်း

စည်း၊စောင်း၊ညှင်း၊ပတ်သာ စသောတူရိယာငါးမျိုး ကိုကိုယ်တိုင်လည်း မတီးခတ်ရ၊သူတစ်ပါးကိုလည်း အတီးမခိုင်းရ။တီးမှုတ်သံကိုလည်း နားမထောင်ရ။လမ်းကြုံ၍ကြားရခြင်း၊မိမိနေရာ၌နေလျက်ပင် သီဆိုသံကိုကြားရခြင်းကြောင့်သီလပျက်စီးမှုမရှိချေ။တမင်ကျူးလွန်မှသာ သီလပျက်၏။

## ဝိသုကဒဿန=ဆန့်ကျင်ဘက်ကိုကြည့်ရှုခြင်း

ကပြသီဆိုတီးမှုတ်မှုများသည် လောကအမြင်အားဖြင့်အနုပညာတစ်ရပ်အဖြစ် ချီးကျူးဖွယ်ရာဖြစ်ပေသည်။သို့ရာတွင် လောကုတ္တရာအကျိုးအားဖြင့် လေ့လာစိစစ်ကြည့်ပါကလည်း ကာမဂုဏ်အာရုံခံစားမှုကို အားပေးအားမြှောက်ပြုရာရောက်၏။ထို့ကြောင့် နိစ္စ၊ဂီတ၊ဝါဒိတအရ ကပြသီဆိုတီးမှုတ်ခြင်းများကို ကြည့်ရှုနားထောင်ခြင်းများသည် သာသနာတော်

၏ကြောင့်တံကျင်သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်မှု ဟုခေါ်၏။
(ဝိသူက=ဆန့်ကျင်ဘက် + ဒဿန=ကြည့်ရှုနားထောင်ခြင်း)

## မာလာဓာရဏ=ပန်းပန်ခြင်း

ဥပုသ်စောင့်ချိန်၌ ပန်းပွင့်၊ ပန်းခိုင်၊ ပန်းကုံးများကို ပန်ဆင်ခြင်း၊သူတစ်ပါးအား အပန်ခိုင်းခြင်းများ မပြုရ၊ ပြုလုပ်လျှင် သီလပျက်၏။

## ဂန္ဓဓာရဏ=အမွှေးရနံ့ဆောင်ခြင်း

ရေမွှေးနံ့သာဆီဆွတ်ဖြန်းခြင်း နံ့သာမှုန့် (ပေါင်ဒါမှုန့်) လိမ်းကျံခြင်း၊ထုံမွှမ်းခြင်းများ မပြုလုပ်ရ၊သူတစ်ပါးအားလည်း မခိုင်းရ၊ပြုလုပ်လျှင် သီလပျက်စီးသည်။အကြောင်းထူးမရှိဘဲ ရေမွှေးဆပ်ပြာမသုံးရ၊ချွေးနံ့ပျောက်စေရန် ရေမွှေးဆပ်ပြာသုံးခြင်း၊ပေါင်ဒါမှုန့်ဖြူးခြင်းများကိုမူ ခွင့်ချက်ပြုထားသည်။
ဂန္ဓဝိလေပနမဏ္ဍန=နံ့သာ၊ နံ့သာပျောင်း သုံးစွဲခြင်း

အမွှေးရနံ့ကို နံ့သာဟုခေါ်၍ သနပ်ခါးရည်၊အလှဆီ၊ မိတ်ကပ်တို့ကို နံ့သာပျောင်းဟုခေါ်သည်။ယင်းနံ့သာပျောင်းကိုလိမ်းကျံခြင်း ခြယ်သခြင်း နိမ့်ရာ၌ဖို့ခြင်း၊ မျက်နှာပေါင်း

တင်ခြင်း၊သူတစ်ပါးအားလိမ်းကျံခြင်းများ ဓပြုလုပ်ရပြုလျှင် သီလပျက်စီး၏။

## မဏ္ဍန=အလှပြင်ခြင်း

ကျောက်ပေါက်မာ၊မှဲ့ခြောက်၊ ဝက်ခြံ၊တင်းတိပ်၊ညှင်း ပျောက်စေရန် ဆေးလိမ်းခြင်း၊ဆံပင်အလှပြင်ခြင်း၊ တွန့်ခြင်း၊ ကောက်ခြင်း၊ပုံသွင်းခြင်း၊လက်သည်းအလှပြင်ခြင်း၊ခြေသည်း လက်သည်းဆိုးခြင်း၊နှုတ်ခမ်းဆိုးခြင်း၊မျက်တောင်အတုတပ်ခြင်း၊ မျက်ခုံးမွေးနှုတ်ခြင်း၊ မျက်စိအရောင်ခြယ်(ကာခြယ်)ခြင်း၊ စသည်ဖြင့် အလှပြင်ခြင်း(မဏ္ဍန)တို့ကိုပြုလုပ်လျှင် သီလ ပျက်၏။သာမန်အားဖြင့် ခေါင်းဖီးခြင်း၊ လက်သည်းခြေသည်း ရှည်၍ လှီးဖြတ်ခြင်းတို့မှာမူ အပြစ်မရှိ၊သီလမပျက်ချေ။

## ဂန္ဓဝိလေပန ဝိဘူသန

နံ့သာ၊ နံ့သာပျောင်းမိတ်ကပ်တို့ဖြင့် တန်ဆာဆင် အလှပြင်ခြင်း၊ဂန္ဓ(နံ့သာ)ဖြင့်အနံ့မွှေးအောင် ဝိလေပန(နံ့သာ ပျောင်း)ဖြင့် အသားအရေလှပအောင် လိမ်းကျံခြယ်လှယ်ခြင်း မပြုရပြုလျှင်သီလပျက်၏။

## ဝိဘူသန=တန်ဆာဆင်ခြင်း

စိန်၊ ရွှေငွေ လက်ဝတ်လက်စားများ ပန်ဆင်ဝတ်ဆင်ခြင်း၊ အဝတ်အထည်ကို သာမန်တန်းစေ့လန်းစေ့ ဝတ်ဆင်မှုမျိုးမဟုတ်ဘဲ အလှအပတန်ဆာဆင်သည့်အနေဖြင့် အဆင်ဆန်း ပုံဆန်းအဝတ်များဝတ်ခြင်း၊ ဖိနပ်စီးခြင်း၊ ထီးအလှဆောင်းခြင်း စသည်တို့သည် တန်ဆာဆင်မှုဖြစ်၍ ပြုလုပ်လျှင် သီလပျက်၏။ ထို့ကြောင့် ဥပုသ်သည်များသည် အဝတ်ကိုရိုးရိုးယဉ်ယဉ် လူတန်းစေ့ရုံမျှသာဝတ်၍ သာမန်စီးနေကျဖိနပ်၊ ဆောင်းနေကျထီးကိုသာ အသုံးပြုကြရမည် ဖြစ်သည်။

## ဌာန=အကြောင်းအရာ

ဤပန်းပန်မှုစသော အလှပြင်တန်ဆာဆင်မှုများသည် ကိလေသာတဏှာတိုးပွားခြင်း၏အကြောင်းဖြစ်၍ ရှောင်ကြဉ်ကြရမည်။

## ဥစ္စာသယန မဟာသယနအဖွင့်

မြင့်သောနေရာ၊ မြတ်သောနေရာ၌အိပ်ခြင်း၊ နေထိုင်ခြင်းမှရှောင်ကြဉ်ပါ၏ ဘုရား၌-

ဥစ္စာသယန=မြင့်သောနေရာ

အခြေတစ်ထောင့်ထွာထက်ရှည်သော အိပ်ရာ၊ခုတင်၊ ကုလားထိုင်ကြီးများ၌ မထိုင်ကောင်း၊မအိပ်ကောင်း။

## မဟာသယန=မြတ်သောနေရာ

စည်းစိမ်ခံစားလေ့ရှိသော လူချမ်းသာများ၏အိမ်၌ လက်လေးသစ်မက အမွေးရှည်ကော်ဇော၊ သားမွေးအခင်း၊ ခြသေ့်၊ကျားသစ်အရုပ်များဖြင့် ခမ်းနားဆန်းကျယ်သော သားမွေးအခင်း၊ ရွှေခြည်ငွေခြည်တို့ဖြင့် ချုပ်လုပ်အပ်သော ပိုးအခင်း၊လဲမွေ့ရာ၊ ဂွမ်းမွေ့ရာများကို မသုံးကောင်း၊အသုံးပြုလျှင်ဤသိက္ခာပုဒ်ပျက်သည်။အုန်းဆံသွတ်မွေ့ရာကိုကား သုံးကောင်းပါသည်။သင်ဖြူးချော၊ကော်ဇော အမွေးတို စသည်တို့ကို ဤသိက္ခာပုဒ်အရ မြတ်သောနေရာဟု မဆိုထိုက်ချေ။

## ဥစ္စာသယန မဟာသယနသိက္ခာပုဒ်

အတိုင်းအရှည် တစ်ထောင့်တစ်ထွာထက်မြင့်သော နေရာ၊မြတ်သောနေရာ၌ အိပ်စက်နေထိုင်ခြင်းကို ရှောင်ကြဉ်ရသည့် သိက္ခာပုဒ်ဖြစ်သည်။

မြင့်သောနေရာဆိုသည်မှာ တစ်ထောင့်တစ်ထွာ ထက်ပိုမြင့်သော အိပ်ရာ၊ခုတင်၊ကုလားထိုင် စသည်တို့ဖြစ်၏။

လူကြီးကအနိမ့်မှာနေလျှင် ရှစ်ပါးသီလဆောက်တည်ထား သော လူငယ်ကအမြင့်မှာမနေရဟူသော အဓိပ္ပာယ်မဟုတ်ပေ။

မြတ်သောနေရာဟိုသည်မှာ စည်းစိမ်ခံစားသည့် ခမ်းနားသောပစ္စည်းဖြစ်ကြသည့် လက်လေးသစ်မက အမွေး ရှည်သော သားမွေးအခင်း၊ ရွှေချည်ငွေချည်တို့ဖြင့် ပြုလုပ်အပ် သော ပိုးအခင်း၊လဲဝါဂွမ်းမျိုးသွပ်ထားသော မွေ့ယာ စသည်တို့ ဖြစ်သည်။အုန်းဆံသွပ်မွေ့ယာကိုကား သုံးကောင်း၏။သင်ဖြူး ဖျာချောချော၊ကော်ဇော်နုနုစသည်နှင့် ရဟန်းသံဃာဂုဏ်ဝါ ကြီးသူတို့၏နေရာ စသည်တို့ကို ဤသိက္ခာပုဒ်အရ မြတ်သော နေရာဟု မဆိုထိုက်ပါ။

မြင့်သော မြတ်သောနေရာတို့မှာ-

(၁) အာသန္ဒိ -လူတန်းစေ့သူတို့၏ တစ်ထောင်ထွာလွန် သောအခြေရှိသည့် ညောင်စောင်းအင်းပျဉ် ခုတင်အထူးများ။

(၂) ပလ္လင်္က -အခြေ၌ ခြင်္သေ့၊သားရဲရုပ်တပ်ထားသော ပလ္လင်နေရာ။

(၃) ဂေါနက -လက်လေးသစ်ထက်ကျော်လွန်သော မွေး ရှည်ကော်ဇောကြီး

(၄) စိတ္တက္က -အရုပ်ပန်းကတ်တို့ဖြင့် ဆန်းကြယ်စွာရက်
လုပ်ထားသော သားမွေးခင်း။
(၅) ပဋိက -သားမွေးဖြင့်ပြုလုပ်အပ်သော ခင်းနှီးဖြူ။
(၆) ပဋလိက -ပန်းပေါက်ခြယ်ထားသော သားမွေးအခင်း
(၇) တူလိက -လဲမျိုး(၃)ပါးဖြင့် သွတ်သွင်းထားသော
မွေ့ယာခင်း
(၈) ဝိကတိက -ခြင်္သေ့၊ ကျားသစ်စသောအရုပ်တို့ဖြင့်
ဆန်းကြယ်သော သိုးမွေးခင်းနှီး။
(၉) ဥဒ္ဒလောမိ -နှစ်ဘက်အမွေးရှိသော သားမွေးခင်းနှီး။
(၁၀) ဧကန္တ -တစ်ဖက်သာအမွေးရှိသော သားမွေး
လောမိ ခင်းနှီး။
(၁၁) ကဋ္ဋိဿ -ရတနာရွှေငွေတို့ဖြင့် လိမ်းကျံထားသော
ပိုးချည်ရက်အခင်း။
(၁၂) ကောသေယျ-ရတနာရွှေခြည်ငွေခြည်တို့အကြား၌
ပိုးချည်ဖြင့်ရက်လုပ်ထားသောခင်းနှီး။
(၁၃) ကုတ္တတက-ကချေသည်မ (၁၆)ယောက်တို့ကလောက်
သော သားမွေးကော်ဇောကြီးမျိုး။
(၁၄) ဟတ္ထတ္ထရဏ-ကောင်းမြတ်သောဆင်ကုန်းနှီး။
(၁၅) အဿတ္ထရဏ-ကောင်းမြတ်သောမြင်းကုန်းနှီး။

(၁၆) ရထတ္ထရဏာ- ရထား၌ခင်းသော နူးညံ့အိစက်သည့်ခင်းနှီး
(၁၇) အဇိနပ္ပဝေဏိ-ဩောင်စောင်းပမာဏ ချုပ်လုပ်ထားသည့် သစ်နက်ရေအခင်းကြီး။
(၁၈) ကဒလိမိဂပဝရ-ဝံပိုင်ရေဖြင့် ပြုလုပ်ထားသော ပစ္စတ္ထရဏ မြတ်သောခင်းနှီး။
(၁၉) သဉတ္တရစ္ဆဒ -နီသောဗိမာန်မျက်နှာကြက်အောက်ရှိ သောမွေးခင်းနှီး။
(၂၀) ဉဘတောလော-ခြေအုံးခေါင်းအုံ နှစ်ဖက်တပ်ထားသည့် ဟိတကူမဓာန အခင်းတစ်မျိုးတို့ ဖြစ်ပါ သည်။

## ဗြဟ္မစရိယပဉ္စမကသီလ (ကောမာရဗြဟ္မစရိယသီလ)

ကောမာရဗြဟ္မစရိယဟူသည် ငယ်သွေးငယ်မူ ဖြူစင်သူတို့၏ဥစ္စာဖြစ်သော မြတ်သောအကျင့်သီလဟု အနက် အဓိပ္ပာယ်ရပါသည်။အမျိုးသမီးအတွက်မူ ကောမာရီ ဗြဟ္မစရိယသီလ ဟုခေါ်ပါသည်။

မေထုန်အကျင့်ဟူသည်ကား လူသားများမက ကာမ (၁၁)ဘုံ အကုန်ရှိပါသည်၊ နတ်ပြည်၌ကား ခမ်းနားကြီးကျယ်

လှသည်။အောက်တန်းကြည့်လျှင်မူ ရေနေ၊ကုန်းနေ၊ကောင်းကင်နေ ဖြစ်ကြသော တိရစ္ဆာန်တို့မှာလည်း မျက်စိဖြင့်မမြင်ရသော ပိုးမွှားကလေးများ အစထား၍ မေထုန်အမှုကိုပြုကြသည်။

ဤအမှုကို ပြုနိုင်ကြသည့်အတွက် ရိုက်နှက်သတ်ပုတ်ထိုးခုတ်၊ လုယက်၊ မတရားနိုင်ထက်ပြုမှု၊ ခိုးမှု၊ လုယက်မှုတို့ကြောင့် ပစ္စုပ္ပန်ဘဝတွင်ပင် ထောင်ကျကြ၊ အညှဉ်းဆဲခံရသည်။တမလွန်ဘဝတွင်လည်း အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲများခံစားကြရသည်။

ဆင်းရဲမှန်သမျှ ဤမေထုန်ကာမက စခဲ့သည်ဖြစ်ရာ သာသနာတော်အတွင်း သာသနာပသူတော်စင်မှန်သမျှတို့သည် ဤမေထုန်ကာမကို စင်ကြယ်စွာရှောင်ကြဉ်ကြသည်။

ကဿပဘုရားရှင်လက်ထက်တော်က ခေမာ၊ဥပ္ပလဝဏ်၊ပဋာစာရီ၊ ဓမ္မဒိန္နာ၊ ကုဏ္ဍလကေသီ၊ကိသာဂေါတမီထေရီများနှင့် ဝိသာခါတို့၏ အလောင်းအလျာဖြစ်သော ကိကီမင်းကြီး၏ သမီးတော်ညီအစ်မ (၇)ဖော်တို့သည် အနှစ်-နှစ်သောင်းပတ်လုံး အပျိုဘဝဖြင့် ဤအဗြဟ္မစရိယပါသော ငါးပါးသီလကို စောင့်ထိန်းခဲ့ကြသည်။

ကောမရဗြဟ္မစရိယ ငယ်သွေးငယ်မူ ဖြူစင်သူတို့၏ မြတ်

သောအကျင့်သီလဝယ် မေထုန်မှုကို ကိုယ်ထိလက်ရောက် မကျူးလွန်သော်လည်း မေထုန်ငယ်ခုနစ်ပါး သာယာမှုများကို လိုက်စားတတ်သေးရာ ယင်းတို့မှာလည်း ကင်းစင်လျက် ဖြူစင် စေကြရပါမည်။

မိမိစောင့်သုံးသောသီလ လုံးဝပျက်မသွားသောလည်း ကျိုးပေါက်ပြောက်ကျား မေထုန်ငယ်ခုနစ်ပါးတို့ကြောင့် သီလ ညစ်နွမ်းကြရသည်။စောင့်သုံးသောသီလသည်-

-အစနှင့်အဆုံး ပျက်လျှင်ကျိုးသည်။

-အလယ်ပျက်လျှင် ပေါက်သည်။

-တစ်ခုကြားတစ်ခုကြားပျက်လျှင် ပြောက်သည်။

-အစဉ်အတိုင်း (၂)ပါး (၃)ပါးပျက်လျှင် ကျားသည်။

-မေထုန်ငယ်ခုနစ်ပါး သာယာသည်။

ဤငါးမျိုးကြောင့် သီလညစ်နွမ်းရသည်။

## မေထုန်ငယ်(၇)ပါး

(၁) ယောကျ်ားသည် မိန်းမကို မိန်းမသည် ယောကျ်ားကို ဆုပ်နယ်ပြုစု ယုယမှုကို သာယာခြင်း။

(၂) ယောကျ်ားနှင့်မိန်းမအချင်းချင်းရယ်ရွှင်ပျော်ပါး ကစားခြင်း။

(၃) ယောက်ျား မိန်းမအသံကိုနားထောင်၍ သာယာခြင်း။
(၄) တစ်ဦးနှင့်တစ်ဦး တစိမ့်စိမ့်ကြည့်ရှုခြင်း။
(၅) ရှေးကတွေ့ကြုံခံစားဖူးသော ကာမဂုဏ်ကို အာရုံပြု တွေးတော၍ သာယာခြင်း။
(၆) သူတစ်ပါးတို့ခံစားသောကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း။
(၇) သီလအကျင့်ဖြင့် နတ်ဘဝစသည်ကို တောင့်တ သာယာခြင်း။

## အာဇီဝဋ္ဌမကသီလ

အသက်မွေးမှုလျှင် ရှစ်ခုမြောက်သောသီလကို "အာဇီဝဋ္ဌမကသီလ" ဟုခေါ်သည်။

စားဝတ်နေရေးပစ္စည်းရှာဖွေမှု၊ လုပ်ကိုင်ဟူသမျှကို ပါဠိလို"အာဇီဝ"ဟုခေါ်ပါသည်။

မတရားနည်းဖြင့် ပစ္စည်းဥစ္စာရှာဖွေ အသက်မွေးမှုကို "မိစ္ဆာဇီဝ" ဟုခေါ်ပါသည်။

ထိုမှရှောင်ကာ တရားသဖြင့် ပစ္စည်းဥစ္စာရအောင် ရှာဖွေအသက်မွေးမှုကို "သမ္မာအာဇီဝ"ဟုခေါ်ပါသည်။

ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ (၇)ပါးလုံးခြုံ

လျှင် မိစ္ဆာဇီဝများ ရှောင်ကြဉ်ပြီးသားပင် ဖြစ်ပါသည်။

သို့သော် မြရာသံပတ်ဖြစ်သကဲ့သို့ ရှေ့သိက္ခာပုဒ်များဖြင့် ရှောင်ကြဉ်ဖွယ်ရာများ သာ၍ခိုင်မြဲအောင်-

-လက်နက်ကုန်ကူး

-လူကုန်ကူး

-အသားကုန်ကူး

-မူးယစ်ဆေးဝါးကုန်ကူး

-အဆိပ်ကုန်ကူး

(အံ-၂၊ ၁၈၃)

ဟူသော ဥပါသကာများ မပြုကောင်းသော ကုန်သွယ်မှုငါးမျိုးစသော မိစ္ဆာဇီဝများ အားလုံးမကြွင်းမကျန်ရလေအောင် အဆုံး(၈)ပါးမြောက်၌-

"မိစ္ဆာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" ဟု ဆောက်တည်ရပေသည်။

ဤသီလဆောက်တည်ပုံကို ပါဠိအဋ္ဌကထာတို့၌ တိုက်ရိုက်မပြသော်လည်း အသက်မွေးဝမ်းကျောင်း(အာဇီဝ) စင်ကြယ်ဖို့နည်းလမ်းနှင့် စင်ကြယ်ခြင်း၏ အကျိုးများကို ဘုရားရှင်ဟောတော်မူခဲ့သည်။

"ပုဗ္ဗေဝ **ခေါပနဿ ကာယကမ္မံ၊ ဝစီကမ္မံ အာဇီဝေါ**

သုပရိသုဒ္ဓေါဟောတိ"ဟူသော ပါဠိတော်အရ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ဋီကာတို့၌ အာဇီဝပဋ္ဌမကသီလကို အကျယ်ပြလျက်ရှိခြင်းတို့ကြောင့် ဤသီလကိုလုံခြုံအောင် စောင့်ထိန်းသင့်သည်။

ပါဏာတိပါတာစသော ရှေ့သိက္ခာပုဒ်(၇)ပါးသည် အသက်မွေးဝမ်းကျောင်းနှင့်ကိုက်ညီ၍ မြတ်သောအရိယာမဂ်ကျင့်စဉ်အစဦး (မဂ်မရမီ ရှေးဦးဆောက်တည်ကျင့်သုံးအပ်သောသီလ)ဖြစ်သောကြောင့် "အာဒိဗြဟ္မစရိယသီလ" မည်ပါသည်။

အာဇီဝဋ္ဌမကသီလသည် သီလအငွေ့အသက် လုံးဝမရှိဖူးသေးသော မိစ္ဆာအယူဝါဒ (အခြားအယူဝါဒ)မှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူများအတွက် ဒုစရိုက်ကြမ်းကြီးကိုရှောင်ကြဉ်ရန်ဆုံးမသောသီလဖြစ်သောကြောင့် မဂ်ဖိုလ်၌တည်သောသီလကိုရည်၍ ပညတ်ထားအပ်သော ငါးပါးသီလလောက် မမြတ်ပါ။အာဇီဝဋ္ဌမကသီလသည် အရေအတွက်များသော်လည်း ငါးပါးသီလထက် အာနိသင်မပို၊ ငါးပါးသီလ၏ အရိယာသီလမည်ခြင်းကပင် အာနိသင်ကြီးမားကြောင်းထင်ရှားသည်။

## စောင့်ထိန်းရမည့် မိစ္ဆာဇီဝများ

အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်၍-

| | |
|---|---|
| -မုဆိုးတံငါစသည် ပြုလုပ်ခြင်း | ပါဏာတိပါတ |
| -သူခိုးဓားပြပြုလုပ်ခြင်း | အဒိန္နာဒါန |
| -ငွေပေးခိုင်း၍ကာမဂုဏ် ကျူးလွန်ခြင်း | ကာမေသုမိစ္ဆာစာရ |
| -မတရားရှေ့နေသက်သေ လိုက်ခြင်း | မုသာဝါဒ |
| -ငွေပေးခိုင်း၍ ရန်တိုက်ခြင်း | ပိသုဏာဝါစာ |
| -ငွေပေးခိုင်း၍ဆဲရေးခြင်း | ဖရုသဝါစာ |
| -ဒဏ္ဍာရီဝတ္ထုစသည် ရေးသားပြောဆိုစေခြင်း | သမ္ဖပ္ပလာပ |

ဤအမှုများသည် စောင့်ထိန်းရမည့် မိစ္ဆာဇီဝများ ဖြစ်ကြသည်။မိမိကိုယ်တိုင် မိစ္ဆာဇီဝဖြင့် ပစ္စည်းမရှာသော်လည်း စီးပွားတူ ညီအစ်ကိုမောင်နှမများ၏ မိစ္ဆာဇီဝကို ဝမ်းမြောက်သဘောတူလျှင် မိစ္ဆာဇီဝပင်ဖြစ်ပါသည်။

## သမ္မာအာဇီဝ(၂)မျိုး

(၁) တရားသဖြင့်ပစ္စည်းရှာ၏။ယင်းပစ္စည်းကိုသာ စားသုံး

သည်၊သုတ္တန်သမ္မာအာဇီဝမည်၏။

(၂) မတရားသဖြင့် ပစ္စည်းရှာဖို့ ကြုံလာသော်လည်း မရှာခြင်းသည် အဘိဓမ္မာသမ္မာအာဇီဝမည်၏။

မတရားပစ္စည်းများကို သုံးစားနေသော်လည်း နားလည်၍ ထပ်၍ မတရားမရှာလျှင် အဘိဓမ္မာသမ္မာအာဇီဝ ဖြစ်သည်။

ကုက္ကုဋမှုဆိုးသည် တစ်သက်လုံးမုဆိုးအလုပ်ဖြင့် အသက်မွေးသဖြင့် မိစ္ဆာဇီဝသမားဖြစ်ခဲ့သည်။ဘုရားရှင်နှင့် တွေ့၍တရားနာရာ သားခုနှစ်ယောက်၊ ချွေးမခုနှစ်ယောက်နှင့် အတူ သောတာပန်ဖြစ်သွားသည်။ယခင် မတရားရှာခဲ့သော ပစ္စည်းများကို မစွန့်ပစ်ပါ။သောတာပန်ဖြစ်ပြီးနောက်တွင် မိစ္ဆာဇီဝ မလုပ်တော့ပါ။

မတရားရပြီးသော ပစ္စည်းဥစ္စာကို လှူကောင်းသော်လည်း ဓမ္မိယလဒ္ဓ ပစ္စည်းလောက် အကျိုးမကြီးပါ။

## အာဇီဝဋ္ဌမကသီလတောင်းပုံ

အဟံ ဘန္တေ၊တိသရဏေန သဟ၊ အာဇီဝဋ္ဌမကသီလံ၊ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ -------------။

တတိယမ္ပိ ------------॥

ဘန္တေ-အရှင်ဘုရား၊အဟံ-တပည့်တော်သည် (တပည့်တော်မ)သည် တိသရဏေန- သရဏဂုံသုံးပါးနှင့် သဟ-တကွ၊ အာဇီဝဋ္ဌမကသီလံ-အာဇီဝဋ္ဌမကသီလတည်း ဟူသော၊ ဓမ္မံ- သိက္ခာပုဒ်ကို၊ ယာစာမိ- တောင်းပန်ပါ၏။

ဒုတိယမ္ပိ- နှစ်ကြိမ်မြောက်လည်း -------------॥

တတိယမ္ပိ - သုံးကြိမ်မြောက်လည်း-------------॥

## ဘုရားရှိခိုး

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာ သမ္ဗုဒ္ဓဿ။

## သရဏဂုံဆောက်တည်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ------------------॥

တတိယမ္ပိ ------------------॥

## သီလယူပုံ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
၂။ အဒိန္နာဒါနာ ။
၃။ အဗြဟ္မစရိယာ ။
၄။ မုသာဝါဒါ ။
၅။ ပိသုဏာဝါစာ ။
၆။ ဖရုသဝါစာ ။
၇။ သမ္ဖပ္ပလာပဝါစာ ။
၈။ မိစ္ဆာဇီဝါ ။

## အနက်

၁။ ပါဏာတိပါတာ- သူတစ်ပါးအသက်ကိုသတ်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊သမာဒိယာမိ ကောင်းစွာကျင့်သုံးဆောက်တည် ပါ၏။

၂။ အဒိန္နာဒါနာ- အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ- ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို၊ သမာဒိယာမိ -ကောင်းစွာကျင့်သုံးဆောက်တည်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ- ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ

ယုတ်မာသောအကျင့်မှ၊ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာကျင့်သုံးဆောက်တည်ပါ၏။

၄။ မုသာဝါဒါ- မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ၊ ဝေရ မဏီသိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊သမာဒိယာမိ -ကောင်းစွာကျင့်သုံး ဆောက်တည်ပါ၏။

၅။ ပိသုဏာဝါစာ- ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို၊သမာဒိယာမိ -ကောင်းစွာကျင့်သုံး ဆောက်တည်ပါ၏။

၆။ ဖရုသဝါစာ- ကြမ်းတမ်းစွာဆဲဆိုပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊သမာဒိယာမိ-ကောင်းစွာကျင့်သုံးဆောက်တည် ပါ၏။

၇။ သမ္ဖပ္ပလာပဝါစာ-အကျိုးမရှိသော ဒဏ္ဍာရီစသော သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာကျင့်သုံးဆောက်တည်ပါ၏။

၈။ မိစ္ဆာဇီဝါ- မတရားစီးပွားရှာ အသက်မွေးခြင်းမှ ဝေရမဏီ သိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊သမာဒိယာမိ-ကောင်းစွာကျင့်သုံးဆောက်တည် ပါ၏။

ဤအာဇီဝဋ္ဌမကသီလသည် တစ်ကြိမ်ဆောက်တည် ထားပြီးလျှင်အသက်မွေးမြူမှု စင်ကြယ်နေသမျှ သီလမပျက် သောကြောင့် နေ့စဉ်ဆောက်တည်ရန်မလိုပါ။သို့သော် ထပ်မံ ဆောက်တည်ခြင်းကြောင့် အပြစ်မရှိပါ။

## ပိသုဏာဝါစာ

သူတို့နှစ်ယောက်တို့၏ ညီညွတ်နေမှုကို ကွဲပြား အောင် တစ်ယောက်အပြစ်ကိုတစ်ယောက်ထံ ပြောကြားခြင်း ဖြင့် တစ်ယောက်နှင့်တစ်ယောက် အချစ်ပြယ်၍ ညီညွတ်မှု ကွဲပြားသွားသည်။ ထိုသို့သော ကုန်းတိုက်စကားပြောဆိုခြင်း မှ ရှောင်ကြဉ်ရန် ဖြစ်ပါသည်။

## ပိသုဏာဝါစာဖြစ်ရန် အင်္ဂါ (၅)ပါး

(၁) ညီညွတ်သူနှစ်ဦးရှိခြင်း
(၂) ကွဲပြားစေလိုသောစိတ်ရှိခြင်း၊ မိမိကိုချစ်စေလိုသော စိတ်ရှိခြင်း

(၃) ကွဲပြားအောင် လုံ့လပြုအားထုတ်ခြင်း
(၄) ထိုသို့ပြောသည်ကို သူနှစ်ဦးတို့က နားလည်ခြင်း
(၅) ကွဲပြားကြခြင်း

## ပိသုဏာဝါစာ၏ အပြစ်ဆိုးကျိုးများ

မိတ်ဆွေနှစ်ယောက် ညီညွတ်မှုကိုကွဲပြားအောင် ကုန်းတိုက်သောသူသည် သေသည်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲကြီးစွာခံရသည်။

အပါယ်လေးပါးမှ လွတ်မြောက်ပြီးနောက် လူလာဖြစ်လျှင်လည်း အောက်ပါဆိုးကျိုးများကို ခံစားရပါသည်။

(၁) အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့နှင့် စိတ်ဝမ်းကွဲသွားရခြင်း။
(၂) သူတစ်ပါးလုံ့လကြောင့် ခန္ဓာကိုယ်ပျက်စီးရခြင်း။
(၃) အခြေအရံမဲ့ရခြင်း။
(၄) သူတော်ကောင်းတရား၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားမရှိခြင်း။
(၅) မိတ်ဆွေအပေါင်းအသင်း မတည်မြဲခြင်း။
(၆) လူအများ အမုန်းခံရခြင်း။
(၇) စိတ်ဓာတ်ညစ်ညမ်းခြင်း။

## ပိသုဏာဝါစာရှောင်ကြဉ်ခြင်း၏ကောင်းကျိုး

ပိသုဏာဝါစာ ရှောင်ကြဉ်သောပုဂ္ဂိုလ်သည် ဖြစ်လေရာဘဝတိုင်း၌ အောက်ပါကောင်းကျိုးများ ခံစားရပါသည်-

(၁) သူတစ်ပါးလုံ့လကြောင့် ခန္ဓာကိုယ်မပျက်စီးရခြင်း။
(၂) စည်းစိမ်အခြံအရံမြဲခြင်း။
(၃) သဒ္ဓါတရားမပျက်ခြင်း။
(၄) အဆွေခင်ပွန်းမိတ်ဆွေမပျက်စီးခြင်း။
(၅) လူအများချစ်ခင်မှုခံရခြင်း။
(၆) စိတ်ဓါတ်ကြည်လင်ခြင်း။

## အကျိုးပြဝတ္ထု

### ပုတိမုခပြိတ္တာ

ကဿပဘုရားရှင်လက်ထက်က ဖြစ်သည်။အလိုကြီးသော ရဟန်းတစ်ပါးသည် ရွာငယ်တစ်ခု၌ ကျောင်းထိုင်နေသည်။ အလိုရှိသဖြင့် မထေရ်ကြီးနှစ်ပါးကို ကုန်းတိုက်စကားပြောကြားခဲ့သည်။ မထေရ်ကြီးနှစ်ပါးသည် ထိုကျောင်းမှအသီးသီးထွက်ခွာသွားသည်။

ဘဝပြောင်းသောအခါ ကဿပဘုရားရှင်နှင့် ဂေါတမ

ဘုရားရှင်ကြား၌ အဝီစိငရဲ၌ ဆင်းရဲကြီးစွာခံစားရပါသည်။

ဂေါတမဘုရားရှင်လက်ထက်ဝယ် ရာဇဂြိုဟ်ပြည်အနီး၌ ပုတိပုခပြိတ္တာ ဖြစ်နေရသည်။

ကာယကံစောင့်ထိန်းကျင့်ခဲ့၍ ခန္ဓာကိုယ်ရွှေအဆင်းရှိပြီး နှုတ်မစောင့် ကုန်းတိုက်ခဲ့သောကြောင့် ခံတွင်းပုပ်ပြီး ခံတွင်းမှပိုးလောက်များ ထွက်နေလေသည်။

ဓမ္မပဒ၊ ၄၊ ၂-၂၅၈ သုကရပေတဝတ္ထု

## ဖရုသဝါစာ

မကြားဝံ့မနာသာ အယုတ်တမာဆဲဆိုမှု၊ ကျွဲတိုက်၍ သေပါစေ၊ ကားတိုက်၍ သေပါစေ၊ လောင်းမီးကျပါစေ၊ မိုးကြိုးခပါစေ၊ ယုတ်ညံ့သောအင်္ဂါနှင့် တိုင်းပြီးပြောဆိုခြင်း၊ ကျိန်ဆဲခြင်းတို့သည် ဖရုသဝါစာ မည်ပါသည်။

တရားကိုယ်အားဖြင့် ဆဲဆိုလိုသောစေတနာသည် ဖရုသဝါစာ မည်ပါသည်။

ဒီပဲယင်းဆရာတော်ဘုရားကြီး၏ ပရမတ္ထစက္ခုဒီပနီ (စာ-၂၁၂) ၌ "ဖရုသဝါစာ၌ နှုတ်ထွက်ကြမ်းသည် ဖြစ်စေ၊ စေတနာကြမ်းကိုသာ အကြမ်းဟု ဆိုရပါမည်။ ထို့ကြောင့် မိဘတို့က သားသမီးတို့ကို ကျိန်ဆဲရာ၌ ဖရုသဝါစာမဖြစ်၊

ဘုရင်မင်းမြတ်တို့သည် လူတစ်ယောက်ကို သတ်စေရာ၌ 'ချမ်းသာစွာအိပ်ပါစေ'ဟုဆိုလိုက်သည်။စကားအရာချိုသာသော်လည်း ဖရုသဝါစာထိုက်သည်ဟု"ဖွင့်ဆိုပြထားပါသည်။

## ဖရုသဝါစာမြောက်ရန်အင်္ဂါ

(၁) အဆဲခံရသူရှိခြင်း

(၂) အမျက်ထွက်၍ စိတ်ဆိုးခြင်း

(၃) ဆဲရေးခြင်း

## ဖရုသဝါစာအပြစ်များ

ကြမ်းကြုတ်သော စကားကိုဆိုသောသူသည် သေသည်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲစွာခံစားရသည်။ အပါယ်လေးပါးမှ လွတ်မြောက်ပြီးနောက် လူ့ဘဝရောက်သောအခါတွင်လည်း အောက်ပါဆိုးကျိုးများ ခံစားရပါသည်။

(၁) မနှစ်သက်သောအသံကို ကြားရခြင်း

(၂) အများအမုန်းခံရခြင်း

(၃) ကဲ့ရဲ့ပြစ်တင်ခံရခြင်း

(၄) ဆင်းဆင်းရဲရဲနေထိုင်ရခြင်း

(၅) သာယာနာပျော်ဖွယ်သောအသံမရှိခြင်း

(၆) အလုံးစုံသော အသံအင်္ဂါပျက်စီးခြင်း
(ဆွံ့အခြင်း)

## ဖရုသဝါစာရှောင်ကြဉ်အကျိုး

မကြားဝံ့မနားသာ ကြမ်းကြုတ်သောစကားကို ပြောဆိုခြင်းမှရှောင်ကြဉ်သောပုဂ္ဂိုလ်သည် ဖြစ်လေရာဘဝ တိုင်း၌ အောက်ပါကောင်းကျိုးများကို ခံစားရပါသည်။

(၁) လူသတ္တဝါများက ချစ်ခင်ခံရခြင်း
(၂) လူသတ္တဝါ၏စိတ်နှလုံးကို နှစ်သက်စေနိုင်ခြင်း
(၃) ချမ်းသာစွာနေရခြင်း
(၄) သာယာနာပျော်ဖွယ်သော စကားရှိခြင်း
(၅) လူအများချီးမွမ်းခံရခြင်း
(၆) အင်္ဂါရှစ်ပါးရှိသောအသံနှင့် ပြည့်စုံခြင်းတို့ကို ခံစားရပါသည်။

## အကျိုးပြဝတ္ထုများ

### ရေဝတီ

ဗာရာဏသီပြည်ဝယ် နန္ဒိယဥပါသကာသည် ရတနာ သုံးပါးကို ကြည်ညို၍ သံဃာတော်များကို ဆွမ်းနေ့စဉ်ပြုစုလုပ် ကျွေးသည်။ ကျောင်းဆောက်လှူဒါန်း၍ မသေခင်ကပင်

နတ်ပြည်၌ ဘုံဗိမာန်ပေါက်ခဲ့သည်။

သူ၏ဇနီးရေဝတီသည် သဒ္ဓါတရားမရှိ၊ လင်ကို ကြောက်၍သာမန်ဟန်ဆောင်၍ ဆွမ်းလှူသည်။ နန္ဒိယ ဥပါသကာ ကွယ်လွန်ပြီးသောအခါ အလှူခံတို့အား လှသွား ပမာ ကြမ်းကြုတ်သောစကားဖြင့် ဆဲရေးသည်။ သို့အတွက် ဘီလူးနှစ်ကောင်သည် ရေဝတီကို အရှင်လက်လက်ဆွဲယူကာ အသူတစ်ရာနက်သော ဘင်ပုပ်ငရဲသို့ ပစ်ချခဲ့ကြသည်။ ရေဝတီသည် ထိုငရဲ၌ အနှစ်-နှစ်ထောင် ခံရသည်။

## ဝက်နှုတ်သီးပြိတ္တာ

ကဿပဘုရားရှင် သာသနာတော်၌ ရဟန်းတစ်ပါး သည် ရဟန်းများစွာကို ကြမ်းကြုတ်စွာ ဆဲဆိုခဲ့သည့်အတွက် ဘုရားနှစ်ပါး ကြားဝယ် ငရဲ၌ ကြီးစွာ ခံစားခဲ့ရသည်။

ဂေါတမဘုရားရှင်လက်ထက်ရောက်သောအခါ ဂိဇ္ဈကုတ်တောင်ခြေ၌ကာယကံဆောင်ခဲ့၍ ရွှေအဆင်းနှင့်တူ သော ကိုယ်ရှိပြီး ဝစီကံမဆောင်ခဲ့၍ ဝက်နှုတ်သီးနှင့်တူသော ပါးစပ်ရှိသော ပြိတ္တာဖြစ်နေလေသည်။

နန္ဒိဝိလာသဇာတ်တွင် ပုဏ္ဏားကြီးသည် မိမိနွားကို ကောက်ကျစ်သောနွား၊ ယုတ်မာသောနွားဟု ဆိုခဲ့သဖြင့်

ပြိုင်ပွဲ၌ ငွေတစ်ထောင် ဆုံးရှုံးခဲ့ရသည်။

## သမ္ဖပ္ပလာပဝါစာ

စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကား၊အနက်အဓိပ္ပါယ်မရှိ၊ ပြိန်ဖျင်းသောစကားကို ဆိုကြောင်းဖြစ်သောစေတနာသည် သမ္ဖပ္ပလာပဝါစာ မည်ပါသည်။

ယင်းစကားနှင့် ပတ်သက်၍ ပရမတ္ထစက္ခုကျမ်း၌ ဒီပဲယင်းဆရာတော်ဘုရားကြီးက (စာ - ၂၁၂)

" အနက်ဆံကင်းဆိုသည်မှာ ရာမမင်း၏ သီတာဒေဝီမိဖုရားကို ခေါင်းဆယ်လုံးရှိ ဘီလူးမင်းခိုးယူသည်။ ရွှေယုန်နှင့်ရွှေကျား သက်ကယ် ရိပ်သွားကြသည်။ ဤသို့စသည် ရှေ့က မဖြစ်ဖူး၊ မရှိဖူးသည်ကို ဖြစ်ဖူး၊ ရှိဖူး သကဲ့သို့ သူတစ်ပါးရာဂပွားရန် ဒေါသပွားရန် မောဟပွားရန် ကြံဖန်၍ ပြောဆို ကြသော စကားဟူသမျှ စပါးဖျင်းကဲ့သို့ အနက်ဆံဒြပ်မပါသည်ကို ဆိုသည်။ သူ့ကိုဆုံးမရာ တရားဓမ္မဟောရာပြောရာ၌ ထင်လွယ်မြင်လွယ်အောင် ဥပမာပုံပြ၍ ထည့်သွင်းပြောဆိုရာတို့၌ သမ္ဖပ္ပလာပဝါစာမဖြစ်" ဟု ဖွင့်ဆိုထားပါသည်။

## သမ္ဖပ္ပလာပဖြစ်ရန် အင်္ဂါ (၃)ပါး

(၁) အနက်ဆံကင်းပြိန်ဖျင်းသော စကားကို

ဆိုလိုသောစိတ်ရှိခြင်း။
(၂) ပြိန်ဖျင်းသော စကားကိုဆိုခြင်း။
(၃) သူတစ်ပါးကို ယုံကြည်ခြင်း။

## သမ္ဖပ္ပလာပ၏ မကောင်းဆိုးကျိုး

စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကား၊အနက်အဓိပ္ပာယ် မရှိ၊ပြိန်ဖျင်းသောစကားကို ပြောဆိုသောသူသည် ခန္ဓာပျက်သည်၏ အခြားမဲ့တွင် အပါယ်လေးပါး၌ ဆင်းရဲကြီးစွာ ခံစားရသည်။

အပါယ်လေးပါးမှ လွတ်မြောက်ပြီးနောက် လူ့ဘဝရောက်သည့် အခါတွင်လည်း အောက်ပါ ဆိုးကျိုးများ ခံစားရပါသည်။

(၁) မိမိပြောဆိုသောစကားကို သူတစ်ပါးမယုံကြည်ခြင်း။
(၂) မိမိကို လူအများမုန်းတီးခြင်း၊
(၃) လူအများက မိမိကို အလေးမထားခြင်း၊
(၄) အများယုံကြည်ဖွယ်ဖြစ်အောင် မပြောတတ်ခြင်း၊
(၅) လာဘ်လာဘနည်းပါးခြင်း၊
(၆) ဘုန်းတန်ခိုးအရှိန်စော်အာနုဘော်နည်းပါးခြင်း၊
(၇) ပညာသေးသိမ်မှေးမှိန်ခြင်း။

## သမ္ဖပ္ပလာပဝါစာရှောင်ကြဉ်ရခြင်း၏ကောင်းကျိုး

စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကား၊အနက်အဓိပ္ပာယ်မရှိ ပြိန်ဖျင်းသောစကား ပြောဆိုခြင်း သမ္ဖပ္ပလာပဝါစာမှ ရှောင်ကြဉ်သောသူသည် ဖြစ်လေရာဘဝတိုင်း၌ အောက်ပါကောင်းကျိုးများကို ခံစားရပါသည်။

(၁) လူအများချစ်ခင်ခြင်း၊လေးမြတ်ခြင်း၊နှစ်သက်ခြင်း။
(၂) လူသတ္တဝါတို့၏ စိတ်နှလုံးကို တိုးပွားစေနိုင်ခြင်း။
(၃) ယုံကြည်ဖွယ်သောစကားရှိခြင်း။
(၄) ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း။
(၅) အမေးပဥှာပြဿနာများကို ဖြေချင်းဖြေဆိုခြင်း။

## အကျိုးပြဝတ္ထု

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် တာဠပုဋကချေသည်မှူးအား ကချေသည်များသည် လူတို့ကို လောဘ၊ ဒေါသ၊မောဟသို့ရောက်အောင် မိုက်မဲအောင် ဖြားယောင်းသွေးဆောင်ကပြသီဆိုသောကြောင့် စုတေသောအခါ ပဟာသငရဲ၌ ဆင်းရဲကြီးစွာ ခံစားရကုန်၏ ဟု ဟောတော်မူခဲ့ပါသည်။

## မိစ္ဆာအာဇီဝ(၅)မျိုး

“**လက်နက်,လူ,သား၊ သေ,ဆိပ်ငါး၊ရောင်းစား မပြု ကောင်း**” ဟူသောငါးမျိုးသည် မိစ္ဆာဇီဝဖြစ်သည်။ယင်းတို့ကို ရတနာသုံးပါးကိုးကွယ်သူ ဥပါသကာတို့ မပြုကောင်းပေ။

ထို့အပြင် မြင်းလောင်း၊နွားလောင်း၊ ကြက်တိုက်၊ဖဲရိုက်၊ လောင်းကစား ပစ္စည်းရှာဖွေမှုများသည် မိစ္ဆာဇီဝများပင် ဖြစ်ပါသည်။

## သမ္မာအာဇီဝ

ဖော်ပြခဲ့သော မိစ္ဆာဇီဝမှရှောင်ကြဉ်၍ တရားသဖြင့် ရရှိသော ပစ္စည်းများကို ဓမ္မိယလဒ္ဓပစ္စည်းဟု ခေါ်ပါသည်။ ယင်းတို့မှာ-

- မိဘဘိုးဘွားစသူတို့ထံမှ အမွေအနှစ်ရသောပစ္စည်း
- ဒါမှုထမ်းလုပ်၍ရသောပစ္စည်း
- လက်မှုပညာဖြင့်ရသောပစ္စည်း
- လယ်ယာလုပ်ငန်းရသောပစ္စည်း
- တရားသဖြင့် ရောင်းဝယ်ဖောက်ကား၍ရသောပစ္စည်း
- ကာယလုပ်အားဖြင့်ရသောပစ္စည်း

ဤပစ္စည်းများဖြင့် အသက်မွေးသောသူသည်

သမ္မာအာဇီဝ ဖြစ်ပါသည်။

## ရဟန်းတော်များ၏ သမ္မာအာဇီဝ

ရဟန်းတော်များသည် မတရားသဖြင့် ရအပ်သော ပစ္စည်းကို လုံးဝစွန့်ပယ်နိုင်မှသာ သမ္မာအာဇီဝဖြစ်သည်။

ဆေးကုသမှုဗေဒင်ဟောမှုကြည့်ညိုအောင် ဟိတ်ဟန်ဆောင်မှုစသော မတရားမှုဖြင့်ရသောပစ္စည်းကို သုံးစွဲနေလျှင် သုံးစွဲတိုင်း-သုံးစွဲတိုင်း အာပတ်သင့်ရုံမက ထိုပစ္စည်းကို အခြားရဟန်းများသုံးစွဲလျှင် အာပတ်သင့်ပါသည်။

ထို့ကြောင့်ရဟန်းတို့၏ မိစ္ဆာဇီဝသည် လူတို့၏ မိစ္ဆာဇီဝထက် ပို၍ အပြစ်ကြီးသည်။

ရဟန်းတော်များ၏အာဇီဝပါရိသုဒ္ဓိကို ပြဆိုရာဝယ် အသက်မွေးမှုဟူသော အကြောင်းကြောင့် ပညတ်ထားအပ်သော သိက္ခာပုဒ် (၆)ပါးရှိပါသည်။

(၁) အသက်မွေးမှုဟူသောအကြောင်းကြောင့် ယုတ်မာသော အလိုဆိုးဖြင့် မိမိ၌ ထင်ရှားမရှိသော ဈာန်၊ မဂ်၊ ဖိုလ်တရားကိုရှိသယောင်ဟောပြောအံ့- ပါရာဇိက အာပတ်သင့်သည်။

(၂) အသက်မွေးမှုဟူသော အကြောင်းကြောင့် အောင်

သွယ်မှုပြုအံ့- သံဃာဒိသိသ် အာပါတ်သင့်သည်။

(၃) အသက်မွေးမှုဟူသောအကြောင်းကြောင့် ထိုကျောင်း၌ နေသောရဟန်းသည် ရဟန္တာတည်းဟု ပြောဆိုသည်ကို ဝန်ခံအံ့-ထုလ္လစဥ်းအာပတ်သင့်သည်။

(၄) အသက်မွေးမှုဟူသော အကြောင်းကြောင့် ရဟန်းသည် မဖျားနာဘဲလျက် မိမိအကျိုးငှာ မွန်မြတ်သော ဘောဇဉ်အာဟာရကို နှုတ်မြွက်တောင်းရမ်း၍ သုံးဆောင်ငြားအံ့၊ ပါစိတ်အာပတ်သင့်သည်။

(၅) အသက်မွေးမှုဟူသော အကြောင်းကြောင့် ရဟန်းမိန်းမသည် မနာမဖျားဘဲလျက် မိမိအကျိုးငှာ မွန်မြတ်သော ဘောဇဉ်အာဟာရကိုတောင်း၍ သုံးဆောင်ငြားအံ့- ပါဋိဒေသနိအာပတ်သင့်သည်။

(၆) အသက်မွေးမှုဟူသော အကြောင်းကြောင့် ရဟန်းသည် မနာမဖျားဘဲလျက် ဟင်းကိုဖြစ်စေ၊ ထမင်းကို ဖြစ်စေ၊ မိမိအကျိုးငှာတောင်း၍ သုံးဆောင်ငြားအံ့- ဒုက္ကဋ်အာပတ်သင့်သည်။

ရဟန်းတော်များသည် ထိုကိစ္စများစင်ကြယ်မှ သမ္မာအာဇီဝဖြစ်သည်။

## အကျင့်မြတ်အစ

ငါးပါးသီလကိုဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ လွန်ကျူးလျှင် အပြစ်ရှိသကဲ့သို့ ဤအာဇီဝဋ္ဌမကသီလကိုလည်း ဆောက်တည်သည် ဖြစ်စေ၊ မဆောက်တည်သည် ဖြစ်စေ /လွန်ကျူးလျှင် အပြစ်ရှိ၏။

ငါးပါးသီလသည် သူတော်ကောင်းတို့ အမြဲစောင့်ထိန်းရမည့် နိစ္စသီလဖြစ်သကဲ့သို့ ဤအာဇီဝဋ္ဌမကသီလသည်လည်း သူတော်ကောင်းတို့ အမြဲစောင့်ထိန်းရမည့် ကိုယ်ကျင့်နိစ္စသီလဖြစ်ပါသည်။ ဤသီလမလုံခြုံလျှင် မဂ်ဖိုလ်မရနိုင်ပါ။ ဤအာဇီဝဋ္ဌမကသီလလုံခြုံမှ မဂ်ဖိုလ်ကိုရနိုင်သဖြင့် ဤသီလကို မဂ်တည်းဟူသော မြတ်သောအကျင့်၏အစ အခြေခံသီလဖြစ်၍ အာဒိဗြဟ္မစရိယသီလဟု ကျမ်းစာတို့၌ခေါ်ဆိုသည့်အားလျော်စွာ လယ်တီဆရာတော်ဘုရားကြီးက သီလဝိနိစ္ဆယပေါင်းချုပ် (စာ-၁၄၄) ၌-

" ဤအာဇီဝဋ္ဌမကသီလသည် မြတ်စွာဘုရားသာသနာတော်၌ အခြေခံအမာခံရောတည် တရားဖြစ်၍ အာဒိဗြဟ္မစရိယသီလမည်၏။ နေထွက်လိုသည်ရှိသော် ရှေးဦးစွာဖြစ်ပေါ်၍လာသော နေအရုဏ်နှင့်တူသည် ဟု

မြတ်စွာဘုရားဟောတော်မူ၏ ” ဟု ဖော်ပြထားပါသည်။

## နဝင်္ဂသီလ (ကိုးပါးသီလ)

နဝင်္ဂသီလဥပုသ်သည် နဝင်္ဂုတ္တရပါဠိတော်၌ တိုက်ရိုက်လာသည်။ အင်္ဂါကိုးပါးရှိသောသီလကို နဝင်္ဂသီလ ဟုခေါ်ပါသည်။ ရှစ်ပါးသီလတွင် မေတ္တာဘာဝနာကိုထည့်၍ ကိုးပါးသီလဖြစ်လာပါသည်။ မေတ္တာကိုအဓိကထား၍ တည်ဆောက်ရသော ဥပုသ်သီလဖြစ်ပါသည်။ ထိုဥပုသ်သီလကို ဘုရားရှင်လက်ထက်မှာပင် အချို့ပုဂ္ဂိုလ်များ ကျင့်သုံးဆောက်တည်ကြသည်။ မေတ္တာကို အမွှမ်းတင်၍ ဆောင့်အပ်သော ဥပုသ်သီလသည် ရိုးရိုးဥပုသ်သီလထက် အကျိုးများသည်။

စကြာမင်းလောင်းတို့သည် စကြာရတနာရောက်လာစေရန် ကောင်းမွန်စွာစောင့်ရှောက်အပ်သော သီလဟု ဆရာတော်ဦးဇုမ်၏ ဒါနဖလပ္ပတ္တိကျမ်း (၂၈၉) ၌ ဖော်ပြထားပါသည်။

## သီလတောင်းပုံ

အဟံ ဘန္တေ၊ တိသရဏေန သဟ၊ နဝင်္ဂသမန္နာဂတံ၊ ဥပေါသထ သီလံ မေ့ယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ

မေဘာန္တေ။

ဒုတိယမ္ပိ၊ ---------------------------။

တတိယမ္ပိ၊ ---------------------------။

**အနက်-**

ဘန္တေ- အရှင်ဘုရား၊ အဟံ- တပည့်တော်တို့သည်၊ တိသရဏေန - သရဏဂုံသုံးပါးနှင့်၊ သဟ- တကွ၊ နဝင်္ဂသမန္နာဂတံ-အင်္ဂါကိုးပါးနှင့် ပြည့်စုံသော၊ ဥပေါသထသီလံ- ဥပုသ် သီလတည်းဟူသော၊ ဓမ္မံ-သိက္ခာပုဒ်အကျင့်ကို၊ ယာစာမိ- တောင်းပန်ပါ၏။

ဒုတိယမ္ပိ- နှစ်ကြိမ်မြောက်လည်း-

တတိယမ္ပိ- နှစ်ကြိမ်မြောက်လည်း-

အာမဘန္တေ

နမောတဿ (၃) ခေါက်ဆိုပါ။

သရဏဂုံသုံးပါး (၃) ခေါက်ဆိုပါ။

## ကိုးပါးသီလဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၂။ အာဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

၇။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

၁၀။ မေတ္တာသဟဂတေန စေတသာ၊ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

**အနက်** -

မေတ္တာသဟဂတေန-မေတ္တာနှင့်တကွဖြစ်သော၊ စေတသာ- စိတ်ဖြင့်၊ သဗ္ဗပါဏ ဘူတေသု- အလုံးစုံသော သတ္တဝါတို့၌၊ ဖရိတွာ- ပျံ့နှံ့စေ၍၊ ဝိဟရဏံ-နေခြင်းကို၊ သမာဒိယာမိ- ဆောက်တည်ပါ၏။

မှတ်ချက်။ ။ အချို့က ယထာဗလံ၊ မေတ္တာသဟဂတေန စေတသာ သဗ္ဗဝန္တံလောကံ ဖရိတွာ ဝိဟာရာမိ ဟူ၍ ဆောက်တည်ကြပါသည်။

ဤသို့ ခံယူဆောက်တည်မှုသည် အစဉ်အလာတစ်ခု

ဖြစ်နေပါသည်။ မေတ္တာသည် ပါဏာတိပါတာစသော သိက္ခာပုဒ်များကဲ့သို့ ရှောင်ကြဉ်ရမည့် သိက္ခာပုဒ်မဟုတ်ပါ။

ပါဏာတိပါတမှ ရှောင်ကြဉ်ပါ၏ ဟု ဆောက်တည်ရာဝယ်တစ်နေ့လုံး ရှောင်ကြဉ်နိုင်သကဲ့သို့ မေတ္တာဖြင့်နေပါမည်ဟု ဆောက်တည်သူသည် တစ်နေ့လုံးမေတ္တာဖြင့် မနေနိုင်သောကြောင့် သိက္ခာပုဒ်မဟုတ်ချေ။

မိမိနှင့်မတည့်သူများကိုမြင်တွေ့ရလျှင် ဒေါသဖြစ်ရ၏။ မေတ္တာသည် ဒေါသနှင့်ဆန့်ကျင်ဘက်ဖြစ်၍ ဒေါသဖြစ်လျှင် မေတ္တာပျက်၏။

ထို့ကြောင့်အချို့ဆရာများက မေတ္တာသည် သိက္ခာပုဒ်မဟုတ်၊ သီလလည်းမဟုတ်၍ ဆောက်တည်ဖွယ် မလိုဟု ဆိုကြပါသည်။

မေတ္တာသည် ဘာဝနာသာဖြစ်၍ နဝင်္ဂဥပုသ်စောင့်သူသည် ရှစ်ပါးသီလဆောက်တည်ပြီးနောက် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေလျှင် နဝင်္ဂသီလဥပုသ်ဆောက်တည်ပြီး ဖြစ်တော့သည်။

ဗြဟ္မစိုရ်ဟုခေါ်သော တရားလေးပါးရှိလျက် မေတ္တာကိုသာ အထူးထုတ်၍ ရှစ်ပါးသီလနှင့်တွဲစပ်ကာ နဝင်္ဂဥပုသ်အနေဖြင့် ဟောကော်မူခြင်းမှာ မေတ္တာတရားက အကျိုးကြီးမားသော

ကြောင့် ဟောတော်မူခြင်းဖြစ်သည်ဟု တိပိဋကရေ မင်းကွန်း ဆရာတော်ကြီး မဟာဗုဒ္ဓဝင် (ပထမတွဲ)၌ ရေးသားခဲ့ပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော်၌ မေတ္တာသဟဂတေန စေတသာ ဧကဒိသံ ဖရိတွာ ဝိဟရာတိဟုဆိုသည်မှာ အရပ်မျက်နှာကို မမှတ်ဘဲ ပွားများခြင်းထက် အရပ်မျက်နှာကိုမှတ်၍ပွားများခြင်းက သာလွန်ထိရောက်သည်ဟု ဖွင့်ဆိုပြထားပါသည်။

## မေတ္တာတန်ခိုး

-ဒါနစသော ပုညကြိယာဝတ္ထုဆယ်ပါးကို ပြုနေသူသည် မေတ္တာစျာန်ပွားများမှု၏ ၁၆- စိတ်စိတ် တစ်စိတ်ကို သော်မျှ မမီ၊မေတ္တာဘာဝနာအကျိုးကသာ လွှမ်းမိုးတင့်တယ်သည်။

(ဣတိဝုတ်၊ ပါ၊ မေတ္တာဘာဝနာသုတ်)

-မျက်စိတစ်မှိတ်၊လက်ဖျစ်တစ်တီးကြား မေတ္တာပွားသော ရဟန်းသည် ပြည်သူတို့လှူဒါန်းသောဆွမ်းကို အကျိုးရှိစွာသုံးသည်မည်၏။

(အံ၊ ပါ) အစ္ဆရာသင်္ဃာတဝဂ္ဂ

-နွားနို့တစ်ညှစ်ခန့်မျှ မေတ္တာပွားများသော ကုသိုလ်သည် နံနက် တစ်ကြိမ်၊ နေ့လည် တစ်ကြိမ်၊ ညချမ်းတစ်ကြိမ်

စသဖြင့် ဤအချိန်သုံးချိန်တို့၌ ထမင်းအိုးကြီး တစ်ရာစီ တစ်ရာစီချက်၍ လှူရသည်ထက် အကျိုးများသည်။
(နိ၊သံ၊ ပါဩပမသုတ်)

-လုံသွားကို လူများမကိုင်ဝံ့သလို မေတ္တာပွားနေသူကလည်း ဘီလူးများ၊ သရဲများ၊တစ္ဆေများ မပူးဝင် မနှောက်ယှက်နိုင်။
(နိ၊သံ၊ ပါ သတ္တိသုတ်)

-ယောကျ်ားများသောအိမ်ကို သူခိုးဓားပြများ မနှိပ်စက်နိုင်သကဲ့သို့ မေတ္တာပွားသူကိုလည်း ဘီလူးသရဲများ မနှိပ်စက်နိုင်။
(နိ၊ သံ၊ ပါ ကုလသုတ်)

## မေတ္တာပို့လျှင် ရောက်နိုင်ပုံ

မေတ္တာသည် ပို့လျှင် ပို့သူထံရောက်နိုင်ပါသည်။ လောကဥပမာတွင် လိပ်မသည် ဥကို သဲသောင်တွင်ဥပြီး ရေထဲမှ မေတ္တာပို့သဖြင့် လိပ်ကလေးများ မွေးရသည်ဟု ဥပမာပြုပါသည်။

စရိယပိဋကတ်တွင် ဘုရားရှင်က အရှင်သာရိပုတ္တရာအား ဟောတော်မူသည်မှာ-

" ငါဘုရားသည် သုဝဏ္ဏသာမဖြစ်စဉ်က တောတွင်းရှိ ခြင်္သေ့၊ သစ်၊ ကျားစသည်များကို မေတ္တာပွားလျက် ၎င်းတို့နှင့်အတူ သိကြားမင်းဖန်ဆင်း ပေးသော ကျောင်း၌နေသည်။ တိရစ္ဆာန်တွေက ငါ့ကိုမကြောက်သလို ငါကလည်း မကြောက်ပါ။ မေတ္တာစွမ်းအား ထောက်ပံ့ထားသည်ဖြစ်၍ တော၌ပင် ငါဘုရားမွေ့လျော်ခဲ့ပါသည်"

မြစိမ်းပင်နဟ်သမီးက စိတ္တလတောင်ကျောင်း၌ လေးလသီတင်းသုံးပြီးပြောင်းသွားတော့မည့် ဝိသာခါ မထေရ်အား ငိုယိုလျက် လျှောက်ထားသည်မှာ-

" အရှင်ဘုရား ဤအရပ်မှာ သီတင်းသုံးသဖြင့် အရှင်မြတ်၏မေတ္တာကြောင့် ဤအရပ်မှာရှိနေကြသော နတ်ဘီလူးစသည်များ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်ချစ်ခင်ကြပါသည်။ အရှင်ဘုရား ပြန်ကြွသွားလျှင်မူ သူတို့အချင်းချင်း ရန်ဖြစ်ပါတော့မည် "

ဘုရားရှင်ကြွလာလျှင် အားလုံးကြိုဆိုကြရမည်။ မကြိုဆိုလျှင် ငွေဒဏ်တပ်ခံရမည်ဟု မလ္လမင်းတို့က အမိန့်ထုတ်ထားရာ ရှင်အာနန္ဒာ၏သူငယ်ချင်း ရောဇမလ္လာမင်းသည် ဘုရားရှင်၌မကြည်ညိုသော်လည်း ငွေဒဏ်တပ်ခံရ မည်စိုး၍ လာရောက်ကြိုဆိုသည်။ ရှင်အာနန္ဒာက ဘုရားရှင်ကို

"စိတ်နှလုံးနူးညံ့အောင် ပြုပေးတော်မူပါဘုရား " ဟု လျှောက်ထားရာ ဘုရားရှင်ကရောဇမလ္လာမင်းအား သီးခြားမေတ္တာဖြန့်တော်မူရာ အမိနှင့်ကွဲနေသော နွားငယ်ပမာ ရောဇမလ္လာမင်းသည် ဘုရားရှင်အပေါ် ကြည်ညိုလျှင် ကျောင်းတော်ရာရောက်အောင် လိုက်လာခဲ့သည်။

## မေတ္တာပို့ဒဏ်ခံရသူများ

ဇာတ်တော်များတွင် မေတ္တာပို့သူကို ပြန်ကန်တော့တောင်းပန်ရသော ဇာတ်လမ်းများရှိခဲ့ပါသည်။

ဗြဟ္မဒတ်မင်း အပြစ်ရှိသောအမတ်တစ်ယောက်အား ဗာရာဏသီမှ နှင်ထုတ်လိုက်သည်။ ထိုအမတ်သည် ကောသလမင်းထံ ခစားလျက် ကုန်းတိုက်သဖြင့် ကောသလမင်းက စစ်ချီကာ ဗြဟ္မဒတ်မင်းနှင့်တကွ အမတ်များကို ဖမ်းဆီးချုပ်နှောင်ထားသည်။

ဗြဟ္မဒတ်မင်းသည်ရန်သူကောသလမင်းကို အမျက်တော်မထွက်ဘဲ မေတ္တာကိုသာပွားနေလေရာ ထိုမေတ္တာစျာန်ရှိန်ကြောင့် ကောသလမင်းကိုယ်မှာ မီးမြိုက်ခံရသလို ပူလောင်တော့သည်။မင်းက ထိုအကြောင်းကိုမေးရာ သီလရှိသောမေတ္တာရှင်ဗြဟ္မဒတ်မင်းကို ပြစ်မှားမိသောကြောင့်ဟု အမတ်

များက လျှောက်ထားသည်။

ထိုအခါကျမှ ကောသလမင်းသည် ဗြဟ္မဒတ်မင်းကို အချုပ်မှလွှတ်ပြီး ကန်တော့သည်။ တိုင်းပြည်ကိုပြန်ပေးသည်။ ထိုအခါကျမှ ကိုယ်ပူလောင်မှ ပျောက်ကင်းသွားသည်။ (သေယျဇာတက)

ကောသလတိုင်း ဒဗ္ဗိသေနမင်းသည် ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူပြီး ဗြဟ္မဒတ်မင်းနှင့်တကွ အမတ်များကို ချုပ်နှောင်ထားသည်။ ဗြဟ္မဒတ်မင်းက ရန်သူမင်းကို အာရုံပြုပြီး မေတ္တာပို့လွှတ်သည်။ဒဗ္ဗိသေနမင်း ကိုယ်ပူလောင်ပြီး မနေနိုင်သောကြောင့် ဗြဟ္မဒတ်မင်းကိုထောင်မှလွှတ်ကာ ကန်တော့ရသည်။ (ဧကရာဇဇာတက)

## ရှေးဦးစွာ မေတ္တာမပွားထိုက်သူ(၆)ဦး

၁။ မိမိအကျိုးကို မပြု၍ မချစ်ခင်သူ
၂။ အလွန်ချစ်သူ
၃။ အလယ်အလတ်ဖြစ်သူ
၄။ မိမိအကျိုးမဲ့ကို ပြုသောရန်သူ
၅။ ရာဂဖြစ်စေသော လိင်မတူသူ
၆။ သေသူ

# မေတ္တာပွားရာ နည်းလမ်းပြ

စိတ်ဆိုးသောသူသည် အကျိုးအကြောင်းကို မသိခြင်း၊ ဒေါသနှိပ်စက်သဖြင့် လူသတ်မှုစသည်ကိုပင် ကျူးလွန်နိုင်သည်။ ထို့ကြောင့်မေတ္တာပွားလိုသူသည် ဒေါသ၏အပြစ်ကို သဘောကျအောင် ဆင်ခြင်သုံးသပ်ရသည်။

-မိမိအပေါ် သူတစ်ပါးစော်ကားမှုကို သည်းခံနိုင်ခြင်းသည် ပြုသင့်တာကို ပြုရာရောက်၊ မပြုသင့်တာကို ပယ်ရာရောက်သောအမြတ်ဆုံး အကျင့်ဖြစ်သည်။

- သည်းခံမှုခွန်အား၊ ဒေါသစသည်ကို ပယ်နိုင်သောအားရှိသောသူကိုသာ မကောင်းမှုကို မျှောပြီးသူ (ဗြဟ္မဏ) ဟူ၍ ဘုရားရှင်ဟောတော်မူသည်။

- သည်းခံခြင်းထက် မြတ်သောတရားကား မရှိပေ။

ဤသို့သော သည်းခံမှုအကျိုးကို ဉာဏ်၌ ထင်မြင်စေပြီးလျှင် မေတ္တာစတင်မပွားထိုင်သူ (၆)ဦးကိုကြဉ်၍ မိမိကိုယ်ကို ပထမပွားပါ။ တစ်ဖန် "ငါသည် ချမ်းသာလို၍ ဆင်းရဲခြင်းကိုစက်ဆုပ်သည်၊ အသက်ရှည်လိုသည်၊ အလားတူပင် သတ္တဝါအားလုံးသည် ချမ်းသာလိုကြသည်၊ ဆင်းရဲကို စက်ဆုပ်ကြသည်၊ အသက်ရှည်၍ မသေလိုကြပါ"

ဤသို့ ကိုယ်ချင်းစာတရားထားပြီးလျှင် မိမိကိုယ်၌

အဖန်ဖန် ပွားရပါမည်။

ထို့နောက်မေတ္တာရောက်လွယ်အောင် ချစ်မြတ်နိုး လေးစားအပ်သော မိဘ၊ ဆရာ၊ ဉာတိ၊ ပစ္စည်းလေးပါး ဒါယကာ၊ဒါယိကာများကို ယင်းတို့၏ဂုဏ်ကို အာရုံပြုလျက် မေတ္တာပွားရပါမည်။

ထို့နောက် အလယ်အလတ်ဖြစ်သူနှင့် ရန်သူကိုပွားရပါမည်။ မေတ္တာပွားရန် အတိုချုပ်မှာ-

- ရှေးဦးစွာ မိမိကိုယ် (အတ္တ)
- ထို့နောက် ချစ်မြတ်နိုးအပ်သော မိဘ၊ ဆရာ၊ ဉာတိ (ပိယ)
- ထို့နောက် အလယ်အလတ် (မဇ္ဈတ္တ)
- ထို့နောက် ရန်သူ (ဝေရီ)

**ပွားပုံမှာ**

(၁) ငါဟူသော ရာ ဤခန္ဓာ-ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း- ဆင်းရဲမရှိဖြစ်ပါစေ။
(အတ္တ)

(၂) မိဘဆရာ ဉာတကာ-ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း- ဆင်းရဲမရှိဖြစ်ပါစေ။
ပစ္စည်းလေးဖြာ၊ ဒါယကာ-ချမ်းသာကိုယ်စိတ်မြဲ

ပါစေ။

ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း- ဆင်းရဲမရှိဖြစ်ပါစေ။

(ပိယ)

(၃)ဤမြို့တွင်းမှာ၊ ဝေနေယျာ-ချမ်းသာကိုယ်စိတ်မြဲ ပါစေ။

ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း- ဆင်းရဲမရှိဖြစ်ပါစေ။

ဤတိုင်းပြည်မှာ၊ဝေနေယျာ-ချမ်းသာကိုယ်စိတ်မြဲ ပါစေ။

ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း- ဆင်းရဲမရှိဖြစ်ပါစေ။

စကြဝဠာ၊အနန္တာ-ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း- ဆင်းရဲမရှိဖြစ်ပါစေ။

(မဇ္ဈတ္တ)

(၄)ရန်ပြုကြရာ၊များသတ္တဝါ-ချမ်းသာကိုယ်စိတ်မြဲ ပါစေ။

ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း- ဆင်းရဲမရှိဖြစ်ပါစေ။

(ဝေရီ)

မှတ်ချက်။ ။ ဝေရီ (ရန်သူ)ကို မေတ္တာပို့ရာ၌ မေတ္တာ မရောက်လျှင် ရန်ငြိမ်းဖျောက်နည်း (၁၁)နည်းကို သုံးရပါမည်။

# ရန်ငြိုးဖျောက်နည်း (၁၁)နည်း

မိမိရန်သူဖြစ်သော ပုဂ္ဂိုလ်ကို မေတ္တာပို့ရာ၌ မေတ္တာရေစီးကြောင်းမဖြောင့်လျှင် အောက်ပါနည်း (၁၁)နည်းတို့ဖြင့် ဖြေဖျောက်ရပါမည်။

## (၁) မေတ္တာဈာန်ဝင်စား၍ ရန်ငြိုးဖျောက်ခြင်း

ရန်သူဖြစ်သော ပုဂ္ဂိုလ်ကို လွှတ်ထားပြီး အတ္တ၊ ပိယ၊ မဇ္ဈတ္တ ဟူသော ရှေးပုဂ္ဂိုလ်(၃)ဦးတွင် တစ်ဦးဦး၌ မေတ္တာဈာန်ဝင်စားပြီး ထပြီးလျှင် ရန်သူကို မေတ္တာပို့ရမည်။

## (၂) ဩဝါဒအဖြစ်ကို ဆင်ခြင်၍ ရန်ငြိုးဖျောက်ခြင်း

ရန်ငြိုးမပြေသေးလျှင် မိမိအင်္ဂါကြီးငယ်ကို လွှနှင့်လာဖြတ်သော ရန်သူကို မိမိကပြန်၍စိတ်ဆိုးလျှင် ဘုရားစကား နားမထောင်ရာ ရောက်မည်။ ရန်သူထက်ပင် ယုတ်မာသူ ဖြစ်ရမည်။ ပြန်၍စိတ်မဆိုးလျှင် အောင်နိုင်ခဲသောစစ်ပွဲကို အောင်သည်မည်သည်။ ရန်သူရော မိမိပါ နှစ်ဦးသားတို့ ပစ္စုပ္ပန်တမလွန်အကျိုး(၂)ပါးကို ကျင့်ရာရောက်သည်။အမျက်ကြီးသူသည်-

- ခုရောနောင်ပါ ရုပ်ဝါမလှ ဖြစ်ရသည်

- ခုရောနောင်ပါ ဆင်းရဲသား တွေ့မြင်ရ၏
- ဥစ္စာပစ္စည်း ဆုတ်ယုတ်၏
- အသုံးအဆောင် ဆုတ်ယုတ်ရ၏
- အကျော်အစော ဆုတ်ယုတ်ရ၏
- မိတ်ဆွေအပေါင်းအသင်းမရှိ
- သေသော် အပါယ်လားရ၏

ဤခုနှစ်ပါးသောအပြစ်များရ၍ ရန်သူသဘောကျဖြစ်သွားရပေမည်။နှစ်ဘက်စွန်းမီးလောင်၍ အလယ်မစင်လူးသော ရွာတောသူမသုံး ထင်းတုံးကဲ့သို့ အမျက်ကြီးသူကိုလည်း မသုံးတော့။

ဤသို့ ဒေါသအပြစ်ကို ဆင်ခြင်၍ ရန်ငြိုးဖျောက်ရမည်။

## (၃) ရန်သူ၏အကျင့်ကောင်းတို့ကို အောက်မေ့၍ ရန်ငြိုးဖျောက်ခြင်း

ရန်ငြိုးမပပျောက်သေးလျှင်-

ရန်သူပုဂ္ဂိုလ်ဝယ် မကြည်ညိုဖွယ်ရာများကို ရှောင်ရှား၍ ကြည်ညိုဖွယ်ရာကို ယိစ်တ်အမူအရာများကိုသာ အောက်မေ့၍ ဖျောက်ရပါမည်။

## (၄) ကရုဏာဖြင့် ရန်ငြိုးဖျောက်ခြင်း

ငါ၏ ရန်သူသည် ယခုဘဝ၌ လူဖြစ်လင့်ကစား သေသွားလျှင် ပြုခဲ့သောအကုသိုလ်များကြောင့် ငရဲကြီးငယ် အသွယ်သွယ်သို့ပင် ရောက်ပေတော့မည်ဟု ကရုဏာစိတ်ကို ဖြစ်စေလျက် ဖျောက်ရမည်။

## (၅) ဘုရားရှင်၏ ဩဝါဒကိုဆင်ခြင်ပြီး မိမိကိုယ်ကို ဆုံးမ၍ဖျောက်ခြင်း

-ရန်သူသည် သူစွမ်းနိုင်ရာ ငါ၏ရူပကာယ၌သာ ကိုယ်ဆင်းရဲအောင် ပြုနိုင်သည်။ ငါ့စိတ်ကို ဆင်းရဲအောင် မပြုနိုင်။ငါက ပြန်စိတ်ဆိုးလျှင် သူ့အလိုကျ ဖြစ်သွားမည်။ ရန်သူကို အလိုကျဖြစ်အောင် ငါဘာပြုလို့ စိတ်ဆိုးလိုပါ သနည်း။

- ကျေးဇူးများသော မိဘဆွေမျိုးစသည်များကို စွန့်နိုင် လျက်ကျေးဇူးမများသောဘီလူး၊ သဘက်သဖွယ်သော ရန်ငြိုး ကို အဘယ်ကြောင့် မစွန့်နိုင်ရသနည်း။

- ဟိရီ၊ ဩတ္တပ္ပ၊ ခန္တီ၊ မေတ္တာ၊ ကရုဏာ ဟူသော အမြစ်အရင်းရှိသောသီလတို့ကို သင်သည် စောင့်ရှောက်နိုင်ပါ လျက် သီလ၏အမြစ်ကိုဖြတ်သောစိတ်ဆိုးမှုကိုငါ့ကိုယ်ဝယ်

မရောက်အောင် ငါမစောင့်ရှောက်နိုင်။ငါ၏ကိုယ်ဝယ် စံပယ်စေဘိသည်။စိတ်ဆိုးမှုရန်ငြိုးကို ငါ၏ရင်ဝယ်သိမ်းဆီးထားသည်။ငါနှင့်တူသော ငမိုက်ကန်း ဘယ်သူရှိသေးသနည်း။

-ရန်သူသည် ယုတ်မာသောအမှုကို ပြုလာသည်ဟူ၍ ငါ အမျက်ထွက်သည်။ ငါသည်ထိုကဲ့သို့ ယုတ်မာမှုမျိုးကို ကိုယ်တိုင် ပြုလိုပါသလော။

-ရန်သူက စိတ်ဆိုးအောင် ငါမကြိုက်တာမှန်သမျှကို ပြုသည်။အကယ်၍ ငါက တစ်ဖန်စိတ်ဆိုးပြန်လျှင် ရန်သူအလိုပြည့်သွားမည် မဟုတ်ပါလော။

-ငါစိတ်ဆိုးရန်ငြိုးထားနေခြင်းသည် ရန်သူအပေါ် အဆင်းရဲမှုပြုနိုင်တာလည်းရှိသည်။မိမိကိုယ်တိုင်ကား ယခုပင် စိတ်ဆင်းရဲ နေရပေပြီ။

-ရန်သူများသည် အကျိုးမရှိသော အမျက်ဒေါသဖြင့် အပါယ်လမ်းကို အကယ်၍တက်နေကြပြီး ငါကတော့ ဘာဖြစ်၍ရန်ငြိုးသိုပြီး အပါယ်လမ်းလိုက်လူမိုက်များသို့ နောက်ယောင်ခံလိုက်လိုသနည်း။

-ငါပြစ်ချက်ရှိ၍သာ ရန်သူသည် ငါမကြိုက်တာကို ပြုသည်။ငါ၏ ထိုမူလပြစ်ချက်ကိုသာ ဖြတ်ပါ။ စေသည့်ကျွန်ထွန်သည့်နွား လက်ဖျားရန်သူ အရာမဟုတ်သည်၌ အဘယ်

ကြောင့် ငါစိတ်ဆိုးနေရသနည်း။

-ရုပ်နာမ်တရားများသည် ဥပါဒ်၊ ဌီ၊ဘင်၊ တစ်ခဏမျှသာ တည်ခြင်းကြောင့် ငါ့အပေါ် မနှစ်သက်ဖွယ်ပြုသော ထိုရန်သူ၏ ခန္ဓာများသည် ချုပ်သွားကြပြီ။ ငါသည်ယခုရန်သူ၏ ဘယ်ခန္ဓာကိုစိတ်ဆိုး နေတာလဲ။ ခုတ်ရာတခြား ရှရာတစ်လွဲ ဖြစ်နေပြီ မဟုတ်ပါလော။

-မီးခတ်နှင့် ကျောက်(၂)ခုရှိမှ မီးတောက်ဖြစ်သလို ရန်ပြုတတ်သူသည် ရန်ပြုအပ်သူ ငါရှိ၍သာ ပြုဖြစ်သည်။ ငါကိုယ်တိုင်လည်း ရန်နှင့်စပ်နေပါလျက် ရန်ပြုတတ်သူတစ်ယောက်ကိုသာထွက်၍ အဘယ်ကြောင့် စိတ်ကွက်ရပါသနည်း။ ကိုယ့်ကိုယ်ကိုလည်း စိတ်ထွက်ပါလား စသည် ဖြင့် ရန်ငြိုးဖျောက်ရပါမည်။

## (၆) ကမ္မဿကတဉာဏ်ဖြင့် ရန်ငြိုးဖျောက်ခြင်း

ထိုသို့ ရန်ငြိုးမပြေသေးလျှင်-

သတ္တဝါအားလုံးသည် ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိကြသည်။ အယုတ်၊အလတ်၊ အမြတ်ဖြစ်ဖို့ ကံကသာလျှင် သတ္တဝါများကို စီမံပေးခြင်းဖြစ်သည်။စိတ်အကြံရှိသလောက် ခရီးပေါက်အောင် မလုပ်နိုင်ပါ။

ဤသို့စသည်ဖြင့် ကံအကျိုးပေးပုံကိုဆင်ခြင်၍ ရန်ကို

ဖျောက်ရသည်။

## (၇) ဇာတ်တော်လာသည်းခံနည်းများဖြင့် ရန်ငြိုးဖျောက်ခြင်း

ထိုသို့ ရန်ငြိုးမပြေသေးလျှင်-

ရန်သူအပေါ်၌ သည်းခံမှုပြုခဲ့သော သီလဝဇာတ်၊ ခန္တိဝါဒီဇာတ်၊ စူဠဓမ္မပါလဇာတ်၊ ဆဒ္ဒန္တဇာတ်၊ မဟာကပိဇာတ်၊ ဘူရိဒတ္တဇာတ်၊ စမ္ပေယျဇာတ်၊ သင်္ခပါလဇာတ်၊ မာတုပေါသကဇာတ် စသော ဇာတ်တော်တို့၌ ဘုရားလောင်း၏ သည်းခံတော်မူပုံများကို ဆင်ခြင်ပြီးလျှင် ခန္တိပါရမီကြောင့် ဘုရားဖြစ်တော်မူသော မြတ်စွာဘုရားကိုရည်ညွှန်း၍ ရဟန်းပြုသောငါအတွက် အမျက်ထွက်ခြင်းငှာ မသင့်လျော်လှပါရောဟု မိမိကိုယ်ကိုဆုံးမ၍ ဖျောက်ရမည်။

## (၈) ဆွေမျိုးတွေဖြစ်ကြောင်း ဆင်ခြင်၍ ရန်ငြိုးဖျောက်ခြင်း

ထိုသို့မှ ရန်ငြိုးမပြေသေးလျှင်-

ငါနှင့်ရန်သူတို့သည် ဘဝများစွာသံသရာ၌ မိဘမောင်ဘွား၊ ညီအစ်ကို မောင်နှမ မတော်စပ်ဖူးသူ မရှိဟူသော အနမတဂ္ဂယ ဒေသနာတော်အရ ပြုခဲ့ဖူးသောကျေးဇူးများ

ကိုဆင်ခြင်၍ ဖျောက်ပါ။

## (၉) မေတ္တာအကျိုး(၁၁)ပါးကို ဆင်ခြင်၍ ရန်ငြိုးဖျောက်ခြင်း

ထိုသို့မှမပြေပျောက်သေးလျှင်-

ငါသည် စိတ်ဆိုးအမျက်ထွက်၍ ဤစိတ်မျက်ကို မငြိမ်းနိုင်ခဲ့လျှင် မေတ္တာအကျိုး(၁၁)ပါးတို့ ပျောက်ပျက်သွားတော့မည်ဟု ဆုံးမ၍ ရန်ငြိုးကို ဖျောက်ရမည်။

## (၁၀) ဓာတ်ခွဲ၍ ရန်ငြိုးဖျောက်ခြင်း

ထိုသို့မှ မပြေပျောက်သေးလျှင်-

ငါ၏ အမျက်ထွက်မှုသည် ရန်သူ၏ဘယ်တရားကို အမျက်ထွက်ပါသလဲ။ ဆံပင်ကိုလား၊ ပထဝီဓာတ် စသည်ကိုလား၊ရူပက္ခန္ဓာ စသည်ကိုလား။ ဤသို့ ဓာတ်ခွဲ၍ ဖျောက်လျှင် ဆောက်ဖျား၌ မုန်ညင်းစေ့ မတည်နိုင်သကဲ့သို့ လည်းကောင်း၊ ကောင်းကင်၌ ပန်းချီဆေးရေး အရုပ်မတင်နိုင်သကဲ့သို့ လည်းကောင်း အမျက်သည် တည်ရာမရ ပျောက်ရသည်။

## (၁၁) ဥစ္စာပေးယူသောအားဖြင့် ရန်ငြိုးဖျောက်ခြင်း

ထိုသို့မှ မပျောက်သေးလျှင်-

ရန်သူမှာ စင်ကြယ်သောပစ္စည်း မရှိလျှင် မိမိက သာပေးပါ။ အလဇ္ဇီပုဂ္ဂိုလ်ဖြစ်သော်လည်း စင်ကြယ်သောပစ္စည်းရှိလျှင် ဂတိလိုက်မှု စိတ်မပါ။မေတ္တာဘာဝနာပြည့်စုံစေဘို့ ဓမ္မာနုဂ္ဂဟာအားဖြင့် ခံယူဆောင်အပ်သည်။ဤသို့ အပေးအယူရှိလျှင် သံသရာက အာဃာတ ထားသော်လည်း ၂-ဖက်လုံးပျောက်ကြသည်။

ဒါနသည် မယဉ်ကျေးသူကို ယဉ်ကျေးစေသည်။ မိမိသူတစ်ပါး၏ မျက်မှောက်သံသရာ ကျိုးနှစ်ဖြာကို ပြီးစေနိုင်၏။ အလှူပေးခြင်း၊ စကားချိုသာ ချစ်ဖွယ်ရာကို ပြောဆိုတတ်ခြင်းတို့ကြောင့် အလှူရှင်များ မျက်နှာပွင့်ကြ၊ အလှူခံများ ရောက်လာကြကုန်သည်ဟု ဝိသုဒ္ဓိ-အဋ္ဌကထာ (စာ-၃၀၀)၌ မိန့်ဆိုထားသည့်အတိုင်း အပေးအယူဖြင့် မပျောက်သောရန်ငြိုး မရှိသည်သာလျှင်တည်း။

ဤ(၁၁)နည်းဖြင့် ရန်သူ၏မေတ္တာရောက်စေပြီးလျှင် ဆက်ပွားပါက မိမိချစ်သူ၊ မချစ်မမုန်းသူ၊ ရန်သူပုဂ္ဂိုလ်(၄)ပါး၌ အပိုင်းအခြားပျက်ကာ တစ်သားတည်းဖြစ်သော မေတ္တာသို့ ရောက်ရှိပေမည်။

အထက်ပါပုဂ္ဂိုလ်လေးယောက် အတူနေကြရာတွင်လည် ချောင်းသွေး ဖြင့်ယဇ်နတ်ပူဇော်ရန် ရဟန်းတစ်ပါးကို

ပေးပါဟု သူသတ်သမားကလာတောင်းလျှင် ငါ့ကိုယူစေတော့ဟု စိတ်ဖြစ်လျှင် မေတ္တာတစ်သားတည်းမဖြစ်သေး။ တစ်ယောက်မှ ပေးဖို့မမြင်မှ တစ်သားတည်း မေတ္တာဖြစ်သည်ဟု မှတ်ရပါမည်။

အဒန္တဒမနံဒါနံ ဒါနံ၊ သဗ္ဗတ္ထသာဓကံ
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိစ

## ၅၂၈-သွယ် မေတ္တာပွားပုံ

၁။ သဗ္ဗေသတ္တာ=သတ္တဝါအားလုံး-ဘေးရန်ကင်းကြပါစေ။
စိုးရိမ်ကင်းကြပါစေ။
ဆင်းရဲကင်းကြပါစေ။
ချမ်းသာကြပါစေ။

၂။ သဗ္ဗေပါဏာ=သက်ရှိသတ္တဝါအားလုံး- ။

၃။ သဗ္ဗေဘူတာ= ဖြစ်နေသူအားလုံး- ။

၄။ သဗ္ဗေပုဂ္ဂလာ=သက်ရှိသတ္တဝါအားလုံး- ။

၅။ သဗ္ဗေအတ္တဘာဝပရိယာပန္နာ
=သက်ရှိအတ္တဘော်ခန္ဓာကိုယ်ရှိသူ
သတ္တဝါအားလုံး- ။

ယင်း(၅)ပါးသည် ယောကျ်ားမိန်းမစသည် မပိုင်းခြား

သော အနောဓိဿ မေတ္တာ(၅)မျိုးဖြစ်သည်။

၆။ သဗ္ဗေဣတ္ထိယော=မိန်းမအားလုံး- ဘေးရန်ကင်းကြပါစေ။
စိုးရိမ်ကင်းကြပါစေ။
ဆင်းရဲကင်းကြပါစေ။
ချမ်းသာကြပါစေ။

၇။ သဗ္ဗေပုရိသာ=ယောကျ်ားအားလုံး- ။

၈။ သဗ္ဗေအရိယာ=အရိယာပုဂ္ဂိုလ်အားလုံး- ။

၉။ သဗ္ဗေအနရိယာ=ပုထုဇဉ်အားလုံး- ။

၁၀။ သဗ္ဗေဒေဝါ=နတ်ဗြဟ္မာအားလုံး- ။

၁၁။ သဗ္ဗေမနုဿာ=လူအားလုံး- ။

၁၂။ သဗ္ဗေဝိနိပါတိကာ=အပါယ်ဘုံသားအားလုံး-။

ယင်း(၇)ပါးသည် ပိုင်းခြားသော ဩဓိဿမေတ္တာ ဖြစ်သည်။

## ၅၂၈-မေတ္တာရေတွက်ပုံ

| | |
|---|---|
| အနောဓိဿမေတ္တာ | - ၅ မျိုး |
| ဩဓိဿမေတ္တာ | - ၇ မျိုး |
| ပေါင်း | -၁၂ ပါး |

ယင်းကို ဘေးရန်ကင်းပါစေ စသည့် (၄)မျိုးဖြင့်

မြှောက်လိုက်ပါက- (၁၂×၄= ၄၈) ပါးရသည်။ ယင်း(၄၈)ပါးကို တစ်မျက်နှာလျှင် (၄၈)ပါးရ၍ အရပ်(၁၀)မျက်နှာနှင့် မြှောက်ပါက (၄၈×၁၀=၄၈၀) ရသည်။ ယင်းကို မူလမေတ္တာ ၄၀-နှင့်ပေါင်းပါက (၄၈၀+၄၈=၅၂၈) မေတ္တာရပါသည်။

## မေတ္တာသုတ်လာ မေတ္တာပို့နည်း

၁။ ကြောက်တတ်- မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၂။ မြင်ဘူး- မမြင်ဘူး နှစ်ဦးများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

၃။ ဝေးနေနီးနေ နှစ်တွေများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

၄။ ဘဝဇာတ်သိမ်း-မသိမ်းများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

၅။ ရှည်တိုအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

၆။ ကြီးငယ်အလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

ရ။ ဆုကြုံအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

## မေတ္တာအကျိုး (၁၁) ပါး

၁။ ချမ်းသာစွာ အိပ်ရခြင်း

၂။ ချမ်းသာစွာနိုးရခြင်း

၃။ မကောင်းအိမ်မက် မမြင်မက်ခြင်း

၄။ လူများချစ်ခင်ခြင်း

၅။ နတ်ဘီလူးများချစ်ခင်ခြင်း

၆။ နတ်များစောင့်ရှောက်ခြင်း

၇။မီးလောင်မှု အဆိပ်သင့်မှု လက်နက်စူးဝင်မှုမရှိခြင်း

၈။ စိတ်တည်ကြည်လွယ်ခြင်း

၉။ မျက်နှာအဆင်း ကြည်ကြည်လင်လင်ရှိခြင်း

၁၀။ သေချိန်၌ မတွေဝေဘဲ သေရခြင်း

၁၁။ ယခုဘဝ၌ မဂ်ဖိုလ်ကို ထိုးထွင်းသိမြင်နိုင်ခြင်း၊ အကယ်၍မသိနိုင်သေးလျှင် ဗြဟ္မာ့ပြည်သို့ လားရခြင်း။

## ဆယ်ပါးသီလ

လူဒါယကာ ဒါယိကာမများအတွက် အမြဲ(နိစ္စ)

သီလသည်-

(၁) ငါးပါးသီလ

(၂) ရွှေငွေရတနာများကို အာလယပြုတ် စွန့်လွှတ်နိုင်လျှင်သော် လည်းကောင်း၊ ငါးပါးသီလထက် လွန်၍ စွမ်းနိုင်လျှင်သော် လည်းကောင်း နိစ္စသီလများ၊ ၉-ပါးသီလ

(၃)ဥပုသ်အင်္ဂါအနေဖြင့် ရံခါဆောက်တည်အပ်ကုန်သော (၈)ပါးသီလ ဤသုံးမျိုးသည် လူဆိုင်ရာ သီလမည်၏ ဟုပါသည်။

(ဝိ-မဂ်-၄-၆-၁၅)

ဆယ်ပါးသီလဟူသည် သာမဏေများ စောင့်အပ်သော သီလဖြစ်သည်။ လူများသည် ဥပုသ်နေ့တို့၌ ခေတ္တခဏ လူများမစောင့်ကောင်း၊ စောင့်လိုလျှင် ယဋ္ဌိကာရအိုးထိန်းသည်များလို ရွှေငွေရတနာများကို လက်ခံသိမ်းထားမှုမပြုဘဲ ဆီဆန်စသော ကပ္ပိယပစ္စည်းများကိုသာ ဈေးတွင်ဖလှယ်၍ လည်းကောင်း၊ ကပ္ပိယသူတော်စင်သီလရှင် ရသေ့ပြု၍ လည်းကောင်း၊ ဆယ်ပါးသီလ အမြဲစောင့်ရမည်ကို ဆိုပါသည်။

ဇာတ်နိပါတ်များ၌ အလောင်းတော်များ ဥပုသ်စောင့်ရာဝယ် (၈)ပါးသီလသာစောင့်သည်။သောတာပန် ဝိသာခါ၊ အနာထပိဏ်၊ သကဒါဂါမ် စူဠသုဘဒ္ဒာ၊ အနာဂါမ် ဝိသာခါ သူဌေးစသူများသည်ပင် (၈)ပါးသီလစောင့်သည်။

ထိုအကြောင်းများကို ထောက်၍ သာမန်လူများသည် ရွှေငွေကို အာလယပြတ် မစွန့်လွှတ်နိုင်လျှင် တစ်ခါတစ်ရံ ဥပုသ်နေ့တို့၌ ၁၀-ပါးသီလ မစောင့်ကောင်းဟု ဆိုပါသည်။

သီလဟူသည် နိစ္စသီလ၊ ဥပုသ်သီလ စသည်တို့နှင့် စပ်၍ ၅-ပါး၊ ၁၀-ပါး အပြားရှိကုန်သော သီလတို့ကို ဆောက်တည်သော လူပုဂ္ဂိုလ်တို့၏ သီလပင်တည်း။

နိစ္စသီလနှင့်စပ်၍ " ၅-ပါးသီလ၊ ပက္ခကနှစ်စသည်ကို မှတ်ကာ စောင့်သုံးမှုနှင့်စပ်၍ ၁၀-ပါးသီလ၊ ပီသဒ္ဒါဖြင့် ၂-ရက်၊ ၃-ရက် စသည် အနည်းငယ် ဆောက်တည်အပ်ကုန်သော ဥပုသ်သီလနှင့်စပ်၍ ၈-ပါးသီလ ဤအနက်ကိုပြသည်" ဟူသော ကျမ်းဂန်အဆိုများအရ (၁၀)ပါးသီလသည် လူတို့ စောင့်ကောင်းသောသီလဖြစ်သည်ဟု ဆိုပါသည်။

၈-ပါးသီလထက် ၁၀-ပါးသီလသည် သီလသံဝရဇော စိတ္တုပ္ပါဒ် သိန်းသန်းကုဋေမက တိုးပွား၍ အကျိုးများလှပါသည်။

သံယမမင်းကြီးသည် မင်းအဖြစ်ကိုမစွန့်ဘဲ ကာလ ပိုင်းခြား၍ ၁၀-ပါးသီလစောင့်ခြင်း (ဇာ၊ ၄၊ ၅-၃၇၇)

ဥရုဝေဠကဿပ၊ နဒီကဿပ၊ ဂယာကဿပ ညီနောင်သုံးဦးသည် ဖုဿဘုရားရှင်လက်ထက်တွင် အမတ် တစ်ယောက်ကို အလုပ်အကျွေးပြုတစ်ယောက်ကို အခွန် အတုပ်တိုးပွားစေသူပြုပြီး တစ်ယောက်ကိုဘုရားရှင်နှင့် သံဃာများအားလုပ်ကျွေးသူထား၍ တစ်ဝါတွင်းလုံး ဆယ်ပါး သီလစောင့်ခြင်း။

(ဓမ္မပဒ၊ ၁-၆၅)

-နိစ္စသီလဝ သေနံ ပဉ္စဟိ နိယမဝသေန ဒဿဟိ ပိသဒ္ဒေနကတပိယေဟိ ဥပေါသထ သီလဝသေန အဋ္ဌဟိပီတိဒသေသတိ

(သဂါထာဝဂ္ဂ-သတ္တမ- ပညတ်၊ ဋီ ၃၄၁။)

ပဒုမုတ္တရ ဘုရားရှင်လက်ထက် ရှင်အာနန္ဒာလောင်း သုမန မင်းသားသည် ဝါတွင်းသုံးလ အဝတ်ညိုဝတ်၍ (၁၀)ပါး သီလ ဆောက်တည်ပြီး သို့တင်းကျွတ်လပြည့်နေ့၌ ရွာသို့ လာပြီး အလှူကြီး (၇)ရက် ပေးခဲ့သည်။

(အံ-၄-၁-၂၂၇)

ဤအထောက်အထားများသည်ကာလကိုမှတ်၍

ဆောက်တည်ကြသောကြောင့် (၁၀)ပါးသီသည် နိယမည်ပါသည်။ဤသာဓကေများအရ ဥပုသ်နေ့ရော အခြားနေ့ပါရာသက်ပန်မဟုတ်သော်လည်း ခေတ္တခဏ ကာလမှတ်၍ (၁၀)ပါး စောင့်ကောင်းသည်။

ကဿပဘုရားရှင်လက်ထက် ယင္ဒိကာရ အိုးထိန်းသည်သည် ထိုဘုရားရှင်လက်ထက် ကိကီမင်း၏ သမီးတော် (၇)ယောက်တို့သည် ငယ်စဉ်မှစ၍ အနှစ်ရှစ်သောင်းပတ်လုံး (၁၀)ပါးသီလစောင့်လျက် ဘုရားရှင်နှင့် သံဃာတော်များကို ပစ္စည်းလေးပါးဖြင့် အမြဲလုပ်ကျွေးခဲ့သည်။

(အပဒါန်ထေရီဂါထာ၊ အံ၊ ၄)

ဂေါတမဘုရားရှင်လက်ထက် ဟတ္ထကဥပါသကာ (အံ-၂၂၈၃) ဟတ္ထာဠဝကဥပါသကာ (အံ-၃-၂၅၃)တို့၏ ဆယ်ပါးသီလ စောင့်ထိန်းခြင်း။

သီရိလင်္ကာနိုင်ငံ ဒေဝါနံပိယတိဿမင်းကြီး၏ ခယ်မ (ညီတော် ဇနီး) အနုဠာဒေဝီသည် သတို့သမီး (၅၀၀)နှင့်အတူ (၁၀)ပါးသီလစောင့်ကာ အဝတ်ညိုဝတ်၍ မြို့တွင်းတစ်နေရာ၌ နေသည်။ (ဝိ၊ ၄၊ ၁-၆၇)

၁။ ပေးလှူခြင်း

၂။ ၅-ပါး၊ ၁၀-ပါးသီလများ စောင့်သုံးခြင်း (၁၀-ပါး သီလကို ရံခါသာစောင့်သည်)

၃။ ဒါနဝတ္ထုများစွန့်ကြဲခြင်း
၄။ ဖြောင့်မတ်ခြင်း
၅။ နူးညံ့ခြင်း
၆။ ရှစ်ပါးသီလကို အားထုတ်၍ ခြိုးခြံစွာကျင့်ခြင်း
၇။ မေတ္တာပွားလျက် အမျက်မထားခြင်း
၈။ သနားကြေကွဲ မညှဉ်းဆဲခြင်း
၉။ သည်းခံခြင်း
၁၀။ ပြည်သူတို့နှင့်မဆန့်ကျင်ခြင်းဟူသော မင်းကျင့်တရား (၁၀)ပါး မိမိသန္တာန်မှာ တည်ရှိသည်ကို မြင်ရခြင်းကြောင့် ငါ့အားအလွန်တရာနှစ်သက်ဝမ်းမြောက်မှုဖြစ်ရသည်ဟု ဗာရာဏသီမင်းကြီးက ဘုရားအလောင်းတေရဠှဟသ်ာမင်းအား ပြောကြားပုံများ (ဇာ-ပါ-၂-၉၇)ကို ထောက်၍လည်းကောင်း

ယခု ဂေါတမဘုရားရှင်လက်ထက် သာဝတ္ထိ သူဌေးသားတစ်ဦးဆရာရဟန်းသို့ကပ်၍ ဒုက္ခလွတ်အောင်ကျင့်ရမည့်နည်းကို လျှောက်ထားရာ-

“ ဝါဆိုသင်္ကန်းစသည် ပစ္စည်းလေးပါးလှူ၊ ဥစ္စာကို (၃)ပုံပုံ၍တစ်ပုံကို စီးပွားပြု၊ တစ်ပုံကို သားမယားကျွေး၊

တစ်ပုံကို သာသနာတော်လှူစေသည်။ သရဏဂုံသုံးပါး၊ ငါးပါး သီလတို့၌ ဆုံးမတိုက်တွန်းသည်။ ဆုံးမတိုင်းနာခံပြီး ထပ်မံ လျှောက်ထားချက်အရ (၁၀)ပါးသီလကို ဆောက်တည်စေပြန် ပါသည်။

(ဓမ္မပဒ၊ ၄၊ ၁- ၁၈၉)

ဤအထောက်အထားများကို ထောက်ဆ၍ စည်းစိမ် များကို ယတိပြတ်မစွန့်လွှတ်သော်လည်း လူများ (၁၀)ပါးသီလ စောင့်ကောင်းကြောင်း ထင်ရှားပါသည်။

## ဆယ်ပါးသီလ

### သီလတောင်းပုံ

အဟံဘန္တေ၊ တိသရဏေနသဟ၊ ဒသင်္ဂသမန္နာဂတံ သီလံ၊ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ--------------စသည် ဆက်ဆိုပါ။

တတိယမ္ပိ အဟံဘန္တေ--------------စသည် ဆက်ဆိုပါ။

ဘန္တေ -အရှင်ဘုရား၊ အဟံ -တပည့်တော် (တပည့်တော်မ)သည် တိသရဏေန- သရဏဂုံသုံးပါးနှင့်၊

သဟ-တကွ၊ ဒသဂဟဋ္ဌသီလံ- လူတို့၏ (၁၀)ပါးသီလဖြစ်သော၊ ဓမ္မံ-သိက္ခာပုဒ် တရားတော်ကို၊ ယာစာမိ- တောင်းပန်ပါ၏။ ဘန္တေ-အရှင်ဘုရား၊ အနုဂ္ဂဟံ-ချီးမြှောက်ခြင်းကို၊ ကတွာ-ပြု၍၊ မေ-တပည့်တော် (တပည့်တော်မ) အား၊ သီလံ-သီလကို၊ဒေထ-ပေးတော်မူပါဘုရား။

ဒုတိယမ္ပိ- နှစ်ကြိမ်မြောက်လည်း --------စသည်ဆက်ဆိုပါ။

တတိယမ္ပိ - သုံးကြိမ်မြောက်လည်း--------စသည်ဆက်ဆိုပါ။

(အာမဘန္တေ)

နမောတဿ ၃-ခေါက်ဆိုပါ။

သရဏဂုံသုံးပါး ၃-ခေါက်ဆိုပါ။

**ဆယ်ပါးသီလ**

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၂။ အာဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာ

ပဒံ သမာဒိယာမိ

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

၇။နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿနဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ

၈။မာလာဂန္ဓ၊ဝိလေပန၊ ဓာရဏ၊ မဏ္ဍန ဝိဘူသန ဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

၉။ ဥစ္စသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

၁၀။ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ

**အနက်**

အမှတ်စဉ် ၁-မှ အမှတ်စဉ် ၉-အထိ အနက်တူပြီး။
၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ -ရွှေငွေကို ကိုင်ခြင်း၊ ခံယူခြင်း၊စီမံခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ၊-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာ ကျင့်သုံးခံယူဆောက်တည်ပါ၏။

**မြန်မာပြန်**

၁။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။
၃။ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏။
၄။လိမ်လည်လှည့်ပတ်ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။
၅။သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။
၆။ နေလွဲအခါ ညစာစားခြင်းမှ ရှောင်ကြဉ်ပါ၏။
၇။အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို သာသနာတော်၏ ဆန့်ကျင်ဘက် ပြောင့်တံကျင်သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ပါ၏။
၈။ ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်းမှ ရှောင်ကြဉ်ပါ၏။
၉။မြင့်သောနေရာ၊ မြတ်သောနေရာတို့၌ အိပ်စက်နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ၏။
၁၀။ရွှေ၊ ငွေကို ကိုင်ခြင်း၊ ခံယူခြင်း၊ စီမံခြင်းမှ ရှောင်ကြဉ်ပါ၏။

## ဇာတရူပသိက္ခာပုဒ်အဖွင့်

ဇာတရူပအရ ရွှေတုံးရွှေခဲသာမက ရွှေဖြင့်ပြုလုပ်ထားသော အဝတ်တန်ဆာအားလုံး အကြုံးဝင်သည်။

ရဇတအရ ဘော်သာခွာ ငွေကိုသာမက ရောင်းဝယ်မှု

သုံးစွဲရိုးဖြစ်သော ငွေစက္ကူအားလုံး အကြုံးဝင်သည်။

ပဋိဂ္ဂဟဏအရ လက်ဖြင့်ကိုင်ခြင်း၊ ခံယူခြင်းသာမက ရှောင်ကြဉ် ဖွယ် (၅)မျိုးကိုပါ ဆိုလိုပါသည်။ ယင်း ၅-မျိုးကို လယ်တီဆရာတော် ဘုရားကြီး၏ သီလဝိနိစ္ဆယ(၉၉)၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

## ရှောင်ကြဉ်ဖွယ် (၅)မျိုး

(၁) ကိုယ်တိုင်ခံယူခြင်း (ဥဂ္ဂဟ)

ကိုယ်တိုင်ခံယူခြင်းဟူသည် ပိုင်ရှင်မရှိသော ရွှေငွေ ရတနာကို တွေ့မြင်၍ ကိုယ်တိုင်ယူမှု၊ အလှူရှင်များက လာရောက်ပေးအပ်ဆက်ကပ်သည်ကို ကိုယ်တိုင် ခံယူမှုများ ဖြစ်သည်။

(၂) သူတစ်ပါးအား ခံယူခိုင်းခြင်း (ဥဂ္ဂဟာပဏ)

သူတစ်ပါးအား ခံယူခိုင်းခြင်း အရှင်မရှိသော ရွှေငွေ ရတနာကို တွေ့မြင်၍လည်းကောင်း၊ မိမိအတွက် သူတစ်ပါးကို အယူခိုင်းမှု၊ မိမိအတွက် သူတစ်ပါးကို အလှူခိုင်းမှုများ ဖြစ်သည်။

(၃) အဝေးအနီး၌ထား၍ လှူသည်ကိုသာယာခြင်း (ဥပနိက္ခိတသာဒိယန)

အဝေးအနီး၌ထား၍ လှူသည်ကို သာယာခြင်း
ဟူသည် မိမိရှေ့၌ သင်္ကန်းဖိုးပါဘုရားဟုဆို၍ ရဟန်း
ရှေ့၌ ချထားသောရွှေငွေကို (ကိုယ်နှုတ်ဖြင့် မပယ်ဘဲ)
စိတ်ဖြင့်သာ ခံယူမှု။ တပည့်တော်၏ အိမ်မှာ
(သို့မဟုတ်) ဘဏ်မှာရှိသော ရွှေငွေကို အရှင်ဘုရား
လိုလျှင် ယူသုံးပါဟု လှူသည်ကို(ကိုယ်နှုတ်ဖြင့်
မပယ်ဘဲ)စိတ်ဖြင့်သာ သာယာခံယူမှု။
(စိတ်က သာယာသော်လည်း ကိုယ်နှုတ်ဖြင့် ပယ်လျှင်
အပြစ်မရှိ)

(၄) မသင့်လျော်သောစီမံခြင်း (ဒုဝိစာရဏာ)
မလျော်သောစီမံခြင်းဟူသည် ဝိနည်းတော်နှင့်အညီ
ကပ္ပိယထံအပ်နှံထားသော ရွှေငွေကို ဤငွေဖြင့်
မီးစက်ဝယ်ယူရာဘယ်လောက်ပေးလိုက်၊ သေတ္တာထဲ
မှာ ထားလိုက်၊ထုတ်လိုက်၊ ယူလိုက် စီမံမှု ဖြစ်သည်။

(၅) ကိုင်တွယ်ထိတွေ့ သုံးသပ်ခြင်း (အာမသန)
ကိုင်တွယ်ထိတွေ့သုံးသပ်ခြင်းဟူသည် သူတစ်ပါး
ရွှေငွေဥစ္စာကိုပင် သာယာသောစိတ်ဖြင့် ထိပါး
သုံးသပ်ခြင်း ဖြစ်ပါသည်။(မသာယာဘဲ မတော်တဆ
ထိပါးမိလျှင် အပြစ်မရှိ)

ဆယ်ပါးသီလစောင့်ထိန်းသောသူတို့မှာ ထို၅-ပါးသောအမှုတို့ကို လွတ်ကင်းစေရမည်။ နဂိုကရှိနေသော ရွှေငွေရတနာတို့ကို စိတ်သက်သက်ဖြင့် အာရုံပြုကာ (ငါ့ရွှေ-ငါ့ငွေ) ဟု သာယာသော်လည်း အပြစ်မရှိ သိက္ခာပုဒ်မပျက်။

ဤအချက်ကို ထောက်ဆ၍ ဆယ်ပါးသီလစောင့်သူလူတို့သည် မိမိဥစ္စာရှိသော ရွှေငွေကို ယုံကြည်လောက်သောသူထံ အပ်နှံထားရသည်။ ဆယ်ပါးသီလစောင့်ထိန်းထားသည့်အတောအတွင်း ထိုရွှေငွေကိုမကိုင်ရ၊ ဘယ်လိုထားလိုက်ပါ၊ သိမ်းဆည်းထားလိုက်ပါဟုလည်း မပြောရ။ ထိုရွှေငွေဖြင့် ဘာဝယ်လိုက်ပါစသည်လည်း မပြောရ။ မိမိအသုံးလိုသောပစ္စည်းကိုသာ "ဘာလိုချင်သည်၊ ဘာစားချင်သည်" စသည်ဖြင့် ပြောဆိုရမည်။ သူတစ်ပါးက ငွေလာပေးခဲ့သော် ထိုငွေကို ကိုယ်တိုင်မယူရ။ သူများကိုလည်းမခိုင်းရ။ မိမိအိမ်သူအိမ်သား တစ်ယောက်ယောက်က အလိုက်သိပြီး ယူထားလျှင် မိမိမှာအပြစ်မရှိ။စာတိုက်မှမန်းနီးအော်ဒါဖြင့်ငွေလာလျှင် ငွေရရှိကြောင်း လက်မှတ်ထိုးရုံမျှဖြင့်အပြစ်မရှိ။ လက်မှတ်ထိုးပြီးနောက် စာပို့သမားကပေးသောငွေကို ကိုယ်တိုင်မယူရ။ သူများကိုလည်း အယူမခိုင်းရ။ နားလည်သူတစ်ဦးဦးက အလိုက်သိလက်ခံယူထားလျှင်အပြစ်မရှိ။

ဆယ်ပါးသီလစောင့်ထိန်းနေသောအခါ ရွှေငွေသာမက စိန်၊ ကျောက်၊ ပုလဲ၊ ပတ္တမြား စသော ရတနာများကိုလည်း မကိုင်ရချေ။ဤကား လယ်တီဆရာတော်ဘုရား၏ သီလဝိနိစ္ဆယ (၁၀၀) ၏ ဆုံးဖြတ်ချက်ဖြစ်ပါသည်။

ဒါယကာတစ်ဦးသည် အရှင်ဘုရားအား လိုရာဖြစ်စေ ဟုလျှောက်ထား၍ ငွေထုပ်ကို ရဟန်းတော်၏ခြေရင်း၌ထား၍ လှူသည်။ ရဟန်းက "ငါတို့ ရဟန်းတော်များမအပ်"ဟု ပယ်သည်။ဒါယကာ တစ်ဦးကသိ၍ တပည့်တော်သိမ်းထားပါမည်။လိုခြင်ရာကို ပြတော်မူပါဟုလျှောက်၍ ပြသာဒ်သို့ တက်ပြီးလျှင် "ဤနေရာသည်လိုခြင်သည်"ဟု ပန်ကြားလျှင် အပ်သည်။ (ဤနေရာမှာ ထား ဟူ၍ကား မဆိုအပ်ပါ)။

ရဟန်းတော်သည် တံခါးပိတ်စောင့်ရှောက်ကောင်းသည် ပရိက္ခရာသည် လာလျှင်-

"ဤသက်န်း ငါဝယ်လိုသည်၊ ဤသို့ထားသော အဖိုး ဝတ္ထုရှိ၏။ ကပ္ပိယကာရကကား မရှိ" ဟု ပြောဆိုနိုင်သည်။

သက်န်းသည်က "တပည့်တော် ကပ္ပိယကာရကပါ" ဟုဆိုလျှင် တံခါးဖွင့်ပြပါ။ (ဤငွေကိုယူ ဟူ၍ကား မဆိုအပ်ပါ) ကျတန်သရွေ့သောငွေကိုယူရာ သက်န်းကို လှူခဲ့လျှင် အပ်သည်။သက်န်းသည်က ပိုယူလျှင် သင့်သက်န်း ငါမဝယ်လိုပြီး

သင်ထွက်ပါဟု ဆိုကောင်းသည်။

ရဟန်းတော်များ အထက်ပါအတိုင်း ရွှေငွေကို စောင့်ရှောက်သကဲ့သို့ (၁၀)ပါးသီလယူထားသူများသည်လည်း သူတစ်ပါး၏ လည်းကောင်း၊ သားမယား၏လည်းကောင်း ဥစ္စာကို စောင့်ပေးကောင်းသည်။

ထိုဥစ္စာသမာက "သင့်အတွက်ဥစ္စာ"ဟု ဆို၍ပေးလာသည် ကိုပင် ငါအားမအပ်ဟု ပယ်ပါလျက် မအပ်သော်လည်း သင့်ဥစ္စာပင်တည်းဟု ထားခဲ့သော် ရွှေငွေကို ရဟန်းတော်များ ပုံစံအတိုင်း လူများမှ စီရင်သုံးဆောင်ကောင်းသည်။

## နစ္စဂီတနှင့်မာလာဂန္ဓသိက္ခာပုဒ်တွဲခြင်း၊ ခွဲခြင်း

နစ္စဂီတ သိက္ခာပုဒ်အရ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု သဘောချင်း ဆက်သွယ်နေသည်။

ထို့ကြောင့် ထိုအမှုများမှ ရှောင်ကြဉ်ခြင်းကို သိက္ခာပုဒ်တစ်ပါးအဖြစ် ခွဲခြားထားခြင်း ဖြစ်သည်။

မာလာဂန္ဓအရ ပန်းပန်မှု၊ နံ့သာလိမ်းကျံမှုစသည်တို့သည် တစ်ခုနှင့်တစ်ခု သဘောချင်း ဆက်သွယ်နေသည်။

ထို့ကြောင့် ထိုအမှုများမှရှောင်ကြဉ်ခြင်းကို သိက္ခာ

ပုဒ်တစ်ပါးအဖြစ် ခွဲခြားထားသည်။

ထိုသိက္ခာပုဒ်နှစ်ပါးသည် တစ်ခုနှင့်တစ်ခု သဘောချင်းမဆက်သွယ်၍ ခွဲခြားထားသည်။

ရှစ်ပါးသီလ၌ နစ္စဂီတနှင့်မာလာဂန္ဓသိက္ခာပုဒ်ကို ပေါင်းစပ်ထားသည့် (၁၀)ပါးသီလ၌ သိက္ခာပုဒ်နှစ်ခုကို ခွဲခြားထားသည်။

ရှစ်ပါးသီလ၌ နစ္စဂီတ မာလဂန္ဓ ပေါင်းစပ်၍ သိက္ခာပုဒ်တစ်ပုဒ်တည်းထားခြင်းမှာ-

-နစ္စဂီတအမှုသည် ကာမဂုဏ်အရာ၌ လျှပ်ပေါ်သော အမှု

-မာလာဂန္ဓအမှုသည် ကာမဂုဏ်အရာ၌ လျှပ်ပေါ်သော အမှုများဖြစ်ကြသည်။

ထိုအမှုများသည် ဥပုသ်သီလနှင့် ဆန့်ကျင်ကြသည်။ ဘာဝနာပွားခြင်းနှင့်လည်း ဖြောင့်ဖြောင့်ဆန့်ကျင်သည်။ဤသို့ ဆန့်ကျင်ဘက်ချင်းတူသည့် အဖြစ်ကြောင့် တစ်ပါတည်း ပူးတွဲထားပါသည်။

ဆယ်ပါးသီလဆောက်တည်ရာဝယ် နစ္စဂီတ သိက္ခာပုဒ်သည် ကိုယ်တိုင်ကခုန်တီးမှုတ်ခြင်း၊ သူတစ်ပါးအား ကခုန်တီးမှုတ်စေခြင်း စသည်ဖြင့် ကာယဒွါရ၊ ဝစီဒွါရ၊ ကာယကံ၊

ဝစီကံ ကိုယ်တိုင်ပြုခြင်း၊စေခိုင်းခြင်း တစ်ခုခုတို့နှင့် ဆက်ဆံသောသိက္ခာပုဒ်အထူးတည်း။

ဤသို့အားဖြင့် သိက္ခာပုဒ်နှစ်ပါးတို့၏ ကာယဒွါရပယောဂအားဖြင့် မတူထူးခြားသော သဘောလက္ခဏာရှိကြသောကြောင့် ဆယ်ပါးသီလအရာ၌ခွဲခြား၍ ရှစ်ပါးသီလအရာ၌ တစ်ပေါင်းတည်းတွဲထားခြင်းပြုသည်ဟု ပရမတ္ထသရူပ အနုဝဏ္ဏာအဖွင့်၌ ဆိုထားပါသည်။

လုံးတော်ဆရာတော်ကြီးကမူ-

"အဋ္ဌင်္ဂသီလ၌ လောကီလူတို့ ရာဂလျှင် ပြဋ္ဌာန်းခြင်းအကြောင်းရှိသည်ဖြစ်၍ ဖြစ်သော အကုသိုလ် စေတနာတစ်ခုကိုသာလျှင် ရည်ရွယ်တော်မူ၍ နစ္စဂီတသိက္ခာပုဒ်နှင့် မာလာဂန္ဓသိက္ခာပုဒ်ကို တစ်ပေါင်းတည်း တစ်ခုတည်းပြုတော်မူ၏။ ဆယ်ပါးသီလ၌ကား ကစားမျိုးတူးလို့မှုစေတနာကို ရည်ရွယ်၍ မာလာဂန္ဓ သိက္ခာပုဒ်တစ်ခု ဤသို့ သိက္ခာပုဒ်နှစ်ပါးခွဲခြား၍ ပြတော်မူ၏" ဟု မိန့်ကြားထားခဲ့ပါသည်။

## ဥပုသ်သီလညစ်နွမ်းခြင်း

ဥပုသ်သီလကျိုးခြင်း၊ ပေါက်ခြင်း၊ ပြောက်ခြင်း၊ကျားခြင်းတို့သည် ပစ္စည်းဥစ္စာ အခြံအရံ ဆွေမျိုး၊ အသက်၊ အကျော်

အစော စသည်တို့ကြောင့် ဖြစ်ပေါ်၍ သီလညစ်နွမ်း ဖြစ်ရသည်။ ထို့ပြင် ခုနစ်ပါးသော မေထုန်ငယ်တရားတို့နှင့်ယှဉ်တွဲခြင်းကြောင့် သီလညစ်နွမ်းရခြင်း ဖြစ်ရ၏။

ဥပုသ်သည်တစ်ဦးသည် ဥပုသ်သီလများအနက် ပစ္စည်းဥစ္စာကိုလိုချင်ခြင်းမှ အကျော်အစောကို ရယူလိုခြင်း စသည်တို့ကြောင့် အစဖြစ်သောသိက္ခာပုဒ်၌ဖြစ်စေ၊ အဆုံးဖြစ်သော သိက္ခာပုဒ်၌ဖြစ်စေ သက်ရောက်၍ သိက္ခာပုဒ်ပျက်စီးငြားအံ့၊ ထိုဥပုသ်သီတင်းသည်၏သီလသည် အနားစွန်း၌ပြတ်သောအဝတ်ကဲ့သို့ ပြတ်သည် ကျိုးသည် မည်၏။

ဥပုသ်သည်တစ်ဦး၏ သီလသည် အလယ်၌ဖြစ်သော သိက္ခာပုဒ်၌ ပျက်စီးငြားအံ့၊ ထိုဥပုသ်သည်၏သီလသည် အလယ်၌ပေါက်သောအဝတ်ကဲ့သို့ ပေါက်သည်မည်၏။

ဥပုသ်သည်တစ်ဦး၏သီလသည် အစဉ်အတိုင်း သိက္ခာပုဒ်နှစ်ပါး သုံးပါးပျက်ခဲ့ရငြားအံ့၊ ထိုဥပုသ်သည်၏ သီလသည် ကိုယ်၌ဖြစ်စေ၊ဝမ်း၌ဖြစ်စေ၊အညိုအနီစသော ကျားသောအဆင်းရှိသောငါးကဲ့သို့ ကျားသောသီလမည်၏။

ဥပုသ်သည်တစ်ဦး၏သီလသည် သိက္ခာပုဒ်တစ်ခုကျော် နှစ်ခုကျော်စသည်ဖြင့် ခုန်ကျော်လျက် ပျက်စီးငြားအံ့၊ ထိုဥပုသ်သည်၏သီလသည် အကြားအကြား၌မတူသော

အဆင်းဖြင့် အပြောက်ပြောက်ရှိသောနွားကဲ့သို့ ပြောက်သော သီလမည်၏။

ဤသို့လျှင် ဥပုသ်သီလ၏ ကျိုးပြတ်ခြင်း၊ ပေါက်ခြင်း၊ ကျားခြင်း၊ ပြောက်ခြင်းများသည် သီလ၏ညစ်ညူးမှုပင် ဖြစ်ပါသည်။

ထို့ပြင် အောက်ဖော်ပြပါ မေထုန်ငယ်ခုနစ်ပါးကြောင့်လည်း သီလညစ်နွမ်းခြင်း ဖြစ်သေး၏။

(၁) အမျိုးသမီး၏ အနင်းအနှိပ် အဆုပ်အနယ်ကို သာယာခြင်း။

(၂) အမျိုးသမီးနှင့်တကွ ရယ်ဖွယ်ရွှင်ဖွယ် ကျီစယ်ပြောဆို သာယာခြင်း။

(၃) အမျိုးသမီးနှင့် အချင်းချင်း စိမ်းစိမ်းစိုက်စိုက် ကြည့်ရှု သာယာခြင်း။

(၄) အမျိုးသမီး၏အသံကို အနီးအဝေးကကြားရ၍ သာယာခြင်း။

(၅) ရှေးရှေးသောအခါက အမျိုးသမီးနှင့်ပျော်ပါးဖူးသည်ကို အမှတ်ရ၍ တအောက်မေ့မေ့သာယာခြင်း။

(၆) တစ်ပါးသောသူတို့ အမျိုးသမီးနှင့်ပျော်မြူးနေသည်ကိုမြင်၍ကြား၍ သာယာခြင်း။

(၇) ယခုစောင့်ထိန်းသော ဥပုသ်သီလ၏ အကျိုးအပြစ်ဖြင့် နောင်၌ စိတ်ညွတ်ခြင်း။

ဤ(၇)ပါးတွင် တစ်ပါးပါးနှင့်စွန်းငြိသော သီလသည် သီလညှိုး၊ သီလကျိုး၊ သီလပျက် မည်၏။

ထိုမှတစ်ပါးလည်း အောက်ဖော်ပြပါ ယုတ်ညံ့သော တရားများကြောင့်လည်း သီလညစ်နွမ်းရ၏။

| | |
|---|---|
| ကောဓ | =အမျက်ထွက်ခြင်း |
| ဥပနာဟ | =ရန်ငြိုးဖွဲ့ခြင်း |
| မက္ခ | =သူ့ဂုဏ်ကျေးဇူးကိုချေဖျက်ခြင်း |
| ပဠာသ | =အပြိုင်ပြုခြင်း |
| ဣဿ | =သူ့စည်းစိမ်ကို မနာလိုခြင်း |
| မစ္ဆရိယ | =မိမိစည်းစိမ်ကို နှမြောဝန်တိုလျှို့ဝှက်ခြင်း |
| မာယာ | =မိမိ၌ထင်ရှားရှိသောအပြစ်ကိုဖုံးလွှမ်းခြင်း |
| သာဌေယျ | =မိမိ၌ထင်ရှားမရှိသောဂုဏ်ကိုထင်ပေါ်အောင်ပြုလုပ်ခြင်း |

# သီလစင်ကြယ်ခြင်း

ထိုသို့ မကျိုးမပေါက် မပြောက်မကျားသော သီလသည် စင်ကြယ်သည်ဖြစ်၍ တဏှာ၏ကျွန်အဖြစ်မှ တော်လှန်မှုကို ပြုတတ်သောကြောင့် သုဇိဿာသီလမည်၏။

ပညာရှိတို့ ချီးမွမ်းအပ်သောကြောင့် ဝိညုပသဋ္ဌသီလလည်း မည်၏။

ငါ့သီလသည် အလွန်တရာစင်ကြယ်သည်ဖြစ်၍ နောင်သောအခါ ကြီးကျယ်သောစည်းစိမ်ချမ်းသာများကို ရရှိစေလိမ့်မည် စသည်ဖြင့် တပ်မက်မောခြင်း ရာဂ (ငါ့သီလသည် အလွန်စင်ကြယ်၏) ငါ့သီလမျိုး ဘြေား သူမှာမရှိ စသည်ဖြင့် သက္ကာယဒိဋ္ဌိတို့ဖြင့် အသုံးသပ်မခံရခြင်းကြောင့် အပရာမဋ္ဌသီလလည်း မည်၏။

ဤသီလမျိုးသည် ရှေ့သို့ တစ်ဆင့်တက်ကာ ဈာန်နှင့်နီးကပ်သော သမာဓိ၊ ဈာန်နှင့်ယှဉ်သော သမာဓိတို့ကို ဖြစ်စေနိုင်သောကြောင့် သမာဓိသံဝတ္တနက သီလလည်းမည်ကုန်၏။

ဤသို့ ပြဆိုခဲ့ပြီးသောအတိုင်း သီလသည်-

(၁) မကျိုးမပြတ်ခြင်း

(၂) မပေါက်ခြင်း

(၃) မကျူးခြင်း
(၄) မပြောက်ခြင်း
(၅) တဏှာကို တော်လှန်ခြင်း
(၆) ပညာရှိတို့ ချီးမွမ်းအပ်ခြင်း
(၇) တဏှာဒိဋ္ဌိတို့ဖြင့် အသုံးသပ်မခံရခြင်း။

ဤအင်္ဂါ(၇)ပါးသည် သီလစင်ကြယ်ကြောင်းတရားတို့ဖြစ်ကုန်၏။ထိုခုနစ်ပါးနှင့်ပြည့်စုံသောသီလသည်သာ အထက်ဖြစ်သော သမာဓိနှစ်ပါးကို ဖြစ်စေနိုင်သည်။ထို့ကြောင့် သမာဓိကို ရယူလိုသော ပုဂ္ဂိုလ်မြတ်သည် မိမိ၏သီလကို ဤအင်္ဂါခုနစ်ပါးနှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

မြတ်စွာဘုရားဟောကြားတော်မူအပ်သော သီလကိုရစ်မသည် မိမိအသက်ကိုစွန့်ကာ ဥကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊စာမရီသားကောင်သည် အသက်ကိုစွန့်ကာမြီးဆံကိုစောင့်ရှောက်သကဲ့သို့ လည်းကောင်း၊မျက်စိတစ်ဖက်ကန်းသူသည် ကျန်သောမျက်စိတစ်ဖက်ကို ယုယုယယစောင့်ရှောက်သကဲ့သို့လည်းကောင်း ထို့အတူ သီလကိုစောင့်ထိန်းကုန်သောသူတို့သည် အရွယ်သုံးပါးလုံး၌ပင် သီလကို အလေးထားကာ စောင့်ရှောက်ထိန်းသိမ်းကြရာသည်။

# သီလ၏အဆင့်ဆင့်လောကုတ္တရာအကျိုးများ

အကြင်သူသည် သီလနှင့်ပြည့်စုံခြင်းကြောင့်-

-စိတ်ကြည်လင်ခြင်း

-စိတ်ကြည်လင်၍ကျေနပ်

-ကျေနပ်၍နှစ်သက်

-နှစ်သက်၍အပူငြိမ်း

-အပူငြိမ်း၍ကိုယ်စိတ်ချမ်းသာ

-ချမ်းသာ၍စိတ်တည်ငြိမ်

-စိတ်တည်ငြိမ်၍အမှန်သိ

-အမှန်သိ၍ရုပ်နာမ်ငြီးငွေ့

-ငြီးငွေ့၍မတပ်မက်

-မတပ်မက်၍ကိလေသာကင်း

-ကိလေသာကင်း၍နိဗ္ဗာန်မြင်

-နိဗ္ဗာန်မြင်ခြင်းကြောင့် အို-နာ-သေ စသော ဘေးများမှ လွတ်ရသည်။

ဤသည်မှာသီလအဆင့်ဆင့်ဖြစ်သော လောကုတ္တရာအကျိုးများ ဖြစ်ပါသည်။

# ဥပုသ်စောင့်သုံးသောမိန်းမတို့၏ဆုတောင်း

မြတ်စွာဘုရားရှင်သည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံး နေစဉ်ဖြစ်သည်။ဥပုသ်နေ့တစ်နေ့တွင် ဝိသာခါနှင့်အပေါင်း အဖော်ငါးရာကုန်သော အမျိုးသမီးကြီးငယ်တို့သည် ဥပုသ် စောင့်ရန် ကျောင်းတော်သို့ သွားကြသည်။

ဝိသာခါသည် ထိုဥပုသ်သည်မိန်းမတို့တွင် အမျိုးသမီး ကြီးကြီးများထံသို့သွားကာ-

"မိခင်တို့--အဘယ်အကျိုးငှာ ဥပုသ်စောင့်သုံးကုန်ကြ ပါသနည်း"ဟုမေးသည်။အရွယ်အလွန်ကြီးရင့်ကုန်သော အမျိုးသမီးကြီးတို့က-

"ချစ်သမီး--ငါတို့သည် နတ်စည်းစိမ်ကိုတောင့်တ၍ ဥပုသ်စောင့်သုံးကြသည် "ဟု ဖြေကြားသည်။

ဝိသာခါသည် မိန်းမလတ်တို့ထံသို့သွားမေးပြန်သည်။

"ကျွန်မတို့သည် လင်လုဘက်(မယားငယ်)ဘဝမှ လွတ်ကင်းပါစေခြင်းအကျိုးငှာ ဥပုသ်စောင့်သုံးပါသည်"ဟု ဖြေကြသည်။

ဝိသာခါသည် မိန်းမပျိုတို့ထံသို့သွား၍ မေးပြန်သည်။

"မိခင် ---ကျွန်မတို့သည် ရှေးဦးစွာ သားရတနာ မွေးဖွားစေခြင်း အကျိုးငှာ ဥပုသ်စောင့်သုံးကြပါသည် "ဟု

ဖြေကြသည်။

ဝိသာခါသည် သတို့သမီးငယ်တို့ထံသို့သွား၍ မေးပြန်သည်။

"မိခင်--ကျွန်မတို့သည် ငယ်ရွယ်နုနယ်စဉ်မှာပင် လင့်အိမ်သို့လိုက်ပါသွားရခြင်း အကျိုးငှာ ဥပုသ်စောင့်သုံးပါသည်" ဟုဖြေကြသည်။

ဝိသာခါသည် ထိုအမျိုးသမီးတို့ပြောဆိုအပ်သော စကားအလုံးစုံကို မှတ်သားပြီးလျှင် ထိုအမျိုးသမီးများကို ခေါ်၍ ဘုရားရှင်ထံသို့သွားရောက်ကာ ဘုရားရှင်အား အစဉ်အတိုင်း လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က-

"ဝိသာခါ ဤသတ္တဝါတို့အား ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ မည်သည်ထက်၍ စွဲကိုင်အပ်သော တုတ်၊ လှံတံရှိသော နွားကျောင်းသားနှင့်တူသည်။ဇာတိသည် ဇရာထံသို့ ဇရာသည် ဗျာဓိထံသို့၊ ဗျာဓိသည် မရဏထံသို့ တစ်ဆင့်ဆင့်စေလွှတ်ရာ မရဏသည် ဓားဖြင့်ပိုင်းဖြတ်အပ်သကဲ့သို့ ဇီဝိတိန္ဒြေအသက်ကို ပယ်ဖျက်ပိုင်းဖြတ်အပ်ကုန်၏။ဤသို့ ပိုင်းဖြတ်အပ်သော်လည်း ဤသတ္တဝါတို့သည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဟု ဆိုအပ်သော ဘေးဒုက္ခခပ်သိမ်းကင်းငြိမ်းရာ ရပ်ဌာန်နိဗ္ဗာန်တည်း

ဟူသော ဝိဝဋ္ဋကိုတောင့်တခြင်းမည်သည် မရှိကြကုန်၊ အဖန် တလဲလဲ အမြဲမပြတ် အထပ်ထပ်ကျင်လည်ပြေးသွားရာ သံသရာတည်းဟူသော ဝဋ်ဆင်းရဲတို့သာလျှင် တောင့်တကြ ကုန်သည်ဟု မိန့်တော်မူပြီးနောက်-

"နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို ကျက်စားရာအရပ်သို့ မောင်းနှင်သကဲ့သို့ ဤအတူ အိုခြင်းတရားသည်လည်းကောင်း၊ သေခြင်းတရားသည်လည်းကောင်း၊ သတ္တဝါတို့၏အသက်ကို မောင်းနှင်သတ်ဖြတ်ကြလေကုန်၏" ဟု ဟောတော်မူသည်။

♠♠♠♠♠♠♠

# အခန်း(၃)

# သီလနှင့်ပတ်သက်သော မှတ်သားဖွယ်ရာ ဘုရားဟောသုတ်များ

## သီလပျက်စီးသူ၏အပြစ်နှင့်သီလရှိသူ၏အကျိုး

(သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၊
ဆဋ္ဌမူစာမျက်နှာ-၇၁)

ထိုအခါ မြတ်စွာဘုရားသည် နာဠန္ဒမြို့၌ အလိုရှိသမျှ နေတော်မူပြီးလျှင် "အာနန္ဒာ လာသွားကုန်အံ့၊ ပါဋလိရွာဆီသို့ ချဉ်းကပ်ကုန်အံ့"ဟု အရှင်အာနန္ဒာအား မိန့်တော်မူ၏။

"အရှင်ဘုရား ကောင်းပါပြီ" ဟု အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံသည်။

ထိုအခါ မြတ်စွာဘုရားသည် များစွာသောရဟန်းသံဃာတို့နှင့်အတူ ပါဋလိရွာသို့ ကြွရောက်တော်မူ၏။ ပါဋလိရွာသား ဥပါသကာတို့သည် "မြတ်စွာဘုရား ပါဋလိရွာသို့ ရောက်တော်မူ၏" ဟု ကြားကုန်၏။ ပါဋလိ ရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်ကုန်ပြီးသော်- "မြတ်စွာဘုရားသည် အကျွန်ုပ်တို့၏ ဧည့်တည်းရာဇရပ်ကို လက်ခံတော်မူပါ မြတ်စွာဘုရား" ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

ထိုအခါ ပါဋလိ ရွာသား ဥပါသကာတို့သည် မြတ်စွာဘုရား လက်ခံတော်မူသည်ကိုသိသဖြင့် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဧည့်တည်းရာဇရပ်သို့ ချဉ်းကပ်ကုန်၍ ထိုဧည့်တည်းရာဇရပ်၌ ခင်းနှီးအပြည့်ခင်းခြင်း၊ ထိုင်စရာနေရာတို့ကို ပြင်ထားခြင်း၊ ရေပြည့်အိုးကြီးကိုတည်ထားခြင်း၊ ဆီမီးထွန်းထားခြင်းတို့ကို ပြုပြီးလျှင် မြတ်စွာဘုရားရှင်ထံသို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို ရှိခိုး

လျက် တစ်ခုသောနေရာ၌ ရပ်ပြီးသော် ပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားရှင်အား ဤစကားကို လျှောက်ကုန်၏။

"အရှင်ဘုရား ဧည့်တည်းရာအရပ်၌ ခင်းနှီးအပြည့် ခင်းပြီးပါပြီ၊ ထိုင်နေစရာတို့ကိုလည်း ပြင်ထားပြီးပါပြီ၊ ဆီမီးကိုလည်း ထွန်းထားပြီးပါပြီ၊ အရှင်ဘုရား ယခုအခါ၌ ကြွတော်မူရန်အချိန်ကို မြတ်စွာ၏ဘုရားသိတော်မူပါသည်။(ကြွရန်မှာ မြတ်စွာဘုရား၏ အလိုတော်အတိုင်းပင် ဖြစ်ပါသည်)" ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကိုယူလျက် ရဟန်းသံဃာနှင့်အတူ ဧည့်တည်းရာအရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခြေဆေးတော်မူ၍ ဧည့်တည်းရာဇရပ်သို့ ဝင်ပြီးသော် အလယ်တိုင်ကိုမှီလျက် အရှေ့အရပ်သို့မျက်နှာမူကာ ထိုင်နေတော်မူ၏။ရဟန်းသံဃာသည်လည်း ခြေဆေး၍ဧည့်တည်းရာအရပ်သို့ဝင်ပြီးသော် အနောက်ဘက်နံရံကိုမှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေ၏။

ပါဋလိရွာသားဥပါသကာတို့သည်လည်း ခြေဆေး

ကုန်၍ ညော့်တည်းရာဇရပ်သို့ ဝင်ကုန်ပြီးသော် အရှေ့ဘက်နံရံကိုမှီလျက် အနောက်အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင်ရှေ့ထား၍ ထိုင်နေကုန်၏။ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသားဥပါသကာတို့ကို မိန့်တော်မူ၏။ ဥပါသကာတို့၊ သီလမရှိသူ၏ သီလပျက်ခြင်း၌ ဤငါးပါးသောအပြစ်တို့သည် ရှိကုန်၏။အဘယ်ငါးပါးတို့နည်းဟူမူ။

ဥပါသကာတို့၊ သီလမရှိသော သီလပျက်သောသူသည် မေ့လျော့ခြင်းကြောင့် များစွာသောစည်းစိမ်ဆုံးရှုံးခြင်းသို့ ရောက်၏။ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ ရှေးဦးစွာသော အပြစ်ပေတည်း။

ဥပါသကာတို့၊ သီလမရှိသော သီလပျက်သောသူ၏ မကောင်းသောကျော်စောသတင်းသည် ပျံ့နှံ့၍ထွက်၏။ဤကားသီလမရှိသူ၏ သီလပျက်ခြင်း၌ နှစ်ခုမြောက်အပြစ်ပေတည်း။

ဥပါသကာတို့၊ သီလမရှိသော သီလပျက်သောသူသည် မင်းပရိသတ်၊ ရဟန်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်အလယ်သို့ ချဉ်းကပ်ခဲ့သော် ကြောက်ကြောက်ရွံ့ရွံ့ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏။ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ သုံးခုမြောက်အပြစ်ပေတည်း။

ဥပါသကာတို့၊ သီလမရှိသော သီလပျက်သောသူသည် တွေတွေဝေဝေဖြစ်လျက် သေရ၏။ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ လေးခုမြောက်အပြစ်ပေတည်း။

ဥပါသကာတို့၊ သီလမရှိသော သီလပျက်သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသောလားရာပျက်စီး၍ ကျရောက်ရာငရဲ၌ ဖြစ်ရ၏။ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ ငါးခုမြောက်အပြစ်ပေတည်း။

ဥပါသကာတို့၊ သီလမရှိသူ၏ သီလပျက်ခြင်း၌အပြစ်တို့သည် ဤငါးပါးတို့ပေတည်း။

## သီလရှိသူ၏အကျိုး
## (သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၊ ဆဋ္ဌမူစာမျက်နှာ -၇၃)

ဥပါသကာတို့၊ သီလရှိသူ၏ သီလပြည့်စုံခြင်း၌ ဤငါးပါးသောအကျိုးအာနိသင်တို့သည် ရှိကုန်၏။အဘယ်ငါးပါးတို့နည်းဟူမူ-

ဥပါသကာတို့၊ ဤလောက၌ သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် မမေ့လျော့ခြင်းကြောင့် များစွာသော

စည်းစိမ်အစုကိုရ၏။ဤကား သီလရှိသူ၏ သီလပြည့်စုံခြင်း၌ ရှေးဦးစွာသော အကျိုးပေတည်း။

ဥပါသကာတို့ သီလရှိသော သီလနှင့်ပြည့်စုံသော သူ၏ ကောင်းသောကျော်စောသတင်းသည် ပျံ့နှံ့၍ထွက်၏။ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ နှစ်ခုမြောက် အကျိုးပေတည်း။

ဥပါသကာတို့ သီလရှိသော သီလနှင့်ပြည့်စုံသောသူ သည် မင်းပရိသတ်၊ ရဟန်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊သူကြွယ် ပရိတ်သတ်အလယ်သို့ ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့မျက်နှာ မညှိုးငယ်ဘဲ ချဉ်းကပ်ရ၏။ဤကား သီလရှိသူ၏ သီလနှင့် ပြည့်စုံခြင်း၌ သုံးခုမြောက်သော အကျိုးပေတည်း။

ဥပါသကာတို့ သီလရှိသော သီလနှင့်ပြည့်စုံသောသူ သည် တွေဝေခြင်းမရှိဘဲ သေရ၏။ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ လေးခုမြောက်အကျိုးပေတည်း။

ဥပါသကာတို့ သီလရှိသော သီလနှင့်ပြည့်စုံသောသူ သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်း သောလားရာနတ်ပြည်၌ ဖြစ်ရ၏။ဤကား သီလရှိသူ၏ သီလ နှင့်ပြည့်စုံခြင်း၌ ငါးခုမြောက်အကျိုးပေတည်း။

ဥပါသကာတို့ သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌

အကျိုးတို့သည် ဤငါးပါးတို့ပေတည်း ဟု(မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် ပါဋ္ဌလိရွာသား ဥပါသကာတို့ကို ကြာမြင့်စွာ ညဉ့်အချိန်ပတ်လုံး (ညဉ့်နက်သည့်တိုင်အောင်)တရားကားဖြင့် (အကျိုးစီးပွားကိုသိမြင်စေလျက်) (တရားကို) ဆောက်တည်စေကာ(တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေပြီးလျှင် ဥပါသကာတို့ ညဉ့်ဦးယံလွန်လေပြီ။ ယခုအခါ သွားရန်အချိန်ကို သင်တို့သိကုန်၏။(သွားရန်မှာ သင်တို့အလိုအတိုင်းပင် ဖြစ်၏။) ဟုပြန်လွှတ်တော်မူ၏။

"အရှင်ဘုရား-ကောင်းပါပြီ"ဟု ပါဋ္ဌလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် နေရာမှထကာ မြတ်စွာဘုရားကိုရှိခိုးလျက် အရိုအသေပြု၍ ပြန်သွားကြကုန်၏။ထိုအခါ မြတ်စွာဘုရားသည် ပါဋ္ဌလိရွာသား ဥပါသကာတို့ပြန်သွားကြ၍ မကြာမြင့်မီ ဆိတ်ငြိမ်ရာသို့ ဝင်တော်မူ၏။

## ရေကျရေးနှင့်နတ်ပြည်ရောက်ရေး
### (ပဉ္စင်္ဂုတ္တရပါဠိတော်၊ နိရယသုတ်ဘာသာပြန်၊ ဆဋ္ဌမူစာမျက်နှာ-၁၇၉)

ရဟန်းတို့၊ တရားငါးမျိုးတို့နှင့်ပြည့်စုံသော ဥပါသကာ

သည် ဆောင်ယူချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏

၁။ သူ့အသက်ကိုသတ်လေ့ရှိခြင်း။

၂။ မပေးသည်ကိုယူလေ့ရှိခြင်း။

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်လေ့ရှိခြင်း

၄။ မမှန်ပြောလေ့ရှိခြင်း။

၅။ မူးယစ်မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေအရက်ကိုသောက်လေ့ရှိခြင်း ။

တို့ဖြစ်သည်။

ရဟန်းတို့၊ ဤတရားငါးမျိုးနှင့်ပြည့်စုံသောဥပါသကာ သည် ဆောင်ယူချထားအပ်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏၊

၁။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်မှု။

၂။ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်မှု။

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်မှု။

၄။ မမှန်ပြောခြင်းမှ ရှောင်ကြဉ်မှု။

၅။ မူးယစ်မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေအရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်မှု၊

တို့ဖြစ်သည်။

ရဟန်းတို့၊ ဤတရားငါးမျိုးနှင့်ပြည့်စုံသောဥပါသကာ

သည် ဆောင်ယူ၍ချထားအပ်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။

## ရန်မျိုးငါးပါးတို့ကို ပယ်ရှားမှု-မပယ်ရှားမှု
### (ပဥ္စင်္ဂုတ္တရပါဠိတော်၊ ဝေရသုတ်ဘာသာပြန်၊စာမျက်နှာ-၁၈၀)

ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည် ဤစကားကိုဟောတော်မူသည်။

ဒါယကာ၊ ဘေးရန်ငါးမျိုးတို့ကို မပယ်သောကြောင့် သီလမရှိသူ ဟူ၍ ဆိုအပ်၏။ငရဲသို့လည်း ကျရောက်ရ၏။

၁။ သူ့အသက်ကိုသတ်ခြင်း။
၂။ မပေးသည်ကိုယူခြင်း။
၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း။
၄။ မမှန်ပြောလေ့ရှိခြင်း။
၅။ မူးယစ်မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေအရက်ကိုသောက်ခြင်း တို့ဖြစ်သည်။

ဒါယကာ၊ ဤဘေးရန်ငါးမျိုးတို့ကို မပယ်ခြင်းကြောင့် သီလ ရှိသူဟူ၍ ဆိုအပ်၏။ ငရဲသို့လည်း ကျရောက်ရ၏။

ဒါယကာ၊ ဤဘေးရန်ငါးမျိုးတို့ကို ပယ်ခြင်းကြောင့်

သီလရှိသူဟူ၍ ဆိုအပ်၏။ ကောင်းသောလားရာ (သုဂတိ ဘ၀) သို့လည်း ရောက်ရ၏။

၁။ ဒါယကာ၊ သူ့အသက်ကို သတ်လေ့ရှိသူသည်--သတ်ခြင်းဟူသောအကြောင်းကြောင့် မျက်မှောက်၌ဖြစ်သော ဘေးရန်သည် ပွားစီး၏။တမလွန်၌ဖြစ်သော ဘေးရန်သည် ပွားစီး၏။စိတ်၌ဖြစ်သောဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းတို့ကိုလည်း ခံစားရ၏။သူ့အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်သူအား မျက်မှောက်၌ဖြစ်သောဘေးရန်သည် မပွားစီး၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းကိုလည်း မခံစားရ။သူ့အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်သူအား ဤသို့အားဖြင့် ထိုဘေးရန်သည် ငြိမ်း၏။

၂။ ဒါယကာ၊ မပေးသည်ကိုယူလေ့ရှိသူသည်---

၃။ ဒါယကာ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်လေ့ရှိသောသူသည်---

၄။ ဒါယကာ၊ မမှန်ပြောလေ့ရှိသူသည်---

၅။ ဒါယကာ၊ မူးယစ်မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေအရက်ကိုသောက်သောသူသည်--

(၁) လောက၌ သူ့အသက်ကိုသတ်သူ

(၂) မမှန်ပြောသူ
(၃) မပေးသည်ကိုယူသူ
(၄) သူ့မယားကိုလည်း လွန်ကျူးသွားလာသူ
(၅) သေအရက်သောက်ခြင်းကိုလည်း အဖန်ဖန်

တလဲလဲအားထုတ်သူကို ရန်ငါးမျိုးတို့ကို မပယ်ခြင်းကြောင့် သီလမရှိသူ ဟူ၍ ဆိုအပ်၏။ပညာမရှိသော ထိုသူသည် ခန္ဓာကိုယ်ပျက်စီးသည်ရှိသော် ငရဲ၌ ဖြစ်ရ၏။

(၁) လောက၌ သူ့အသက်ကိုမသတ်သူ
(၂) မမှန်မပြောသူ
(၃) မပေးသည်ကိုမယူသူ
(၄) သူ့မယားကိုလည်း မလွန်ကျူးမသွားလာသူ
(၅) သေအရက်သောက်ခြင်းကိုလည်း အဖန်ဖန်

တလဲလဲအားမထုတ်သူကို ရန်ငါးမျိုးတို့ကို ပယ်ခြင်းကြောင့် သီလရှိသူ ဟူ၍ ဆိုအပ်၏။ပညာရှိသော ထိုသူသည် ခန္ဓာကိုယ်ပျက်စီးသည်ရှိသော် ကောင်းသောလားရာ

(သုဂတိဘဝ)၌ ဖြစ်ရ၏။

## ဒုစရိုက်အကျိုး
## (အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ်-ဒါနဝဂ်-ဒုစ္စရိတဝိပါကသုတ်၊ ဘာသာပြန်စာမူ စာမျက်နှာ-ရ)

### ၁။ သူ့အသက်သတ်ခြင်း

ရဟန်းတို့၊ မှီဝဲအပ်သော ပွားများအပ်သော အကြိမ်များစွာ ပြုအပ်သော သူ၏အသက်ကို သတ်ခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏။တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။အလုံးစုံတို့အောက် သူ၏အသက်ကိုသတ်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောသူအား အသက်တိုခြင်းကိုဖြစ်စေတတ်၏။

### ၂။ သူ့ဥစ္စာကိုခိုးယူခြင်း

ရဟန်းတို့၊ မှီဝဲအပ်သော ပွားများအပ်သော အကြိမ်များစွာ ပြုအပ်သော ပိုင်ရှင်မပေးဘဲ သူတစ်ပါးဥစ္စာကိုခိုးယူခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏။တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။အလုံးစုံတို့အောက် ပိုင်ရှင်မပေးဘဲ သူတစ်ပါးဥစ္စာကိုခိုးယူခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်

သောသူအား စည်းစိမ်ဥစ္စာပျက်စီးခြင်းကိုဖြစ်စေတော်၏။

## ၃။ ကာမဂုဏ်တို့၌ဖောက်ပြန်၍ကျင့်ခြင်း

ရဟန်းတို့၊ မှီဝဲအပ်သော ပွားများအပ်သော အကြိမ်များစွာ ပြုအပ်သော ကာမဂုဏ်တို့၌ ဖောက်ပြန်သောအားဖြင့်ကျင့်ခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏။တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။သူ့သားအိမ်ယာဟူသော ကာမဂုဏ်တို့၌ဖောက်ပြန်သောအားဖြင့်ကျင့်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောသူအား ရန်သူတို့နှင့် ရန်ဖြစ်စေတတ်၏။

## ၄။ မဟုတ်မမှန်ပြောဆိုခြင်း

ရဟန်းတို့၊ မှီဝဲအပ်သော ပွားများအပ်သော အကြိမ်များစွာ ပြုအပ်သော မဟုတ်မမှန်စကားကိုပြောဆိုခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏။တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။မဟုတ်မမှန်သောစကားကိုပြောဆိုခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောသူအား စကားဖြင့်စွပ်စွဲခံရခြင်းကို ဖြစ်စေတတ်၏။

## ၅။ ကုန်းတိုက်စကားပြောဆိုခြင်း

ရဟန်းတို့၊ မှီဝဲအပ်သော ပွားများအပ်သော အကြိမ်

များစွာ ပြုအပ်သော ကုန်းတိုက်စကားပြောဆိုခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏။တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ကုန်းတိုက်စကားပြောကြားခြင်း၏ အပေါ့ဆုံး အကျိုးသည် လူဖြစ်သောသူအား အဆွေခင်ပွန်းတို့နှင့် ကွဲပြားခြင်းကို ဖြစ်စေတတ်၏။

## ၆။ ကြမ်းတမ်းသောစကားကိုပြောဆိုခြင်း

ရဟန်းတို့၊ မှီဝဲအပ်သော ပွားများအပ်သော အကြိမ်များစွာ ပြုအပ်သော ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏။တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောသူအား အသက်တိုခြင်းကို ဖြစ်စေတတ်၏။

## ၇။ ပြိန်ဖျင်းသောစကားကိုပြောဆိုခြင်း

ရဟန်းတို့၊ မှီဝဲအပ်သော ပွားများအပ်သော အကြိမ်များစွာ ပြုအပ်သော ပြိန်ဖျင်းသောစကားကိုပြောဆိုခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏။တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောသူအား အသက်

တိုခြင်းကို ဖြစ်စေတတ်၏။

## ကိုယ်ချင်းစာတရားတော်
## (မဟာဝဂ္ဂသောတပဋ္ဌိသံယုတ် ၁၊ ဝေဠုဒွါရဝဂ် ၇၊ ဝေဠုဒွါရသုတ် ဘာသာပြန်)

တစ်ရံရောအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာတို့နှင့်အတူ ကောသလတိုင်း၌ ဒေသစာရီကြွတော်မူသည်ရှိသော် ကောသလတိုင်းသားတို့၏ ဝေဠုဒွါရမည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၏။

ထိုဝေဠုဒွါရရွာသား ပုဏ္ဏားသူကြွယ်တို့သည် သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီလှည့်လည်တော်မူရာ ဝေဠုဒွါရရွာသို့ ရောက်လာ၏။

ထိုအရှင်ဂေါတမ၏ ကျော်စောသတင်းသည် ဤသို့ပျံ့နှံ့၍ထွက်၏။

ထိုမြတ်စွာဘုရားသည် ဤအကြောင်းကြောင့်လည်း ပူဇော်အထူးကို ခံယူတော်မူထိုက်၏။မဖောက်မပြန် (အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူ၏။အသိဉာဏ်

(ဝိဇ္ဇာ)၊ အကျင့် (စရဏ)နှင့် ပြည့်စုံတော်မူ၏။ကောင်းသော စကားကို ဆိုတော်မူတတ်၏။လောကကိုသိတော်မူ၏။ဆုံးမထိုက်သောသူတို့ကို အတုမရှိ ဆုံးမတော်မူတတ်၏။နတ်လူတို့၏ ဆရာဖြစ်တော်မူ၏။သစ္စာလေးပါး တရားတို့ကို သိတော်မူစေ၏။ဘုန်းတန်ခိုးကြီးတော်မူ၏။

ထိုမြတ်စွာဘုရားသည် နတ်ဘုံနှင့်တကွသော မာရ်နတ်ဘုံနှင့်တကွ ဗြဟ္မာ့ဘုံနှင့်ဤလောကကို လည်းကောင်း၊ သမဏ၊ ဗြဟ္မဏနှင့်တကွသောမင်းများ လူများနှင့်တကွသော သတ္တဝါအပေါင်းကို လည်းကောင်း၊ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။

ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသောသဒ္ဒါနှင့်ပြည့်စုံသောတရားကို ဟောတော်မူ၏။အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏

ထိုသို့သောသဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြင်ရခြင်းသည ကောင်းသည်သာတည်း။ထို့နောက် ဝေဠုဒွါရရွာသားပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားရှိရာသို့ချဉ်းကပ်ကုန်၍ အချို့သောသူတို့သည် မြတ်စွာဘုရားကိုရှိခိုး၍ တစ်ခုသောနေရာ၌ ထိုင်ကုန်၏။အချို့သောသူတို့သည် မြတ်စွာ

ဘုရားနှင့်အတူနှုတ်ဆက်ကုန်၏။ဝမ်းမြောက်ဖွယ်၊နှစ်သက်ဖွယ်၊အောက်မေ့ဖွယ်စကားကို ပြောဆိုခြင်း၊ဆုံးမစေကြပြီး တစ်ခုသောနေရာ၌ ထိုင်ကုန်၏။အချို့သောသူတို့သည် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီမိုးရှိခိုး၍ တစ်ခုသောနေရာ၌ ထိုင်ကုန်၏။

အချို့သောသူတို့သည် မြတ်စွာဘုရား၏အနီး၌ အမည်အနွယ်ကိုလျှောက်ကြား၍ တစ်ခုသောနေရာ၌ ထိုင်ကုန်၏။အချို့သောသူတို့သည် ဆိတ်ဆိတ်နေကုန်၍ အချို့သောနေရာ၌ ထိုင်ကုန်၏။ထိုဝေဠုဒွါရရွာသား ပုဏ္ဏားသူကြွယ်တို့သည် တစ်ခုသောနေရာ၌ ထိုင်ကြပြီးသော် ဤစကားကို လျှောက်ထားကုန်၏။

အရှင်ဂေါတမ၊ အကျွန်ုပ်တို့သည် ဤသို့အလိုရှိပါကုန်၏။ဤသို့ အလို(ဆန္ဒ)ရှိပါကုန်၏။ဤသို့ လိုလားချက်(အဓိပ္ပာယ်)ရှိပါကုန်၏။သားသမီးတို့ဖြင့် ကျဉ်းမြောင်းသောအိမ်ရာ၌ နေလိုပါကုန်၏။ကာသိတိုင်းထွက် စန္ဒကူးကို ခံစားလိုကုန်၏။ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာပျောင်းလိမ်းခြယ်ခြင်းတို့ကို ဆောင်လိုကုန်၏။ရွှေငွေကို သာယာလိုကုန်၏။ခန္ဓာကိုယ်ပျက်စီးသော် သေပြီးသည်နောက်၌ ကောင်းသောသူတို့၏လားရောက်ရာ နတ်ပြည်၌ ဖြစ်စလိုပါကုန်၏။

အကျွန်ုပ်တို့သည် သားသမီးတို့ဖြင့် ကျဉ်းမြောင်းသော အိမ်ရာ၌ နေလိုကုန်၏။ကောင်းသောသူတို့၏လားရောက်ရာ နတ်ပြည်၌ ဖြစ်လိုကုန်၏။

ဤသို့အလိုရှိကုန်သော၊ဤသို့ အလို(ဆန္ဒ)ရှိကုန်သော၊ဤသို့ လိုလားချက် (အဓိပ္ပာယ်)ရှိကုန်သော ထိုအကျွန်ုပ်တို့အား အရှင်ဂေါတမသည် ထိုသို့သောတရားကိုဟောတော်မူပါ။

မြတ်စွာဘုရားက သူကြွယ်တို့၊ သင်တို့အားမိမိကိုယ်၌ ဆောင်ထားထိုက်သော တရားဒေသနာကို ဟောကြားအံ့။ ထိုတရားကို နာကြားကြကုန်လော့။ ကောင်းစွာနှလုံးသွင်းကြကုန်လော့။"ဟောပေအံ့" ဟု မိန့်တော်မူလေရာ"အရှင်ဘုရား ကောင်းပါပြီ"ဟု ထိုဝေဠုဒွါရရွာသားသူကြွယ်ပုဏ္ဏားတို့သည် မြတ်စွာဘုရားအား ဝန်ခံလျှောက်ထားကုန်၏။

မြတ်စွာဘုရားသည် ဤသုတ်ကိုဟောတော်မူသည်။

## ၁။ သူ့အသက်ကိုသတ်ခြင်း

သူကြွယ်တို့၊ မိမိကိုယ်၌ ဆောင်ထားထိုက်သော တရားဒေသနာဟူသည် အဘယ်နည်း။

သူကြွယ်တို့၊ ဤသာသနာတော်၌ အရိယာတပည့်

သည် "ငါသည် အသက်ရှင်လို၏ မသေလို၊ ချမ်းသာလို၏ ဆင်းရဲကို စက်ဆုပ်၏၊ အသက်ရှင်လိုသော သေလိုသော၊ ချမ်းသာလိုသော ဆင်းရဲကိုစက်ဆုပ်သောငါ့ကို အကြင်သူသည် ဇီဝိတိန္ဒြေမှ ချငြားအံ့။ငါသည် ထိုသူ၏ထိုးသတ်မှုကို မချစ်မနှစ်သက်။ငါကလည်း အသက်ရှင်ကို မပေးစေလို၊ချမ်းသာလိုသော ဇီဝိတိန္ဒြေမှ ချငြားအံ့။

သူတစ်ပါးသည်လည်း ထိုသို့ချသောငါ့ကို မချစ်မနှစ်သက်ရာ။ငါမချစ်မနှစ်သက်သော တရားနှင့်သူတစ်ပါးသည်လည်း မချစ်မနှစ်သက်။ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် သူ၍တစ်ပါးကိုငါသည်အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း" ဟု ဤသို့ ဆင်ခြင်၏။

ထိုအရိယာတပည့်သည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း သူ့အသတ်သတ်ခြင်းမှ ရှောင်ကြဉ်၏။သူတစ်ပါးကိုလည်း သူ့အသတ်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ အကျိုးကိုလည်း ပြောဆို၏။ဤသို့ အရိယာတပည့်၏ ဤကိုယ်ဖြင့် ကောင်းစွာကျင့်ခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

## ၂။ သူ့ဥစ္စာခိုးခြင်း

သူကြွယ်တို့၊ နောက်တစ်မျိုးကား အရိယာတပည့်

သည် "(ငါ)မပေးသည်ကို ခိုးလိုစိတ်ဖြင့် ခိုးယူသောသူကို ငါသည် မချစ်မနှစ်သက်ပေရာ၊ ငါသည်လည်း (သူတစ်ပါး)မပေးသည်ကို ခိုးလိုစိတ်ဖြင့် ယူငြားအံ့၊ သူတစ်ပါးသည်လည်း ငါ့ကို မချစ်မနှစ်သက်ပေရာ။ ငါမချစ်မနှစ်သက်သော တရားကို သူတစ်ပါးသည်လည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် ငါသည် သူတစ်ပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း" ဟုဆင်ခြင်၏။

ထိုသူသည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း မပေးသည်ကိုယူခြင်းမှရှောင်ကြဉ်၏၊ သူတစ်ပါးကိုလည်း မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏။ဤသို့ ထိုသူ၏ ဤကိုယ်ဖြင့် ကောင်းစွာကျင့်ခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

## ၃။ သူ့သားမယားကျူးလွန်ခြင်း

သူကြွယ်တို့၊ နောက်တစ်မျိုးကား အရိယာတပည့်သည် "ငါ၏မယားတို့၌ ပြုကျင့်ခြင်းသို့ ရောက်သောသူကို ငါသည် မချစ်မနှစ်သက်ပေရာ၊ ငါသည်လည်း (သူတစ်ပါး) မယားတို့၌ ပြုကျင့်ခြင်းသို့ ရောက်ငြားအံ့၊ သူတစ်ပါးသည်

လည်း ထိုငါ့ကို မချစ်မနှစ်သက်ပေရာ။ ငါမချစ်မနှစ်သက်သောတရားကို သူတစ်ပါးသည်လည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုတရားနှင့်ငါသည် သူတစ်ပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း” ဟုဆင်ခြင်၏။

ထိုသူသည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း ကာမဂုဏ်တို့၌ မှားယွင်းသောအားဖြင့်ကျင့်ခြင်းမှရှောင်ကြဉ်၏၊ သူတစ်ပါးကိုလည်း ကာမဂုဏ်တို့၌ မှားယွင်းသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ ကာမဂုဏ်တို့၌ မှားယွင်းသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏။ဤသို့ ထိုသူ၏ ဤကိုယ်ဖြင့် ကောင်းစွာကျင့်ခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

## ၄။ ကုန်းစကား

သူကြွယ်တို့၊ နောက်တစ်မျိုးကား အရိယာတပည့်သည် ကုန်းတိုက်စကားဖြင့် ငါ့ကိုမိတ်ဆွေတို့နှင့် ခွဲသောသူကို ငါသည်မချစ်မနှစ်သက်ရာ၊ ငါသည်လည်း သူတစ်ပါးကို ကုန်းတိုက်စကားဖြင့် မိတ်ဆွေတို့နှင့်ခွဲခြင်းအံ့။ သူတစ်ပါးသည်လည်း ထိုငါ့ကို မချစ်မနှစ်သက်ပေရာ။

ဤသို့ ထိုသူ၏ ကိုယ်နှုတ်ဖြင့် ကောင်းစွာကျင့်ခြင်း

သည် အစွန်းသုံးပါးမှ စင်ကြယ်၏။

## ၅။ ကြမ်းတမ်းသောစကား

သူကြွယ်တို့ နောက်တစ်မျိုးကား အရိယာ၀၁ပည့်သည် "ကြမ်းတမ်းသောစကားဖြင့် ငါ့ကို ပြောဆိုသောသူကို ငါသည်မချစ်မနှစ်သက်ရာ၊ ငါသည်လည်း သူတစ်ပါးကို ကြမ်းတမ်းသောစကားဖြင့် ပြောဆိုငြားအံ့။ သူတစ်ပါးသည်လည်း ထိုငါ့ကို မချစ်မနှစ်သက်ပေရာ။

ဤသို့ ထိုသူ၏ ကိုယ်နှုတ်ဖြင့် ကောင်းစွာကျင့်ခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

## ၆။ ပြိန်ဖျင်းသာစကား

သူကြွယ်တို့ နောက်တစ်မျိုးကား အရိယာတပည့်သည် "ငါ့ကို ပညာမဲ့ပြောခြင်းဖြင့် ပြိန်ဖျင်းသောစကားကို ပြောခြင်းဖြင့် ပြောသောသူကို ငါသည် မချစ်မနှစ်သက်ပေရာ၊ ငါသည်လည်း သူတစ်ပါးကို ပညာမဲ့ပြောခြင်းဖြင့် ပြိန်ဖျင်းသောစကားကိုပြောခြင်းဖြင့် ပြောငြားအံ့၊ သူတစ်ပါးသည်လည်း ငါ့ကို မချစ်မနှစ်သက်ပေရာ။ ငါမချစ်မနှစ်သက်သော တရားကို သူကစ်ပါးသည်လည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်

သော ထိုတရားနှင့် ငါသည် သူတစ်ပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း” ဟုဆင်ခြင်၏။

ထိုသူသည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသောစကားကို ပြောခြင်းမှရှောင်ကြဉ်၏၊ သူတစ်ပါးကိုလည်း သူတစ်ပါးကိုလည်း ပြိန်ဖျင်းသောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ ပြိန်ဖျင်းသောစကားကိုပြောခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏။ဤသို့ ထိုသူ၏ ဤကိုယ်ဖြင့် ကောင်းစွာကျင့်ခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

(က) ထိုသူသည် ထိုမြတ်စွာဘုရားသည် ဤအကြောင်းကြောင့်လည်း ပူဇော်အထူးကို ခံတော်မူထိုက်၏။ဘုန်းတန်ခိုးကြီးတော်မူ၏ ဟု မြတ်စွာဘုရား၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

(ခ) တရားတော်၌-

(ဂ) မြတ်စွာဘုရား၏ တပည့်သာဝကသည် ကောင်းသောအကျင့်ရှိ၏။လောက၏ အမြတ်ဆုံးကောင်းမှုလယ်မြေဖြစ်၏ ဟု သံဃာ၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း

နှင့် ပြည့်စုံ၏။

(ဃ) မကျိုးကုန်သော တည်ကြည်ခြင်းသမာဓိကို ဖြစ်စေနိုင်ကုန်သော အရိယာတို့နှစ်သက် အပ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏။

သူကြွယ်တို့ အရိယတပည့်သည် ဤသူတော်ကောင်းတရားခုနှစ်ပါးတို့နှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ ဤလိုလားအပ်သော အကြောင်းလေးမျိုးတို့နှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ အလိုရှိသည်ရှိသော် မိမိကိုယ်မိမိကိုယ်တိုင်ပင်(ငါသည်)ငရဲဘ၀ကုန်၏၊ တိရစ္ဆာန်ဘ၀ကုန်၏၊ပြိတ္တာဘ၀ကုန်၏၊မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ချမ်းသာကင်းရာ(အပါယ်)ကုန်၏။ငါသည်သောတာပန်ဖြစ်၏၊ပျက်စီးကျရောက်ခြင်း သဘောမရှိ၊ဂတိမြဲ၏။အထက်မဂ်လျှင် လဲလျောင်းရာရှိ၏ ဟု ပြောကြားရာ၏ ဟု ဤသို့ မိန့်တော်မူလတ်သော် ဝေဠုဒွါရရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထားကုန်၏-

အရှင်ဂေါတမ(တရားတော်)သည် အလွန်နှစ်သက်ဖွယ်ရှိပေ၏၊ အကျွန်ုပ်တို့သည် အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်းကောင်း

ရဟန်းသံဃာကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အရှင်ဂေါတမသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ။

♠ ♠ ♠ ♠ ♠ ♠ ♠

# အခန်း(၇)

# ဥပုသ်သီလ၏ကောင်းကျိုးချမ်းသာ

# ခံစားရသူများ

## ဥပုသ်စောင့်ခြင်း၏အကျိုးများ

ဗုဒ္ဓဘာသာဝင်တို့သည် ဝါတွင်းကာလတွင် များသောအားဖြင့် ဥပုသ်စောင့်ထိန်းလေ့ရှိကြပါသည်။ ဥပုသ်စောင့်ခြင်း၏

ပစ္စုပ္ပန်အကျိုးကျေးဇူးကို သိရှိနားလည်သူက နည်းလှပါသည်။

ဥပုသ်စောင့်ခြင်းသည်-

-စိတ်အစဉ်ကိုကောင်းရာဘက်သို့ ဦးလှည့်ပေးခြင်း

-ခြိုးခြံမှု၊စောင့်စည်းမှု၊ အလေ့အကျင့်ရခြင်း

-ကိုယ်ကျင့်တရားကို သိဒ္ဓိတင်ပေးခြင်း

-ချမ်းသာရေးအတွက် လက်တွေ့တရားဖြစ်ခြင်း

-နိဗ္ဗာန်ရောက်ရေးအတွက် ပထမလှေကားဖြစ်ခြင်း

ဟူသောအကျိုးများကို ပစ္စုပ္ပန်+တမလွန် မှချဆက်ဆက် ရရှိခံစားကြရပါသည်။

ဥပုသ်နေ့ရောက်၍ ဥပုသ်စောင့်တော့မည်ဟု ဆိုလျှင် အိမ်မှုကိစ္စတွေ အကုန်ဂိမ်းပြီး ပရိယေသန လူ့ကိစ္စနှင့်ဆိုင်သောပြုလုပ်မှု၊ ပြောဆိုမှု၊ ကြံစည်မှုများ အကုန်ရပ်ဆိုင်းထားလိုက်ရသည့်အတွက် စိတ်အစဉ်သာမက စီးပွားရှာမှုစသော လူ့လောကကိစ္စများမှာ အဆက်မပြတ်ဖြစ်နေရာက တရားနှင့်ဆိုင်သောဘက်သို့ ဦးလှည့်သွားတတ်ပါသည်။

စီးပွားရေးအစရှိသော ပရိယေသနကိစ္စများနှင့် လုံးထွေးပြီး အမြဲမပြတ်ဖြစ်နေသော စိတ်အစဉ်သည်-

-လောဘဦးစီးသောစိတ်များ

-ဒေါသဦးစီးသောစိတ်များ

-မောဟဦးစီးသောစိတ်များ

-မာနအငွေ့အသက်မကင်းသောစိတ်များ

-ပြူစူသောစိတ်များ

-ဝန်တိုသောစိတ်များ

ဤကဲ့သို့ မကောင်းသောစိတ်များ ဖြစ်နေတတ်ကြပါသည်။

ဥပုသ်စောင့်တော့မည်ဟု ဆိုလျှင် ပရိယေသန လှုမှုကိစ္စတို့ကို ရပ်ဆိုင်းထားရသဖြင့် အထက်ဖော်ပြပါစိတ်များ၊ စိတ်အညစ်အကြေးများ မဖြစ်တော့ဘဲ စိတ်အစဉ်သည် သန့်ရှင်းစင်ကြယ်လာပါသည်။ကောင်းသောဘက်သို့ ဦးလှည့်လာပါသည်။မကောင်းသောစိတ်များ မဖြစ်တော့ဘဲ ကောင်းသောစိတ်များ ဖြစ်လာသည့်အတွက် ကောင်းသောအကျိုးများ ဖြစ်ပေါ်ရန်အတွက် သေချာလာပါသည်။

လောကဝယ် မိမိတို့ လုပ်ရည်ကိုင်ရည်အလိုက် ကောင်းကျိုး၊ ဆိုးကျိုးများ ခံစားရခြင်းသည် စိတ်အစဉ်အရသာဖြစ်ပါသည်။

-ကောင်းသောစိတ်အစဉ်ဖြစ်လျှင် ကောင်းသော အကျိုးတရားများ ဖြစ်ပေါ်လာမည်။

-မကောင်းသောစိတ်အစဉ်ဖြစ်လျှင် မကောင်းသော

အကျိုးတရားများ ဖြစ်ပေါ်လာမည်။

ဥပုသ်စောင့်နေသူတစ်ယောက်အဖို့ ဥပုသ်စောင့်ခိုက် ဝယ် ကောင်းသောစိတ်အစဉ်တွေဖြစ်နေသည့်အတွက် ထိုစိတ် အစဉ်များသည် တစ်နေ့နေ့ ကောင်းကျိုးကို ဖန်တီးလာပါမည်။

ဥပုသ်စောင့်သောနေ့တွင် နေ့လွဲညစာစားခြင်းနှင့် တကွကာမဂုဏ် အာရုံခံစားမှုတို့ကို ခြိုးခြံနေရသည်။သုံး ဆောင်ခံစားမှုကို ခြိုးခြံပါက အဖျင်းဆုံး တွက်ကိန်းအားဖြင့် ရုပ်၏ကျန်းမာရေး၊ နာမ်၏ကျန်းမာရေးအတွက် အများဆုံး အထောက်အပံ့ဖြစ်စေပါသည်။

လူများသည် ရက်ပေါင်း လပေါင်းများစွာအလုပ်နှင့် လက်နှင့်မပြတ်ဘဲ လုပ်နေရင်း ရောဂါစွဲပြီး လဲတတ်ကြပါသည်၊ ထို့အတွက် (၇)ရက် တစ်ပတ်ဖြစ်စေ၊ သင့်လျော်သည့်အခါ မှာဖြစ်စေ အနားယူရပါသည်။

ခန္ဓာကိုယ်ကြီးသည် လုံလောက်သောခံစားမှုတို့ကို အမြဲမပြတ်မရပ်မနား ဆက်ကာဆက်ကာ လက်ခံနေပြီးလျှင် ရုပ်ကျန်းမာမှု၊ နာမ်ကျန်းမာမှု ထိခိုက်တတ်ပါသည်။အစာ အာဟာရသုံးဆောင်ပြီဆိုလျှင် ခန္ဓာကိုယ်အတွင်းမှာ ယင်း အစာကြေညက်မှုအတွက် စက်ရုံကြီးများကို အဆင်သင့် စီမံ ရပါသည်။

ဥပုသ်နေ့မှာ ညစာတစ်ထပ်မစားဘဲနေပြီး ခန္ဓာကိုယ် အတွင်းစက်ကြီးကို အနားပေးလိုက်ခြင်းအားဖြင့် ရုပ်ကျန်းမာ ရေးကို များစွာအထောက်အပံ့ဖြစ်စေပါသည်။နာမ်၏ ဓာတ် သဘောအားဖြင့် ကာမဂုဏ်အာရုံခံစားမှုကို ခြိုးခြံလိုက်ခြင်း သည်လည်း နာမ်ကျန်းမာရေးအတွက် များစွာအထောက်အပံ့ ရပါသည်။

တရားသဘောနှင့်တွေးလျှင်လည်း အစာအာဟာရ ကို ခြိုးခြံခြင်းအားဖြင့် ရသတဏှာပြတ်သွားတတ်ပါသည်။ အာရုံခံစားမှုခြိုးခြံခြင်းအားဖြင့် ရသတဏှာပြတ်သွားပါသည်။ သာယာမှုတဏှာကင်းပြတ်သွားပါသည်။

ထို့ပြင် ဥပုသ်စောင့်ခြင်းသည် မကောင်းသော ကာယ ကံမှု၊ ဝစီကံမှုများကို စောင့်စည်းခြင်း ဖြစ်သည်။စောင့်စည်းမှု သည် အမှန်အကျိုးရှိသော အလုပ်ဖြစ်သည်။တွေ့ကြုံသော အခါ လွန်ကျူးမယ် မလွန်ကျူးဘူးဆိုသည်မှာ အမှန်မပြော နိုင်သော်လည်း စောစောကတင်ကြိုတင်ပြီး မလွန်ကျူးပါဘူး ဟူ၍ ဆောက်တည်စောင့်စည်းခြင်းကား အလွန်ကောင်းသော အလုပ်ဖြစ်သည်။ကုသိုလ်ဟူ၍ ခေါ်၍ရပါသည်။

သူ့အသက်သတ်မှုဆိုပါလျှင် သူ့အသက်နှင့်တွေ့သည့် အခါ သတ်-မသတ်ဆိုတာကို အမှန်မပြောနိုင်ပါ။သတ်လျှင်

အပြစ်ဖြစ်မည်၊ မသတ်လျှင် အပြစ်မဖြစ်ချေ။ဤသည်မှာ အသက်နှင့်တွေ့ကြုံသောအခါကျမှ ဖြစ်ရမည့်ကိစ္စ ဖြစ်သည်။

"တင်ကြိုပြီး သူ့အသတ်မသတ်ပါဘူး၊ သူ့အသတ်သတ်မှုမှ ရှောင်ကြဉ်ကြောင်းဖြစ်သည့် သိက္ခာပုဒ်ကို ဆောက်တည်ပါ၏" ဟုဆောက်တည်လိုက်ခြင်းသည် ယခုလက်ငင်း ကုသိုလ်ဖြစ်ရသောကိစ္စ ဖြစ်ပါသည်။

အရက်မသောက်တတ်သောသူကို သုရာမေရယ သိက္ခာပုဒ်ဆောက်တည်ဖို့ လိုသေးသလားဟု ပြောဆိုတတ်ကြပါသည်။အရက်နှင့်တွေ့သောအခါ မသောက်တတ်လို့ မသောက်ဘဲနေသည်မှာ အပြစ်မဖြစ်ပါ။သို့သော် ကုသိုလ်ရသည်ဟူ၍ မဆိုနိုင်ပါချေ။

အရက်သောက်ခြင်းမှ ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်ကိုဆောက်တည်ပါ၏ ဟူ၍ ဆောက်တည်ခြင်းကမူ ကုသိုလ်ရပါသည်။

မဆောက်တည်သော ဥပုသ်မစောင့်ဘဲနေခြင်းသည် မလွန်ကျူးလျှင် အပြစ်မဖြစ်ရုံဘဲ ရှိပါသည်။ကုသိုလ်မဖြစ်ပါ။ သိက္ခာပုဒ်ဆောက်တည်ပါက လက်ငင်းကုသိုလ်ရပါသည်။ နောင်လည်း အပြစ်မဖြစ်ပါ။ဤကဲ့သို့ ကျေးဇူးရှိပုံခြင်း ကွာခြားပါသည်။

ယခုဘဝတွင် သူ့အသတ်မသတ်ခြင်း စသည်များ၊ မိမိတို့သန္တာန်တွင် အများကြီးရှိနေပါသည်။ဆရာကောင်း၊ သမားကောင်း၊ အပေါင်းအသင်းကောင်းများနှင့် တွေ့နေရ၍ ထိုသို့သောသတ်မှု၊ ခိုးမှု၊ လောဘ၊ ဒေါသ အရိုင်းအစိုင်း အကြမ်းအတမ်းတွေ မဖြစ်ပေါ်သော်လည်း ဘဝသံသရာမှာ စိတ်မချရပါ။

မည်သည့်အခါမှ မစောင့်စည်းဘဲ မနှိပ်ကွပ်ဘဲ ပေါက်လွှတ်ပဲစား သူ့သဘောအတိုင်းထားလျှင် နောင်ဘဝသံသရာတွင်မူ သတ်ဖြတ်သောဒေါသဆိုးတွေ၊ ခိုးယူလိုတဲ့ လောဘဆိုးတွေ ခေါင်းထောင်ထလာတတ်ပါသည်။

ဥပုသ်စောင့်ခြင်းအားဖြင့် မကြာမကြာ စောင့်စည်းမှု ပြုလုပ်ထားသောအခါ ရိုင်းစိုင်းယုတ်မာသော အပြစ်များ ရုတ်တရက် မဖြစ်နိုင်ပါ။ဘဝများစွာ ဆက်ကာဆက်ကာ စောင့်စည်းသွားလျှင် လုံးဝယဉ်ကျေးပြီး တဖြည်းဖြည်း နိဗ္ဗာန်ဝင်သွားနိုင်ပါသည်။

ထို့ပြင် ဥပုသ်စောင့်ခြင်းသည် ကိုယ်ကျင့်တရားကို သိဒ္ဓိတင်ပေးရာရောက်ပါသည်။လူတိုင်းလူတိုင်းတွင် ကိုယ်စီကိုယ်ငှကျင့်ရသော ကိုယ်ကျင့်တရားများ ရှိပါသည်။

ကိုယ်ကျင့်တရားမကောင်းသူများသည် ကံမကောင်း၊

အခွင့်မသာ၍ မကောင်းစားသေးလျှင် တစ်နေ့နေ့မှာ မုချ ကောင်းစားမည်သာ ဖြစ်ပါသည်။တာဝန်ရှိ လူကြီးလူကောင်း များသည် လူတစ်ယောက်ကိုတာဝန်ပေးလို၍ စဉ်းစားဝေဖန် လျှင် အကျင့်စာရိတ္တ၊ ကိုယ်ကျင့်တရားကောင်းမကောင်းကို အလေးထားစဉ်းစားပြီးမှ တာဝန်ပေးလေ့ရှိပါသည်။

ပညာအရည်အချင်း မည်မျှပင် တော်နေစေကာမူ အကျင့်စာရိတ္တ မကောင်းပါက ရာထူးဂုဏ်ရရန် မလွယ်ကူပါ။

သို့အတွက် ကိုယ်ကျင့်တရား ကောင်းသည်ထက် ပို ကောင်းအောင် ပြုလုပ်ရန်မှာ ဥပုသ်စောင့်သောနည်းသည် အကောင်းဆုံးဖြစ်ပါသည်။

ပတ်ဝန်းကျင်အခြေအနေအရ အာရုံ၏သွေးဆောင် ဖြားယောင်းချက်ကြောင့် ကိုယ်ကျင့်တရားကောင်းလာနိုင်ပါ သည်။

အထူးသဖြင့် ကိုယ်ကျင့်တရားကောင်းသူသည် စိတ် ချမ်းသာမှုကို လက်တွေ့ခံစားရပါသည်။အလွယ်ကူဆုံးစဉ်းစား လျှင် ကိုယ်ကသူတစ်ပါးကို မညှဉ်းဆဲသူသည် ကိုယ့်ကို ပြန် ညှဉ်းဆဲမည့်ဘေးအတွက် စိုးရိမ်စရာ မလိုတော့ပါ။

ဝေဠုဒွါရရွာသား ပုဏ္ဏားများက ဘုရားရှင်ကို လျှောက်ကြသည်။

-တပည့်တော်တို့ဟာ သားသမီးတွေ အပြိုင်အဆိုင် နဲ့ ပျော်ရွှင်ချမ်းသာစွာနေလိုကြပါတယ်။

-သေတော့လည်း နတ်ပြည်ရောက်လိုကြပါတယ်။

-အဲဒီအတွက် ဘယ်လိုတရားတွေကို လိုက်နာရပါ မည်လဲ။

ထိုအခါမှာ ဘုရားရှင်က ကိုယ်ချင်းစာတရား(အတ္တူပနာယိက) ကို ဟောကြားအဖြေပေးခဲ့ပါသည်။

-ငါဟာ အသက်ရှင်ချင်တယ်၊ မသေချင်ဘူး၊

-ချမ်းသာချင်တယ်၊ ဆင်းရဲဒုက္ခမတွေ့ချင်ဘူး၊

-ငါ့ကိုသူများကသတ်ရင် ငါမခံချင်ဘူး၊

-သူများလဲ ငါ့လိုပဲရှိမှာပဲ၊

-ငါက သူတို့ကိုသတ်ရင် သူတို့လဲခံချင်မှာ မဟုတ်ဘူး၊

ယခုကဲ့သို့ ကိုယ်ချင်းစာနှင့်နှိုင်းယှဉ်ပြီး သူ့အသက်ကို မသတ်ဘဲ ရှောင်ကြဉ်ရမယ်၊

ထို့အတူ သူ့ဥစ္စာခိုးယူမှု၊ သူ့သားအိမ်ယာပြစ်မှားမှု၊ လိမ်ညာမှု စသည်တို့ကို မလုပ်ရန် ဟောပြောလမ်းညွှန်ချက် ပေးခဲ့ပါသည်။

ကိုယ်ချင်းစာတရားထားသူသည် စိတ်ချမ်းသာရသည် နောင်တွင်လည်း ကောင်းရာရောက်နိုင်ပါသည်။ကိုယ်ချင်းစာ

တရားထားခြင်းသည် အလွယ်ဆုံးကိုယ်ကျင့်တရား ဖြစ်ပါသည်။ထိုကိုယ်ချင်းစာတရားကို မကြာမကြာ ဥပုသ်စောင့်ခြင်းအားဖြင့် ငိုယ်ကို သိဒ္ဓိတင်ပေးလျှင် လောကသံသရာနှစ်ဖြာစင်ကြယ်သော၃ာနသို့ ရောက်နိုင်ပါသည်။

လောကတွင် ခွန်အားဗလနှင့် လုပ်ကိုင်ဆောင်ရွက်ရသော အလုပ်ဟူသမျှသည် မြေကြီးပေါ်မှာတည်ပြီး မြေကြီးကို အမှီပြုကာ ပြုလုပ်ရသကဲ့သို့ မဂ်ဖိုလ်ရောက်ရေးကိစ္စများတွင်လည်း သီလကိုမှီပြီး၊ သီလကိုတည်ပြီး အရိယာမဂ်ကိုပွားရသည်ဟု မဂ္ဂသံယုတ်တွင် ဘုရားရှင်က ဟောကြားခဲ့သည်

သီလသည် မဂ်ဖိုလ်ရောက်ရေး၊ရရှိရေးအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။တစ်နည်းပြောရလျှင် နိဗ္ဗာန်ရောက်ရေးအတွက် ပထမဆုံးသောလှေကားထစ် ဖြစ်ပါသည်။

"အတွင်းရော အပြင်ပါ ရှုပ်ထွေးနေသည့် တဏှာအရှုပ်ထွေးကြီးကို ဘယ်ပုဂ္ဂိုလ်ဖြေရှင်းနိုင်ပါသလဲ"

ဟူ၍ နတ်သားတစ်ဦးက ဘုရားရှင်ထံ လျှောက်ထားမေးခဲ့သည်။

"သီလပေါ်မှာတည်ပြီး သမာဓိကို အဖန်ဖန်ပွားများခြင်းအားဖြင့် ပညာရင့်ကျက်ပြီး ဉာဏ်အထွဋ်အထိပ်ရောက်သူ

သည် ဖြေရှင်းနိုင်သည်"

ဟု ဘုရားရှင်က အဖြေပေးခဲ့သည်။

ဝိသုဒ္ဓိ(စင်ကြယ်မှု)ခုနစ်ပါးတွင်လည်း သီလဝိသုဒ္ဓိ သီလစင်ကြယ်အောင် စောင့်စည်းရပုံကို ဖော်ပြထားပါသည်။ သီလစင်ကြယ်မှ စိတ်စင်ကြယ်ပြီး မဂ်ရသည်အထိ အထက် တစ်ဆင့်များကို လှမ်းနိုင်ပါသည်။

ထို့ကြောင့် ဥပုသ်စောင့်ခြင်းအားဖြင့် စိတ်အစဉ် စင်ကြယ်ပြီးလျှင် နိဗ္ဗာန်၏ပထမလှေကားကို နင်းနိုင်သူ ဖြစ်ရ ပါတော့သည်။

ထိုသို့ ဥပုသ်စောင့်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ခံစားရသော လူ-နတ် တိရစ္ဆာန် ပုဂ္ဂိုလ်များစွာ ရှိကြပါသည်။

လေ့လာအားကျ အတုယူကျင့်သုံးနိုင်ကြရန် နတ်၊ လူ၊ တိရစ္ဆာန်ပုဂ္ဂိုလ်အချို့ကို ဤနေရာမှ ထုတ်နုတ်တင်ပြအပ်ပါ သည်။

♠ ♠ ♠ ♠ ♠ ♠ ♠

# ဥပုသ်တစ်ကြိမ်စောင့်သူ၏ ကောင်းကျိုးချမ်းသာ

ကိုးဆယ့်တစ် ကမ္ဘာထက်ဝယ် ဗန္ဓုမတိပြည်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသည်။ ဘုရားရှင်သည် ဗန္ဓုမာမင်းကြီး၏ သားတော်ဖြစ်သည်။

ဗန္ဓုမာမင်းကြီးသည် လပြည့် ရှစ်ပါးသီလ ဥပုသ်ကို စောင့်သုံးတော်မူသည်။

ထိုအချိန်ဝယ် ကုမ္ဘဒါသီဇနပုဒ်ရသော မိန်းမငယ်သည် သူဌေးသူကြွယ်တို့အိမ်၌ အိုးကျန်းကန်ဆေးကြောရသော အလုပ်ကိုလုပ်ရသော ကျွန်မငယ်တစ်ဦးဖြစ်သည်။

ဗန္ဓုမာမင်းကြီးသည် စင်ကြယ်သည့်ဗိုလ်ပါထု ခြံရံလျက်လပြည့်နေ့တွင် ဘုရားကျောင်း၌ ဥပုသ်စောင့်သည်ကို မြင်၍ ဤသို့ ကြံစည်မိလေသည်။

"ပြည့်ရှင်မင်းကြီးသည် မင်း၏စည်းစိမ်ခံစားခြင်းကို စွန့်ပယ်၍ ကာမဂုဏ်ခံစားခြင်းမရှိဘဲ ဥပုသ်စောင့်လေ၏။ ပြည့်ရှင်မင်းကြီးသည် အကျိုးမရှိဘဲ ကာမဂုဏ်စည်းစိမ်ကို စွန့်ပယ်၍ ဥပုသ်မစောင့်တန်ရာ။ အလွန်ပြည့်စုံစွာရရှိသော ပြည့်ရှင်မင်းကြီး၏ ကာမဂုဏ်ကိုပင်စွန့်ပယ်၍ ဥပုသ်စောင့်ခြင်းသည် ထိုကာမဂုဏ်စည်းစိမ်ထက် အလွန်ကောင်းမြတ်သော အကျိုးရှိသောကြောင့်သာလျှင် ဥပုသ်စောင့်ခြင်း ဖြစ်ပေ

လိမ့်မည်။ကာမဂုဏ်စည်းစိမ်ထက် သာလွန်သောအကျိုးကို မမြင်ဘဲနှင့် အဘယ်သူသည် ဥပုသ်စောင့်မည်နည်း။ ငါသည် ယခုဘဝ၌အလွန်ဆင်းရဲလှ၏။ကာမဂုဏ်ကိုလည်း ခံစားဖွယ် ရာမရှိ။ဆင်းရဲလှစွာသော ဤဘဝမှသေ၍ အပါယ်ဒုက္ခ ဆင်းရဲသို့ကျရောက်လျှင် ပိုလွန်၍ ဆင်းရဲတော့မည်။ဤဆင်းရဲ မှ လွတ်ကင်းအောင် ဥပုသ်စောင့်ခြင်းကို ငါပြုတော့အံ့" ဟု အကြံဖြစ်၍ ဥပုသ်စောင့်လေသည်။

ဥပုသ်တစ်ကြိမ်စောင့်သော ကုသိုလ်ကြောင့် ကုမ္ဘဒါသီ သည် သေသောအခါ တာဝတိံသာနတ်ပြည်သို့ ရောက်ရ သည်။

- နတ်သမီးတစ်သိန်း အခြံအရံရှိသည်။
- ထိုတစ်သိန်းထက် အလှဆုံး အတင့်တယ်ဆုံး ဖြစ်ခဲ့ရသည်။
- နတ်မင်းကြီးတို့၏မိဖုရားကြီး ၆၄-ကြိမ်၊စကြာမင်း၏ မိဖုရား ၆၁-ကြိမ် ဖြစ်ရသည်။
- သံသရာတွင်လည်သော ဘဝကြီးငယ်စုံတို့၌ ရွှေ အဆင်းကဲ့သို့ ကောင်းမြတ်သောအဆင်းတို့နှင့် ပြည့်စုံရသည်။
- ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်၊ရွှေထမ်းစင်

တို့ကို အလိုရှိတိုင်း ရသည်။

- ရွှေ၊ ငွေ၊ ပတ္တမြားတို့ဖြင့် ပြီးသော ဝတ္ထုပစ္စည်းတို့ကို အလိုရှိတိုင်းရသည်။
- ပိုးချည်၊ ဝါချည်၊သက္ကလတ်ချည်၊ ခေါမချည်တို့ဖြင့် ယက်သောအဝတ်တို့ကို အလိုရှိတိုင်းရသည်။
- ထမင်း၊ အဖျော်ခဲဖွယ်၊ ဘောဇဉ်အိပ်ရာ နေရာတို့ကို အလိုရှိတိုင်းရသည်။
- ပန်းနံ့သာ အမွှေးအထုံတို့ကို အလိုရှိတိုင်းရသည်။
- ပြဿာဒ်ရှည်၊ ပြဿာဒ်မဏ္ဍာပ်၊ ဂူလိုဏ်တို့ကို အလိုရှိတိုင်းရသည်။
- ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလားရောက်ချေ။တစ်ကြိမ်မျှ ဥပုသ်စောင့်ခြင်းဖြင့် ဤအကျိုးများကို ခံစားရပါသည်။

ယခု ဂေါတမဘုရားရှင်ပွင့်သော် သာဝတ္ထိပြည်ဝယ် သူဌေးတစ်ဦးသမီးဖြစ်လာပြီး ဥတ္တမာဟူသောအမည်ရှိခဲ့သည်။

အသက်(၇)နှစ်အရွယ်တွင် ပဋာစာရီထေရီရဟန္တာမထံသို့သွားကာ သာမဏေရီပြုသည်။ဆရာဥပဇ္ဈာယ်ဖြစ်သော ပဋာစာရီထေရီမ၏ ဆုံးမဩဝါဒတရားကို မှတ်သား၍ ဝိပဿနာတရားအားထုတ်သည်။

ဖြစ်ခြင်း၊ ပျက်ခြင်းသဘော၌ ဉာဏ်မသက်ဝင်နိုင်သဖြင့် လေးကြိမ်၊ ငါးကြိမ်ကျော် အခန်းမှထွက်၍-

"ငါ၏ ဥပဇ္ဈာယ်ဆရာ ပဋာစာရီရှင်မထံသို့သွား၍ မေးလျှောက်ဦးအံ့" ဟု ကြံစည်ပြီးမေးသည်။သုံးကြိမ် လေးကြိမ် မေးပြီးနောက် ငါးကြိမ်မြောက်အမေးတွင် ပဋာစာရီထေရီမက စေတောပရိယအဘိညာဉ်ဖြင့် ဥတ္တမာစိတ်ကိုကြည့်ပြီးနောက် သင့်လျော်သောကမ္မဋ္ဌာန်းကိုပြလျက် ခန္ဓာ၊ အာယတန၊ ဓာန်တို့ကို ဟောတော်မူသည်။

ဥတ္တမာသည် ပဋာစာရီထေရီမ၏ ကမ္မဋ္ဌာန်းနည်းကိုယူ၍ ခုနစ်ရက်ပတ်လုံး မိန်းမတို့ထိုင်သင့်သော ထက်ဝယ်ပလ္လင်ဖြင့် ကျုံ့ကျုံ့ထိုင်လျက် ဖြစ်ပျက်ကမ္မဋ္ဌာန်းကို ဆင်ခြင်ရာ (၈)ရက်မြောက်သောနေ့တွင် ရဟန္တာမဖြစ်လေသည်။

ဥတ္တမာထေရီသည် ခုနစ်နှစ်အရွယ်နှင့် ရဟန္တာမ ဖြစ်၍ ဧကူပေါသထထေရီမ ဟူ၍ ထင်ရှားကျော်ကြားလေသည်။

♠ ♠ ♠ ♠ ♠ ♠ ♠

# ဥပုသ်သီလဆောက်တည်သူလေးဦး

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလ ဖြစ်သည်။ဘုရားလောင်းသည် ယုန်မျိုး၌ဖြစ်သည် ဘုရားလောင်းနေသောတော၏တစ်ဘက်တွင် တောင်၊ တစ်ဘက်တွင် မြစ်၊ တစ်ဘက်တွင် ရွာ ရှိသည်။

ယုန်မင်းတွင် မျောက်၊ မြေခွေး၊ ဖျံ ဟူသော မိတ်ဆွေ သုံးယောက်ရှိသည်။ဤမိတ်ဆွေသုံးယောက်တို့သည် တပါးသိ လိမ္မာသော အသိဉာဏ်ပညာရှိကြသည်။သူတို့သည် မိမိတို့ နေရာ၌ အသီးသီးနေထိုင်ကြပြီး နေ့အခါ မိမိဘာသာမိမိ အစာ ရှာဖွေစားသောက်ကြသည်။ညအချိန်တွင် အတူတကွ စည်းဝေးတိုင်ပင်ကြသည်။ယုန်ပညာရှိက ဤမိတ်ဆွေများကို-

-အလှူကို ပေးလှူအပ်၏၊

-သီလကို ဆောက်တည်အပ်၏၊

-ဥပုသ်ကိုစောင့်သုံးအပ်၏၊

ဟူ၍ အမြဲဟောပြော ဆုံးမသည်။

သုံးယောက်သော မိတ်ဆွေတို့သည် ယုန်ပညာရှိ၏ အဆုံးအမကို ခံယူကြသည်။

တစ်နေ့ ယုန်မင်းသည် ကောင်းကင်သို့မော့ကြည့်ရာ လကိုမြင်သည်။မနက်ဖြန် ဥပုသ်နေ့ဟုသိ၍ မိတ်ဆွေသုံး

ယောက်ကိုခေါ်ကာ-

"အဆွေတို့--နက်ဖြန် ဥပုသ်နေ့ဖြစ်ပါသည်။အဆွေတို့သည်သီလဆောက်တည်ပြီး လှူသောအလှူသည် အကျိုးကြီးပါသည်။ထို့အတွက် ရောက်လာသော အလှူခံပုဂ္ဂိုလ်တို့အားသင်တို့စားအပ်သော အာဟာရမှ အလှူကိုလှူ၍စားကြပါ" ဟု ဆိုသည်။

မိတ်ဆွေသုံးယောက်တို့သည် ကောင်းပါပြီ ဟု ဝန်ခံကြ၍ မိမိတို့နေရာအသီးသီးသို့ ပြန်ခဲ့သည်။

နောက်နေ့စောစောတွင် ဖျံသည် စောစောထ၍ အစာရှာအံ့ဟုကြံကာ ဂင်္ဂါမြစ်နားသို့ သွားသည်။ထိုအချိန်တွင် ရွာသားတစ်ယောက်သည် ငါးကြင်းခုနစ်ကောင်ကို ဖမ်းယူပြီး နွယ်ဖြင့်သီကာ ဂင်္ဂါကမ်းနားရှိသဲတွင် ဖုံးလွှမ်းထားသည်။ငါးကို ဆက်လက်ဖမ်းရန် ဂင်္ဂါမြစ်အောက်သို့ ဆက်လက်သွားသည်။

ဖျံသည် ငါးအနံ့ကိုရ၍ သဲကိုယက်သည်။ငါးကိုတွေ့မြင်သောအခါ ထုတ်ယူပြီး-

"ဤငါးများ၏အရှင်သည် ရှိပါသလော"

ဟု သုံးကြိမ်အသံပြုသည်။အရှင်ကို မမြင်မကြားရ၍ နွယ်ကိုကိုက်ချီယူပြီး မိမိနေရာသို့ ယူဆောင်လာသည်။စားချိန်၌သာ စားမည်ဟု ဆုံးဖြတ်လျက် မိမိ၏သီလကို ဆင်ခြင်လျက်ဝပ်၍

နေလေသည်။

မြေခွေးသည်လည်း မိမိနေရာမှထွက်၍ အစာရှာထွက်သည်။လယ်စောင့်တဲတစ်တဲ၏ စဖိုချောင်၌ တံစို့ဖြင့်သီထားအပ်သော အမဲတံစို့နှစ်ခု၊ ဖွတ်ကင်တစ်ခု၊ နို့ခမ်းအိုးတစ်လုံးကိုမြင်၍-

"ဤပစ္စည်း၏ပိုင်ရှင်သည် ရှိသလော"

ဟု သုံးကြိမ်ဟစ်အော်၍ မေးသည်။

ပိုင်ရှင်ကိုမမြင်၍ နို့ခမ်းအိုးကို လည်၌ဆွဲပြီး အမဲတံစို့နှင့် ဖွတ်ကင်ကိုကိုက်ချီကာ မိမိနေရာသို့ပြန်လာပြီး အချိန်ကျမှ စားမည်ဟု ဆုံးဖြတ်ကာ မိမိသီလကို ဆင်ခြင်လျက်ဝပ်နေ၏

မျောက်သည်လည်း နေရာမှထွက်၍ တောအုပ်သို့ဝင်ကာ သရက်သီးခိုင်ကိုယူကာ မိမိနေရာ၌ထားပြီး သီလကို ဆင်ခြင်လျက် ဝပ်နေ၏။

ယုန်မင်းသည် စားချိန်ရောက်မှ မြေဇာမြက်ကို စားမည်ဟုဆုံးဖြတ်ကာ မိမိနေရာ၌ဝပ်၍ မိမိသီလကို ဆင်ခြင်သည်။

"ငါ့ထံရောက်လာသော အလှူခံတို့သည် မြက်ကိုစားကြမည်မဟုတ်၊ နှမ်း၊ ဆန် အစရှိသည်တို့လည်း ငါ့မှာမရှိပေ။ ငါ့ထံသို့ အကယ်၍ အလှူခံလာငြားအံ့၊ ငါ၏အသားကို လှူမည်"

ယုန်မင်းသည် ဤသို့သောအကြံအစည် သီလတန်ခိုးကြောင့် သိကြားမင်း၏ကျောက်ဖျာနေရာသည် ပူသောအခြင်းအရာကိုပြသည်။သိကြားမင်းသည် ဆင်ခြင်ကြည့်သော် ယုန်မင်း၏သီလအစွမ်းကြောင့် ဖြစ်ပေါ်သည်ကို သိသည်။

သို့အတွက် စုံစမ်းအံ့ ဟု ဆုံးဖြတ်ကာ ပုဏ္ဏားယောင်ဆောင်ပြီး ပထမ ဖျံထံသို့ သွားသည်။

"ပုဏ္ဏား အဘယ်အကျိုးငှာ လာပါသနည်း"

အဆွေ၊ တစ်စုံတစ်ရာကို အာဟာရကိုရက ဥပုသ်ဆောက်တည်လို၍ ရပ်ပါ၏"

"အဆွေ၊ ကောင်းပါပြီ။ သင့်ကို အာဟာရပေးပါမည်။ အကျွန်ုပ်မှာ ငါးကြင်းခုနစ်ကောင်ရှိပါသည်။ဤငါးကြင်းကိုစား၍ ဥပုသ်ဆောက်တည်ပါလော့"

"အဆွေ၊ ရှိစေဦး။ စောသေးသည်။ နောက်မှစားမည်"

သိကြားမင်းသည် ဤသို့ဆိုပြီး မြေခွေးထံသို့ ဆက်သွားသည်။မြေခွေးထံရှေ့မှောက်တွင် ရပ်သည်။

"အဆွေပုဏ္ဏား၊ အဘယ်အကျိုးငှာ လာရပ်ပါသနည်း"

"အဆွေ၊ တစ်စုံတစ်ရာကို အာဟာရကိုရက ဥပုသ်ဆောက်တည်လို၍ ရပ်ပါ၏"

"အဆွေ၊ ငါ့မှာ လယ်စောင့်တဲကရသော နို့ဓမ်းအမဲ

ကင်၊ ဖွတ်ကင်များ ရှိပါ၏။ ထိုဟာများကိုစား၍ ဥပုသ်ဆောက်တည်ပါလော့”

“အဆွေ၊ကောင်းပါပြီ။ ယခုစောသေး၏။နောက်မှစားပါမည်”

သိကြားမင်းသည် မျောက်ထံသို့ဆက်သွားပြီး မျောက်ရှေ့တွင် ရပ်ပြန်သည်။

“အဆွေ၊ အဘယ်အကျိုးငှာ လာရပ်ပါသနည်း”

“အဆွေ၊ တစ်စုံတစ်ရာကို အာဟာရကိုရက ဥပုသ်ဆောက်တည်လို၍ ရပ်ပါ၏”

“အဆွေ၊ ကောင်းပါပြီ။ ကျွန်ုပ်မှာ တောမှရသောသရက်သီးရှိပါသည်။ကျွန်ုပ်သစ်သီးကိုစား၊ အေးမြသောဂင်္ဂါရေကို သောက်ပြီး ချမ်းအေးသောကျွဲတော၌နေကာ ဥပုသ်ဆောက်တည်ပါ”

အဆွေ၊ ကောင်းပါပြီ။ယခု စောသေး၏။နောက်မှစားပါမည်”

သိကြားမင်းသည် ယုန်မင်းထံသို့ဆက်သွားသည်။ ယုန်ရှေ့တွင် ရပ်သည်။

“အဆွေပုဏ္ဏား၊ အဘယ်အကျိုးငှာလာရပ်ပါသနည်း”

“အဆွေ၊ တ[illegible]ရာကို [illegible]ကို[illegible] ဥပုသ်

ဆောက်တည်လို၍ ရပ်ပါ၏"

ယုန်မင်းသည် သိကြားမင်း၏စကားကိုကြားရသော အခါ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေသည်။

"အဆွေ၊ အာဟာရအကျိုးငှာ ငါ့ထံသို့လာသော သင်သည် ကောင်းလှပါ၏။ငါ့တွင် နှမ်း၊ဆန် စသည်မရှိပါ။သို့သော် ငါသည် ယနေ့မလှူဖူးသော အလှူကိုလှူပါမည်။သင်သည် ကား သီလရှိ၏။သူတစ်ပါးအသက်သတ်ခြင်းကို မပြုစေအံ့။ အဆွေပုဏ္ဏား သွားပါချေ။ထင်းတို့ကိုစု၍ မီးဖိုပါလေ။ သင်မီးဖိုပြီးက ငါသည် ငါ့အသက်ကိုစွန့်၍ လှူပါမည်။မီးဖို၌ ငါဆင်း၍ ငါ့အသားကျက်လတ်သော် သင်စားပြီး ရဟန်း တရားကိုအားထုတ်ပါလော့"

သိကြားမင်းသည် ယုန်မင်း၏စကားကိုကြား၍ မိမိ၏ အာနုဘော်ဖြင့် မီးကျီးစုကိုဖန်ဆင်းပြီး ယုန်မင်းကို ပြောကြား သည်။

ယုန်မင်းသည် မြေဇာမြက်အိပ်ရာမှထ၍ မီးကျီးစု နေရာသို့သွားသည်။မိမိကိုယ်၌ရှိသော ပိုးငယ်များ မသေစေရန် ကိုယ်ကို သုံးကြိမ်းသုံးခါ-ခါသည်။ထို့နောက် မိမိကိုယ်ကို အလှူဝတ္ထု၌ တည်စေပြီး မီးကျီးစုတွင်းသို့ ခုန်ဆင်းသည်။

ထိုမီးသည် ယုန်မင်း၏ကိုယ်၌ အမွေးအမျှင်ကိုမျှပင်

မပူမလောင်။ကိုယ်သည် ဆီးနှင်းတိုက်ထဲသို့ ဝင်သကဲ့သို့ အေးမြသွားသည်။ယုန်မင်းသည် ပုဏ္ဏားကို ခေါ်ကာ-

"အဆွေပုဏ္ဏား၊ သင်ပြုလုပ်သောမီးသည်အလွန် အေးလှ၏။ငါ၏ကိုယ်၌ အမွေးတွင်းမျှကိုပင် မလောင်။ အကြောင်းမည်သို့ရှိပါသနည်း" ဟုမေးသည်။

"ယုန်မင်း၊ ငါကား ပုဏ္ဏားမဟုတ်၊ သိကြားမင်း ဖြစ်ပါသည်။သင့်သီလကို စုံစမ်းရန် ငါလာပါသည်"

"သိကြားမင်း၊ သင့်ကိုထားဘိဦး။ငါ့ကို အလုံးစုံသော လောကသည် ငါ၏အလှူကို စုံစမ်းငြားအံ့။ငါ၏ မလှူလိုသောအခြင်းအရာကို မြင်ရလိမ့်မည် မဟုတ်ပါ"

ယုန်မင်းက ခြင်္သေ့မင်းကဲ့သို့ ရဲရဲရင့်ရင့် စကားဆိုသည်။

"ယုန်မင်း၊ သင်၏ကျေးဇူးဂုဏ်သည် ကမ္ဘာပတ်လုံး ထင်ရှားသည် ဖြစ်စေသတည်း"

သိကြားမင်းသည် တောင်ကိုညှစ်၍ တောင်ဆီကို ယူကာ လဝန်း၌ ယုန်ရုပ်အမှတ်ကို ရေးသားထားလေသည်။

ထိုလေးဦးသော မိတ်ဆွေတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ထိုအချိန်မှစ၍ သီလကိုဖြည့်ဆည်းကြလျက် အလှူကိုပေးကြသည်။ဥပုသ်စောင့်ကြသည်။သေသော် ကံ

အားလျော်စွာ လားကြကုန်သည်။

၁၁၆၊ သသပဏ္ဍိတဇာတ်၊ပုစိမန္ဒဝဂ်

♠♠♠♠♠♠♠

## ဥပုသ်စောင့်သီတင်းသည်များ

အင်္ဂတိုင်း၊ မာဂဓတိုင်း၊ ကာသိတိုင်း ဟူသော တိုင်းသုံးတိုင်းတို့၏အလယ်ဝယ် ပျော်မွေ့ဖွယ်ကောင်းသော တောအုပ်တစ်အုပ် ရှိသည်။

မာဂဓတိုင်း၌ ဗြဟ္မဏမဟာသာလမျိုးမှ ဆင်းသက်လာသော ဘုရားလောင်းသည် အရွယ်ရောက်သောအခါ ရှိသမျှဥစ္စာပစ္စည်းတို့ကို စွန့်လွှတ်ပြီးလျှင် ထိုတောအုပ်ဝယ် ရသေ့ပြု၍ နေလေသည်။

ရသေ့ကျောင်းအနီး ဝါးတောဝယ် ခိုလင်မယားသည် နေသည်။ တောင်ပို့တစ်ခု၌ မြွေသည်နေသည်။ ခြံတစ်ခု၌ မြေခွေးသည်နေသည်။တောအုပ်တစ်ခု၌ ဝံသည် နေသည်။

တစ်နေ့တွင် ခိုလင်မယား အစာရှာသွားရာ စွန်တစ်ကောင်သည် ခိုမကိုဖမ်း၍စားလေသည်။ခိုထီးသည် ခိုမနှင့် ကင်းကွာရသဖြင့် သောကပြင်းစွာဖြစ်သည်။ အပူမီးကို ငြိမ်းစေရန် ရသေ့ကျောင်းသို့သွား၍ ဥပုသ်ဆောက်တည်လျက် နေ

လေသည်။

မြွေသည် မိမိနေရာမှထွက်၍ နွားတို့သွားရာလမ်း၌ အစာကို ရှာသည်။ထိုအခါ ရွာစားမင်း၏ ကိုယ်လုံးဖြူသော နွားလားဥသဘသည် ကျက်စားရာတောင်ပို့၌ ချိုသွေး၍ ခွာတို့ဖြင့် မြေကိုယက်၍ကစားလေသည်။မြွေသည် ကြောက်၍ထွက်ပြေးရာ နွားလားဥသဘကို နင်းမိသည်။မြွေသည် အမျက်ထွက်ပြီး နွားလားဥသဘကိုကိုက်ရာ နွားလားဥသဘသေလေသည်။ရွာစားမိသားစုတို့သည် ငိုကြွေးကြကာ နွားလားဥသဘကို သင်္ဂြိုဟ်ကြသည်။

ထိုအခါ မြွေသည် ငါ၏ဒေါသကိုမှီ၍ နွားသေသည်။ ထိုဒေါသကိုနှိမ်မည်ဟုဆိုကာ ရသေ့ကျောင်းသို့သွား၍ဥပုသ် ဆောက်တည်နေသည်။

မြေခွေးသည် အစာရှာထွက်သည်ရှိသော် ဆင်တစ်ကောင်ကိုမြင်၍ အစာများစွာရပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နှာမောင်းနား၍က် ဝမ်းဗိုက်စသည်တို့၌ ကိုက်စားသည်။ မာကြောလှသဖြင့် ကိုက်မရချေ။ဝစ္စမဂ်ကို ကိုက်ပြန်ရာ မုန့်ညက်ကို ကိုက်ရသကဲ့သို့ နူးညံ့သဖြင့် စားရသည်။မြေခွေးသည်လောဘ၏အစွမ်းဖြင့် ဝစ္စမဂ်မှ ဝမ်းတွင်းသို့ဝင်ရာ အသားကိုစား၊အသွေးကိုသောက်နေရာမှ နေပူလေတိုက်သ

ဖြင့် ဆင်သေ၏ဝစ္စမဂ်ပေါက်ပိတ်သောအခါ ထွက်မရဘဲ ဆင်သေဝမ်းတွင်း၌ ဆင်းရဲစွာနေရသည်။တစ်ဖန် မိုးရွာ၍ ဝစ္စမဂ်ရေနူးကာပွင့်လေသောအခါ ကြောက်အားလန့်အား အတင်းတိုးထွက်သည်။အမွေးများကျွတ်ပြီး အရေစုတ်လျှင် အလွန်နာကျင်ဆင်းရဲစွာ ခံစားရသည်။

ထိုအခါ ငါသည် အစာလောဘကို နှိမ်မည်ဟု ကြံ၍ ရသေ့ကျောင်းသို့သွားကာ ဥပုသ်ဆောက်တည်လေသည်။

ဝံသည် အလွန်အလိုကြီးသဖြင့်တောမှထွက်ခဲ့သည်။ မလ္လတိုင်းပစ္စန္တရွာ၏ရွာသားတို့သည် ဝံတစ်ကောင်လာသည် ဟုကြား၍တုတ်၊ လုံ၊ လေး၊ မြားတို့ကို ကိုင်ပြီးလျှင် ဝံအောင်းသောခြုံကို ဝိုင်းဝန်းကြသည်။ဝံသည် ကြောက်ရွံ့ပြီးထွက်ပြေးရာ လူတို့က တုတ်၊ လုံတို့ဖြင့် ပစ်ခတ်ကြသည်။ဝံသည် ခေါင်းကွဲကာ သွေးများယိုစီးကျသည်ကိုကြည့်၍ ငါသည် အလွန်အလိုကြီးသောလောဘကြောင့် ဖြစ်ရသည်၊ ထိုလောဘကို နှိမ်မည်ဟု ဆိုကာရသေ့ကျောင်းသို့သွား၍ ဥပုသ်စောင့်သည်။

ရသေ့သည်လည်း မိမိမာနကိုမှီ၍ ဈာန်အဘိညာဉ်ကို မရနိုင်ဘဲ ရှိလေသည်။ပစ္စေကဗုဒ္ဓါတစ်ပါးသည် ထိုအကြောင်းကိုသိတော်မူ၍ -

"ဤရသေ့ကား ယုတ်ညံ့သောသတ္တဝါမဟုတ်၊ဘုရား

လောင်းသည် မာနကိုနှိမ်၍ ဈာန်အဘိညာဉ်ကို ဖြစ်စေမည်" ဟု ကြံဆကာ ဟိမဝန္တာမှကြွလာသည်။ ရသေ့ကျောင်းအနီး ကျောက်ဖျာ၌ သီတင်းသုံးနေလေသည်။

ရသေ့သည် ကျောင်းသင်ခန်းမှထွက်လာရာ ပစ္စေကဗုဒ္ဓါကိုမြင်၍ မာနကိုမှီကာ အမျက်ထွက်ပြီး ပစ္စေကဗုဒ္ဓါအနီး ချဉ်းကပ်သွား၍ လက်ဖျစ်တီးပြီးလျှင်-

"ဟယ်-သူယုတ်၊ ဦးပြည်းပျက်သွားလော၊ အဘယ့်ကြောင့်ငါ့နေရာ၌လာ၍ နေရဘိသနည်း" ဟု ဆို၏။

"အို-သူတော်ကောင်း၊ အဘယ့်ကြောင့် မာနကြီးဘိသနည်း၊ ငါကား ပစ္စေကဗုဒ္ဓါဖြစ်သည်။ သင်သည် ဤကမ္ဘာ၌ ဘုရားဖြစ်လတ္တံ့"

ပစ္စေကဗုဒ္ဓါသည် အမည်အမျိုး၊ အဂ္ဂသာဝက စသည် တို့ကို ပြောကြားသည်။

"အို-သူတော်ကောင်း၊ အဘယ်ကြောင့်မာနကြီးဘိသနည်း၊ ကြမ်းကြုတ်ဘိသနည်း၊ မသင့်လျော်ပါ" ဟု ဆုံးမတော်မူသည်။

ရသေ့သည် ပစ္စေကဗုဒ္ဓါဆုံးမသော်လည်းရှိမခိုး၊ ဘယ်အခါဘုရားဖြစ်မည်နည်းဟု မမေးမြန်းချေ။

"သင်သည် ဇာတိမာန်ကြောင့် ငါ၏ဂုဏ်ကျေးဇူးကြီး

သည်ကို မသိ၊သင်အကယ်၍ စွမ်းနိုင်လျှင် ငါကဲ့သို့ မိုးကောင်းကင်သို့ သွားပါလော့"

ပစ္စေကဗုဒ္ဓါသည် ထိုသို့မိန့်ကြားပြီးလျှင် ကောင်းကင်သို့ပျံတက်ပြီး မြေမှုန်တို့ကိုရသေ့၏ဆံကျစ်ဝန်းသို့ ကြဲချလျက် မြောက်ဟိမဝန္တာသို့ ကြွချီလေသည်။

ထိုအခါကျမှ ရသေ့သည် ထိတ်လန့်ကြောက်ရွံ့သည်ဖြစ်၍-

"ဤရဟန်းကား ကောင်းကင်သို့ပျံတက်နိုင်၏။ငါကား ဇာတိမာန်ဖြင့် ပစ္စေကဗုဒ္ဓါ၏ ခြေထောက်တို့ကို ရှိမခိုးမိ။ဘယ်အခါ ဘုရားဖြစ်မည်ကိုလည်း မမေးမိ၊အဘယ်သို့ပြုအံ့နည်း။ လောက၌ အကျင့်သီလသည်သာ မြတ်၏။ငါသည် မာနကိုနှိမ်မည်"ဟု ကြံစည်ပြီး ကသိုဏ်းပရိကံကို ပွားသည်။မကြာခင် ဈာန်အဘိညာဉ်ကို ရလေသည်။စကြံန်ဦးကျောက်ဖျာ၌ နေလေသည်။

ထိုအခါ ခိုစသော သတ္တဝါလေးဦးသည် ရသေ့အနီးသို့ ချဉ်းကပ်သွားကြကာ ရသေ့အနီး သင့်ရာအရပ်၌ နေကြသည်။

ထိုအခါ ရသေ့သည် ခို၊မြေခွေး၊မြွေ၊ ဝံတို့ကို အစာမွတ်သိပ်ခံလျက် အဘယ်ကြောင့် ဥပုသ်စောင့်ကြသနည်း ဟု

အသီးသီး မေးသည်။သတ္တဝါလေးဦးတို့ကလည်း မိမိတို့ ဥပုသ် စောင့်ရခြင်း အကြောင်းစုံအသီးသီးကို ပြောပြကြသည်။

ထိုသို့ ပြောကြားပြီးနောက် သတ္တဝါလေးဦးကလည်း ရသေ့ကို "အရှင်ဘုရား၊သစ်သီးရှာသွားချိန်ဖြစ်ပါလျက် အစာရှာမသွားဘဲ အစာရေစာမွတ်သိပ်ဆင်းရဲခံပြီး အဘယ်ကြောင့် ဥပုသ်ဆောက်တည်ပါသနည်း" ဟုမေးကြသည်။

"အချင်းတို့၊ ငါ၏ကျောင်းသို့ ပစ္စေကဗုဒ္ဓါတစ်ပါးကြွလာ၍ မွေးဖွားရာဇာတိအမည်၊အမည်အမျိုးအနွယ်၊အကျင့်တို့ကိုဆုံးမပါ၏။ငါသည် မာနကိုမှီ၍ ရှိမခိုး၊မေးလဲမမေးမိ၊ သို့အတွက် မာနကိုနှိမ်နှင်း၍ ဥပုသ်ဆောက်တည်ပါ၏" ဟု ရသေ့ပြောပြီးလျှင် သတ္တဝါလေးဦးကို တရားဟောသည်။ သတ္တဝါလေးဦးသည် ရသေ့ဆုံးမမှုကို ခံယူပြီး မိမိတို့နေရာသို့ ပြန်၍ ဥပုသ်ဆောက်တည်ကြသည်။

ရသေ့သည် သေသောအခါ ဗြဟ္မာ့ပြည်သို့ ရောက်ရသည်။သတ္တဝါလေးဦးသည်လည်း သေလွန်သောအခါ နတ်ပြည်၌ ဖြစ်ကြရလေသည်။

၄၉၀၊ ပဉ္စုပေါသထဇာတက

♠ ♠ ♠ ♠ ♠ ♠ ♠

## ငွေတစ်ထောင်နှင့်စောင့်သောတစ်ရက်ဥပုသ်၏ ကောင်းကျိုးချမ်းသာ

ကဿပဘုရားရှင်လက်ထက်က ဖြစ်သည်။

ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသောသူဌေးတွင် "မိတ္တဝိန္ဒက"အမည်ရှိသော သားတစ်ယောက်ရှိသည်။

မိဘတို့သည် သောတာပန်ဖြစ်သော်လည်း မိတ္တဝိန္ဒကသည်ကား သီလမရှိ၊ သဒ္ဓါတရားမရှိချေ။

"သား၊ သင်သည် ရခဲလှသော လူ့ဘဝကိုရခိုက် အလှူပေးပါ၊ သီလဆောက်တည်ပါ၊ ဥပုသ်စောင့်ပါ၊ တရားနာပါ" စသည်ဖြင့် မိဘတို့က ပြောဆိုဆုံးမသည်။

"အမေ၊ ဒီဟာတွေ လုပ်သဖြင့် ဘာအကျိုးရှိမည်နည်း၊ ဤအလုပ်များကိုလုပ်ခြင်းဖြင့် ဘာအကျိုးရှိမည်နည်း၊ ဤအလုပ်တွေကို မလုပ်ကိုင်ပါ၊လုပ်ချင်တာသာ လုပ်မည်။အမေဘာတစ်ခွန်းမှ မပြောပါနဲ့" ဟု ပြန်ပြောသည်။

သားက ဤသို့ပြောသော်လည်း မိခင်ဖြစ်သူသည် လက်မလျှော့ဘဲ လပြည့်ဥပုသ်နေ့တစ်နေ့တွင်-

"သား၊ ဒီနေ့သည် အလွန်ထင်ရှားထူးမြတ်သော လပြည့်ဥပုသ်နေ့ဖြစ်သည်။ယနေ့ ဥပုသ်ယူ၍ ကျောင်းသွားပါ။

တစ်ညလုံး တရားနာလာခဲ့ပါ။အမေငွေတစ်ထောင်ပေးမည် ဟု ပြောသည်"

"ကောင်းပါပြီ အမေ"

မိတ္တဝိန္ဒကသည် ငွေကိုလိုချင်သဖြင့် ဥပုသ်ယူရန် ဝန်ခံကာ နံနက်စာစားပြီး ကျောင်းသို့သွားလေသည်။

ကျောင်းသို့ရောက်လျှင် ဥပုသ်သီလယူပြီး တစ်နေကုန် အချိန်ဖြုန်းသည်။ညဉ့်တွင် တရားမနာဘဲ တစ်နေရာ၌ သွား အိပ်နေသည်။နောက်နေ့တွင် စောစောထ၊ မျက်နှာသစ်ပြီး အိမ်ပြန်လာသည်။

"ယနေ့ ငါ့သား တရားနာပြီး တရားဟောမှုကထိက ပင့်လာလိမ့်မည်"

မိခင်သည် ဤသို့နှလုံးသွင်းပြီး ယာဂုစသော စား သောက်ဖွယ်ရာများကို စီစဉ်ပြုလုပ်ပြီးလျှင် သားပြန်အလာကို စောင့်မျှော်နေလေသည်။

မိတ္တဝိန္ဒက တစ်ယောက်တည်းပြန်လာသည်ကို မြင်၍

"သား၊ တရားဟောသံဃာကို ဘာပြုလို့မပင့်လာပါ သလဲ" ဟုမေးသည်။

"ကျွန်တော် တရားဟောမထေရ်ကိုပင့်သဖြင့် ဘာ အကျိုးရှိမည်နည်း၊ မပင့်လိုပါ"

"ကဲ-သား၊ ဒီလိုဆို ယာဂုသောက်ပါ"

"အမေ၊ငွေတစ်ထောင်ပေးမည်ဟု ကတိပြုထားသည် ငွေကိုသာ အလျင်ပေးပါ၊ ငွေရပြီးမှ ယာဂုသောက်ပါမယ်"

" သား၊ ယာဂုအရင်သောက်ပါဦး၊ပြီးတော့ပေးပါ့မယ်"

"ငွေတစ်ထောင်အမေယူပြမှ သောက်ပါမယ်"

ထိုအခါတွင် မိခင်သည် ငွေတစ်ထောင်ကိုယူ၍ပေးသည်။မိတ္တဝိန္ဒကသည် ငွေကိုယူပြီးမှ ယာဂုကိုသောက်သည်။

မိတ္တဝိန္ဒကသည် ထိုငွေတစ်ထောင်ဖြင့် ကုန်သွယ်ရာ မကြာမီပင် ငွေတစ်သိန်းရလေသည်။

"ငါသည် လှေ၊သင်္ဘော ထောင်ပြီး ကုန်အရောင်းအဝယ် လုပ်မည်"

မိတ္တဝိန္ဒကသည် ဤသို့ကြံစည်ပြီး မိခင်ကို ပြောပြသည်။

"သား၊ သားဟာ မေမေတို့ရဲ့တစ်ဦးတည်းသောသားပါ။အမေတို့မှာ ဥစ္စာပစ္စည်းများစွာရှိပါသည်။သမုဒ္ဒရာသည်အန္တရာယ်များလှသည်၊ မသွားပါနှင့်"

"အမေ၊ ကျွန်တော့်ကိုမတားပါနဲ့၊ သွားမည်သာ ဖြစ်ပါသည်"

မိခင်သည် သားကိုမရ-ရအောင်တားမည်ဟူသော

အကြံဖြင့် သားလက်ကိုဆွဲသည်။မိတ္တဝိန္ဒကသည် မိခင်လက်ကိုအတင်းတွန်းဖြေကာ မိခင်ကို တွန်းလှဲပြီး ထွက်သွားလေသည်။

မိတ္တဝိန္ဒကသည် မိခင်ကိုပုတ်ခတ်တွန်းလှဲပြီး သမုဒ္ဒရာသို့ထွက်ခဲ့ရာ ခုနစ်ရက်မြောက်နေ့တွင် မိတ္တဝိန္ဒက အကုသိုလ်ကံကြောင့် သမုဒ္ဒရာအလယ်ဝယ် လှေသည် ကျောက်တိုင်စိုက်သကဲ့သို့ ရပ်တည်နေသည်။

"ဤလှေ၌ သူယုတ်မာပါသည်"

လှေသားတို့သည် စည်းဝေးဆုံးဖြတ်ကြကာ သူယုတ်မာစာရေးတံကို ချကြသည်။မိတ္တဝိန္ဒကသာ သုံးကြိမ်တိုင်တိုင်ကျသည်။

"ဤလူတစ်ယောက်အတွက်နဲ့ အများ မပျက်စီးပါစေနှင့်"

အများကဆုံးဖြတ်ပြီး မိတ္တဝိန္ဒက ကို ဖောင်တစ်ခုပေး၍ သမုဒ္ဒရာပြင်၌ချကြသည်။

မိတ္တဝိန္ဒကိုချပြီးသည်နှင့်တစ်ပြိုင်နက် လှေသည် မျောပါသွားလေရာ ကျွန်းငယ်တစ်ခုသို့ ရောက်သွားသည်။

ထိုကျွန်းငယ်၌ ဗိမာန်ရှင် ပြိတ္တာမလေးယောက်တို့သည် ဝေမာနိကပြိတ္တာများဖြစ်ပြီး ခုနစ်ရက်ခံ၊ ခုနစ်ရက်

စံကြရသည်။

မိတ္တဝိန္ဒသည် ထိုပြိတ္တာမတို့နှင့် (၇)ရက်ပတ်လုံး နတ်စည်းစိမ်ကိုခံစားရသည်။

နောက်တစ်ကျွန်းအရောက်ဝယ် ဝေမာနိကပြိတ္တာမ (၈)ယောက်နှင့် နတ်စည်းစိမ် ခံစားရသည်။

နောက်တစ်ကျွန်းအရောက်တွင် (၁၆)ယောက်၊ နောက်တစ်ကျွန်းအရောက်တွင် (၃၂)ယောက်သောဝေမာနိကပြိတ္တာမတို့နှင့် နတ်စည်းစိမ်ခံစားရသည်။

ဤသို့ မိတ္တဝိန္ဒ နတ်စည်းစိမ်များခံစားရခြင်းသည် တစ်ရက်စောင့်ခဲ့သော ဥပုသ်အကျိုးခံစားရခြင်း ဖြစ်ပါသည်။

မိတ္တဝိန္ဒသည် ထိုမှဆက်လက်ထွက်ခွာခဲ့ရာ မိဘကို စော်ကားသော အကုသိုလ်ကြောင့် ငရဲကို မြို့ထင်ပြီး ဝင်သွားခဲ့သည်။ငရဲသား၏ဦးခေါင်း၌ စွဲလောင်နေသော ငရဲမီးကို ရွှေပန်းထင်ပြီး တောင်းယူပန်ဆင်ရာ ငရဲသင်ခုန်စက်ဖြစ်ကာ ငရဲသို့ ကျရောက်ခံရလေတော့သည်။

မိတ္တဝိန္ဒကဇာတက

♠♠♠♠♠♠♠

# နေ့ဝက်ဥပုသ်သီလ၏
# ကောင်းကျိုးချမ်းသာခံစားရသော
# ဥဒယကုမာရမင်းသား

ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလ ဖြစ်သည်။ ထိုမြို့ဝယ် သုစိပရိဝါရ အမည်ရှိသော သူဌေးသည် ကုဋေရှစ်ဆယ်ကြွယ်ဝသည်။

သူဌေးနှင့်သူဌေးကတော်တို့သည် တစ်လလျှင် (၆) ရက်ဥပုသ်သီတင်းဆောက်တည်ကြလေ့ရှိသည်။ အလုပ်သမားတို့ကိုလည်း မိမိနှင့်အတူပင် ဥပုသ်ဆောက်တည်စေသည်။

ထိုအချိန်ပယ် ဘုရားလောင်းသည် သူဆင်းရဲမျိုးဖြစ်၍ ထိုသူဌေးထံတွင် အခစားအဖြစ်လုပ်၍ အသက်မွေးရသည်။

ဥပုသ်နေ့တစ်နေ့ဝယ် ဘုရားလောင်း အလုပ်သမားဆင်းရဲသားသည် အလုပ်ဆင်းပြီး အလုပ်လုပ်သည်။ အခြားသူများ ဥပုသ်စောင့်သည်ကို နေ့ဝက်ကုန်မှ ဘုရားလောင်းက သိရလေသည်။

သို့အတွက် သူဌေးထံတွင် ခွင့်ပန်ပြီး ကျန်သော

နေ့ဝက်အတွက် ဥပုသ်ဆောက်တည်ခွင့်တောင်းပြီး ဥပုသ်ဆောက်တည်လေသည်။

နံနက်အချိန်က မည်သည့်အစာမျှ မစားခဲ့ရဘဲ ဥပုသ်အချိန်မီစောင့်ရသဖြင့် ညဥ့်အချိန်တွင် ဝမ်း၌ လေရောဂါထလေသည်။

ဥပုသ်သီလပျက်မည်စိုးသဖြင့် အစာကို လုံးဝမစားချေ။ နံနက် အရုဏ်တက်ချိန်၌ ဝေဒနာ ပို၍ပြင်းထန်လာပြီး သတိလစ်သွားသည်။နောက်မကြာခင် သတိရလာပြီး ဝေဒနာပြင်းထန်စွာ ခံစားနေရသည်။

ထိုအချိန်တွင် ဗာရာဏသီမင်းသည် မြို့ကိုလှည့်လည်ကြည့်ရှုသည်။သူဆင်းရဲသား ဘုရားလောင်းသည် မင်းကိုသတိရပြီး မင်းစည်းစိမ်ကို ရော်ရမ်းတပ်မက်သောစိတ်ဖြင့် သေဆုံးသွားရာ နေ့ဝက်စောင့်ရသော ဥပုသ်သီလအကျိုးကြောင့် ဗာရာဏသီမင်း၏ မိဖုရားဝမ်း၍ ပဋိသန္ဓေယူရလေသည်။

ဆယ်လစေ့၍ မွေးဖွားပြီးသောအခါ ဥဒယကုမာရအမည်မှည့်ကြသည်။ အရွယ်ရောက်သောအခါ ဗာရဏသီထီးနန်းကို စိုးစံရသောမင်းအဖြစ် ထင်ရှားကျော်ကြားလာခဲ့သည်။ (ဂင်္ဂမာလဇာတက)

♠ ♠ ♠ ♠ ♠ ♠ ♠

# အသက်စွန့်၍ဥပုသ်ဆောက်တည်သောနဂါးမင်း

ဘုရားအလောင်းတော်သည် နဂါးပြည်၌ သင်္ခပါလအမည်ရှိ နဂါးမင်းဖြစ်ခဲ့သည်။နဂါးပြည်မှာ အနေကြာလာသည်နှင့်အမျှ နဂါးဘဝကို ငြီးငွေ့လာခဲ့ပြီး လူ့ဘဝကိုတောင့်တလာခဲ့လေသည်။

သို့အတွက် နဂါးမင်းသည် လူ့အဖြစ်ကို ဆုတောင်းပြီး လပြည့်နေ့များတွင် လူ့ပြည်သို့လာရောက်ကာ ဥပုသ်ဆောက်တည်၍ နောက်တစ်နေ့တွင် နဂါးပြည်သို့ ပြန်သွားလေ့ရှိသည်။

တစ်နေ့သောဥပုသ်နေ့တွင် သင်္ခပါလနဂါးမင်းသည် လူ့ပြည်သို့လာပြီး တစ်ခုသောတောင်ပို့၌နေကာ အဓိဋ္ဌာန်ပြု၍ သီလဆောက်တည်ခဲ့သည်။

-ယနေ့ငါ၏အသားကို ယူလိုသူယူပါ
-သို့မဟုတ် ငါ၏အရေပြားကို ယူလိုသူယူပါ
-သို့မဟုတ် ငါ၏အရိုးကို ယူလိုသူယူပါ
-သို့မဟုတ် ငါ၏အသားအရေ၊ အရိုးသုံးခုစလုံးကို ယူလိုလျှင်လည်း ယူကြပါစေ။

တစ်နေ့သော ဥပုသ်နေ့အချိန်တွင် နဂါးမင်းက သီလ

ဆောက်တည်သောနေသည်ကို အမဲလိုက်ရာမှ ပြန်လာနေကျ မုဆိုး(၁၆)ယောက်တို့က တွေ့မြင်ခဲ့သည်။ ထိုသူများလက် ထဲတွင် တံကျင်များ၊ လှံများစသော လက်နက်တွေကိုယ်စီ ကိုင်ဆောင်လာခဲ့ကြသည်။အမဲလိုက်ပြန်လာရာတွင် အိမ်ဖို့ ဘာရိက္ခာမျှ မရလာကြ၍ အကြံအိုက်နေကြသည်။မုဆိုးများသည် နဂါးမင်းကိုလည်း မြင်ရော အကြံကုန်ဂဠုန်ဆားချက် သဘောမျိုးဖြင့် နဂါးမင်းအသက်ကို သတ်ပြီးအသားကို သူတို့ဇနီးနှင့် သားသမီးတွေ စားသောက်ရန်အတွက် ယူသွားမည်ဟု တိုင်ပင်ကြပြီးနောက် နဂါးမင်းရှိရာသို့ လာခဲ့ကြသည်။

နဂါးမင်းသည် မုဆိုးများလာရာကို မြင်သော်လည်း အဓိဋ္ဌာန်သီလပျက်မည်စိုး၍ မည်သို့သော တုံ့ပြန်မှုကိုမျှ မပြုချေ။

ထိုအခါ မုဆိုးများသည် သီလဆောက်တည်နေသော နဂါးမင်း၏ ငြိမ်သက်စွာနေမှုကို အခွင့်ကောင်းတစ်ရပ်အဖြစ် မှတ်ယူပြီး ရှေးဦးစွာ နဂါးမင်းကို အားနည်းသွားအောင် လုပ်ရမည်၊ ပြီးတော့မှ ကြိုးများနှင့်တုတ်နှောင်သယ်ယူပြီး သတ်ဖြတ်ရမည်ဟုဆိုကာ ပါလာသောလက်နက်တို့ဖြင့် နဂါးမင်းကို ရိုက်နှက်ကြ၊ ပုတ်ခတ်ကြသည်။

နဂါးမင်းသည် ဥပုသ်သီလကျိုးမှာစိုး၍ ဒေါသမထွက်

သည်းခံသည်။အမှန်မှာ နဂါးမင်းသည် မုဆိုးများကို အလွယ်တကူ သတ်ဖြတ်နိုင်ပါသည်။ နဂါးတို့၏ မျက်စောင်းနှင့် အကြောင်းပြလိုက်မည်ဆိုက မုဆိုးများ မှုန်မှုန်ညက်ညက်ကြေ ရှိသာမက ပြာတောင်ကျသွားနိုင်ပါသည်။

သို့သော် နဂါးမင်းသည် အဓိဋ္ဌာန်ပြုပြီး ဥပုသ်သီလ ဆောက်တည်ထားသူဖြစ်နေ၍ ဒေါသအလိုမလိုက်ခဲ့ချေ။ "ငါ့အသက်သေချင်သေသွားပါစေ၊ စောင့်ထိန်းထားတဲ့ ဥပုသ်သီလကိုတော့ အကျိုးမခံ"ဟု မြဲမြံသောအဓိဋ္ဌာန်ဖြင့် အသက်ကိုရန်ရှာနေကြသော မုဆိုးများကို ဒေါသထွက်ဟန်သော်မျှ မပြဘဲ ပြင်းထန်စွာခံစားနေရသော ဝေဒနာကို ကျေကျေနပ်နပ်ပင် ခံယူသည်။သူ့ဦးခေါင်းကိုသူ ရစ်ပတ်ခွေလိမ်ထားသော အခွေအတွင်းမှာပင်ထားပြီး ငြိမ်သက်စွာနေခဲ့သည်။မုဆိုးများ ကြိုက်သလို လုပ်ချင်သလိုသာလုပ်ကြ ဆိုသော သဘောမျိုးထားသည်။

နဂါးမင်းအသားကိုစားလိုသော အာသာရမ္မက် ပြင်းပြင်းတက်နေကြသည့် ငမိုက်သားမုဆိုးများသည် သနားမညှာတာဘဲ ရက်စက်စွာရိုက်ကြနှက်ကြပြီး နဂါးမင်းအားအင်ကုန်ခန်းအောင် လုပ်ခဲ့ကြသည်။ပြီးလျှင် သူတို့တွင်ပါလာသော ကြိုးများနှင့်တုတ်နှောင်ပြီး ထမ်းသွားခဲ့ကြသည်။ဤသို့ ထမ်း

သွားရာမှာ နဂါးမင်း၏ဦးခေါင်းသည် မြေသို့စိုက်လာသည့် အတွက် နဂါးမင်း၏နှာခေါင်းပေါက်ထဲတွင် ကြိုးထိုးပြီး (နွားနဖားကြိုးထိုးသကဲ့သို့)ဦးခေါင်းကို အပေါ်ဘက်တွင်ထား ပြီး သယ်ဆောင်သွားကြသည်။ဤသို့ သယ်ဆောင်သွားကြ သည့်အတွက် နဂါးမင်းမှာ ပြင်းထန်သော နာကျင်မှုဝေဒနာ ခံစားရလေသည်။

ဤသို့ ဝေဒနာပြင်းထန်စွာ ခံစားရသော်လည်း နဂါး မင်းသည် မုဆိုးများကို ဒေါသထွက်သော ဒ႒မှုအရာမျိုးဖြင့် ကြည့်သော်မှမကြည့်မိချေ။သီလမကျိုးပေါက်တာကိုပင် ဝမ်း မြောက်ဂုဏ်ယူနေမိသည်။

မုဆိုးများသည် နဂါးမင်းကို ယခုကဲ့သို့ ဖမ်းဆီးခေါ် ဆောင်သွားသည်ကို လှည်းငါးရာကိုဦးဆောင်ပြီး ကုန်အ ရောင်းအဝယ်ထွက်လာသော အာဠာရအမည်ရှိသူကြွယ်က လမ်းခရီးတွင် နဂါးမင်း၏ သနားစဖွယ်အခြေအနေကို မြင်လိုက် ရ၍ များစွာစိတ်မကောင်းဖြစ်၍ ခံစားမိသည်။နဂါးမင်းကို များစွာကရုဏာသက်ခဲ့သည်။

မုဆိုးများကို နဂါးမင်းအားယခုလိုသယ်ဆောင်လာ ရသည့် အကြောင်းရင်းကို မေးကြည့်သည်။ရိက္ခာအတွက် သယ်ဆောင်လာခဲ့ကြောင်း မုဆိုးတို့ကပြောသည်။နဂါးမင်း

အပေါ်၌ သနားကရုဏာသက်ဝင်နေသော သူကြွယ်က မုဆိုးများကို လက်ဆောင်အမျိုးမျိုးနှင့် ငွေအသပြာများစွာပေး၍ ဝယ်ယူသည်။မုဆိုးတို့ကလည်း သဘောတူ၍ ရောင်းချသည်။ သူကြွယ်က နဂါးမင်းကို မုဆိုးများထံမှ ဝယ်ယူပြီး လိုရာခရီးသွားရန် စေလွှတ်ပေး၍ နဂါးမင်းမှာ ချမ်းသာရာရခဲ့သည်။

ဥပုသ်သီလ၏အကျိုးသည် အသက်အန္တရာယ်ပေါ်သော်လည်း ဥပုသ်သီလအစွမ်းကြောင့် အသက်ကယ်မည့်သူပေါ်လာ၍ သေဘေးမှလွတ်ခဲ့ရသည်။

♠♠♠♠♠♠♠

# အနာထပိဏ်သား ကာလသတို့သား၏ တစ်နေ့တာဉပုသ်အကျိုး

ကာလသတို့သားသည် သဒ္ဓါတရားနှင့်ပြည့်စုံသော အနာထပိဏသူဌေးကြီး၏ သားငယ်ဖြစ်သည်။

ဖခင်က ကျောင်းဒါယကာဖြစ်သော်လည်း ကာလမှာ ဘုရားရှင်ထံသို့သွားရန် စိတ်မပါချေ။အိမ်သို့ ဘုရားရှင်ကြွလာသော်လည်း ဘုရားရှင်ထံ လာရောက်မဖူးမြော်ချေ။တရားလည်းမနာ၊ သံဃာဝေယျာဝစ္စကိုလည်း မပြုချေ။

"ချစ်သား၊ ဤသို့မပြုလင့်"

ဖခင်သူဌေးကြီးက သားကို ဆုံးမပြောဆိုသော်လည်း ဖခင်၏စကားကို မနာယူချေ။

"ငါ၏သားသည် ဤသို့သဘောရှိသော အယူကိုယူ၍ သေလွန်ခဲ့သော် အဝီစိငရဲသို့သာ ရောက်ရှိပေတော့မည်။ငါသက်ရှိထင်ရှားသိမြင်ပါလျက် ငါ၏သား ငရဲသို့သွားရမည်ဟူသောအမှုသည် မလျောက်ပတ်ချေ။ဤလောက၌ ဥစ္စာပေးသဖြင့် မပျက်စီးသော သတ္တဝါမည်သည် မရှိ။ဥစ္စာဖြင့် ထိုအယူကို ဖျက်အံ့"

သူဌေးကြီးသည် ဤသို့ကြံစည်ပြီးလျှင် သားကိုခေါ်ယူ

တွေ့ဆုံကာ-

"ချစ်သား၊ ဥပုသ်သွားစောင့်ပြီး ဘုရားရှင်ထံ တရားနာယူခဲ့ပါက သင့်ကို ငွေတစ်ထောင်ပေးမည်" ဟုပြောသည်။

"ဖခင် တကယ်ပေးမည်လော"

"ချစ်သား၊ အမှန်ပင်ပေးပါမည်"

ကာလသူဌေးသားသည် သုံးကြိမ်တိုင်တိုင် ဝန်ခံပြီးလျှင် ဥပုသ်စောင့်ရန် ကျောင်းတော်သို့သွားကာ ဥပုသ်စောင့်သည်။တရားနာသောအချိန်ဝယ် လွတ်လပ်သောတစ်နေရာ၌ အိပ်ပြီးလျှင် နံနက်စောစောထ၍ အိမ်သို့ပြန်လေသည်။

"ငါ၏သားသည် ဥပုသ်စောင့်သုံးသူဖြစ်သည်၊ ငါ၏သားအတွက် ယာဂုကို လျင်စွာယူခဲ့ကြပါလော့"

သူဌေးကြီးက အမှုလုပ်တို့ကို ဤသို့ပြောဆို၍ယာဂုကိုယူဆောင်ပေးစေသည်။ကာလသည် အသပြာမရသေးလျှင် မစားအံ့ဟု ကြံ၍ ဆောင်ယူခဲ့သော ယာဂုစသည်တို့ကိုပင် ငြင်းပယ်လေသည်။

သူဌေးကြီးသည် သား၏နှိပ်စက်ပြောဆိုသည်တို့ကို သည်းမခံနိုင်သောကြောင့် အသပြာထုပ်ကိုပေးလေသည်။

ကာလသည် အသပြာထုပ်ကိုလက်ဖြင့်ကိုင်လျက်သာ သုံးဆောင်လေသည်။

နောက်နေ့ မိုးသောက်သောနေ့ဝယ် သူဌေးကြီးသည် မိမိ၏သား ကာလကို-

"ချစ်သား၊ အသပြာတစ်ထောင်ကို အသစ်ပေးပါအံ့၊ မြတ်စွာဘုရားရှေ့တော်မှတည်နေ၍ တရားတစ်ပုဒ်ကို အားထုတ်သင်ယူ၍ ပြန်လာခဲ့ပါ"

ဟု စေလွှတ်သည်။

ကာလသည် ကျောင်းသို့သွားပြီး ဘုရားရှင်ရှေ့တော်မှနေ၍သာလျှင် ပုဒ်တစ်ပုဒ်ကို အားထုတ်သင်ယူ၍မြန်မြန်ပြေးသွားလိုသည်။

ဘုရားရှင်သည် သူဌေးသားအား မမှတ်မိသောအခြင်းအရာကိုပြုသည်။သူဌေးသားသည် ထိုပုဒ်ကိုမမှတ်မိသောကြောင့် အထက်ဖြစ်သောပုဒ်ကို သင်ယူအံ့ ဟု လျှောက်၍ နာကြားသည်။

သင်ယူအံ့ ဟုကြားနာသည်ရှိသော် ရိုသေစွာကြားနာသည်မည်ပေသည်။ထိုသို့ ကြားနာကုန်သော သူတို့အားလည်း တရားတော်သည် သောတာပတ္တိမဂ် စသည်တို့ကို ပေးလေသည်။

သူဌေးသား ကာလသည်လည်း သင်ယူဦးအံ့ ဟု နှလုံးသွင်း၍ တရားတော်ကိုနာသည်။

ဘုရားရှင်ကလည်း မမှတ်မိသောအခြင်းအရာကို ပြုတော်မူသည်။သူဌေးသားကာလလည်း-

"အခြားတစ်ပုဒ် သင်ယူပါဦးမည်"ဟု လျှောက်ထားသည်။

ဘုရားရှင်က တရားတော်ကိုဟောရာ တရားနာလျက်ပင် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ကာလသည် နံနက်မိုးသောက်သော် ဘုရားအမှူးရှိသောသံဃာတော်များနှင့်အတူသာလျှင် သာဝတ္ထိပြည်သို့ ဝင်လေသည်။

သူဌေးကြီးသည် ဘုရားရှင်နှင့်အတူပြန်လာသောကာလ အခြင်းအရာကိုမြင်၍-

"ယနေ့ ငါ့သား၏အခြင်းအရာသည် နှစ်သက်ဖွယ်ရှိ၏" ဟု ကြံစည်မိသည်။

"ငါ၏ဖခင်သည် ဘုရားရှင်ရှေ့၌ရှိသော ငါ့ကိုအသပြာမပေးလျှင်ကောင်းမည်။ဤကဲ့သို့ မပေးလျှင် အသပြာဟူသောအကြောင်းကြောင့် ငါဥပုသ်စောင့်သောအဖြစ်ကို သူတစ်ပါးမသိအောင် ဖုံးလွှမ်းထားရမူ ကောင်းလေစွ"

ကာလသည် ဖခင်ကိုမြင်သောအခါ ဤသို့ကြံစည်မိလေသည်။

ဘုရားရှင်သည် ကာလသတို့သား အသပြာဟူသော အကြောင်းကြောင့် မနေ့က ဥပုသ်စောင့်သည်ကို သိတော်မူသည်။

သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များကို ယာဂုပေးလှူ၍ သားကိုလည်းပေးသည်။

ကာလသည် ဆိတ်ဆိတ်နေလျက် ယာဂုကိုသောက်သည်။ထမင်းစားချိန်လည်း ဆိတ်ဆိတ်သာလျှင်စားသည်။ ဘုရားရှင်ဆွမ်းကိစ္စပြီးသောအခါ သူဌေးကြီးသည် ကာလရှေ့မှာ အသပြာထုပ်ကို ထားစေပြီး-

"ချစ်သား၊ သင့်ကိုငါသည် အသပြာတစ်ထောင်ပေးမည်ပြောပြီး ဥပုသ်ဆောက်တည်စေ၍ ကျောင်းသို့စေလွှတ်ခဲ့သည်။ဤဥစ္စာထုပ်သည် သင့်အားပေး၍ဖြစ်သော အသပြာထုပ်ဖြစ်ပါသည်"

ဟု ပြောလေသည်။

ကာလသည် ဘုရားရှင်ရှေ့တွင် အသပြာထုပ်ပေးခံရ၍ ရှက်စနိုးဖြစ်ကာ -

"ဖခင်၊ ကျွန်ုပ်သည် အသပြာထုပ်တို့ဖြင့် အလိုမရှိပါ"

ဟု ပြော၍ ငြင်းပယ်လေသည်။

"ချစ်သား၊ ယူသာယူပါလေ"

ကာလက မယူပေ၊ သူဌေးကြီးသည် ဘုရားရှင်ကို ရှိခိုး၍-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ယနေ့ တပည့် တော်သား ကာလ၏အမူအရာသည် နှစ်သက်ဖွယ်ရာ ရှိလှ ပါသည်" ဟုလျှောက်သည်။

"သူဌေးကြီး၊ အကြောင်းမည်သို့ ရှိပါသနည်း"

"တပည့်တော်သည် ဤသားကို ရှေးယခင်နေ့များက အသပြာတစ်ထောင် သင့်ကိုပေးအံ့ ဟု ပြောဆိုပြီး ကျောင်း သို့စေလွှတ်ပါသည်။နောက်နေ့ပြန်လာပြီး ယာဂုကျွေးသော် အသပြာတစ်ထောင်မရ၍ အစာအာဟာရကို မစားပါ။ယနေ့ မှာမူကား အသပြာကို ပေးသော်လည်း မယူပါဘုရား" ဟု လျှောက်သည်။

"သူဌေးကြီး၊ ဟုတ်ပေ၏။ ယနေ့ အသင်၏သားသည် စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာထက်သော်လည်းကောင်း၊ ကဲလွန်ထူးမြတ်သော သောတပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ ပြီ"

သောတာပန်ပုဂ္ဂိုလ်သည်ကား အပါယ်တံခါးပိတ်၍ အားအနည်းဆုံးပုဂ္ဂိုလ်သည်ပင် ရှစ်ခုမြောက်ဘဝသို့ မရောက် တော့ချေ။ သို့အတွက် သောတာပတ္တိဖိုလ်သည်သာလျှင်

မြင့်မြတ်လှပေသည်။

ဓမ္မပဒကာလဝတ္ထု

* * * * * * * * * *